မောင်သိန်းလွင်

# ကမ္ဘာကျော်ကြားပုဂ္ဂိုလ်များ၏
## မကျော်ကြားသောဖြစ်ရပ်များ



ဒေးလ်ကာနက်ဂျီ

Author - Dale Carnegie

Translator - Sayar Mg Thein Lwin

Encoded by Mg Wai Htet

မူလစာအုပ်ကို ၁၉၄၇ ခုနှစ် ၊ မှာစတင်ပုံနှိပ်ထုတ်ဝေခဲ့တဲ့အတွက် မူရင်းစာအုပ်ဟာ အာဇာနည်နေ့နဲ့ သက်တမ်းအတူတူလောက် ဖြစ်ပါတယ်။ ဒါကြောင့်စာအုပ်ထဲမှာ ပါတဲ့အကြောင်းအရာတွေဟာ အချိန်ကာလနဲ့ပတ်သက်ပြီးရေးသားထားတာတွေဟာ လွဲချော်မှုတွေရှိနေပါတယ်။ ဥပမာ - စာအုပ်ထဲမှာ မကြာသေးခင်ကလို့ဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ကျော် ၇၀ ခန့်ကဆိုတာ သတိပြုရမယ်ဆိုတာပါပဲ။ ဆရာမောင်သိန်းလွင်ကတော့ ၁၉၉၉ ခုနှစ်မှာ ဘာသာပြန်ဆို ထုတ်ဝေခဲ့ပါတယ်။ ကျွန်တော်ကတော့ ၂၀၀၆ ခုနှစ်မှ စတင်ဖတ်ရှုခဲ့ရတာပါ။

ဆရာ မောင်သိန်းလွင် က မူလစာရေးသူရဲ့ ရေးဟန်ကိုမပျက်ယွင်းစေဘဲဘာသာပြန်ဆိုခဲ့ပေမယ့်။ ကျွန်တော် စာပြန်စီတဲ့အခါမှာတော့ ဒေးကာနက်ဂျီ ရဲ့ စကားပြောဟန် အရေးတွေကို စကားပြေ ပုံစံ အနည်းငယ်ပြန်လည်

ပြုပြင်ထားပါတယ်။ ဆရာမောင်သိန်းလွင်ရဲ့စာအုပ်မှာတော့ အင်္ဂလိပ် - မြန်မာ နှစ်ဘာသာနဲ့ ဖတ်ရှုနိုင်တဲ့အတွက် အင်္ဂလိပ်စာလေ့လာနေသူတွေအတွက် အထူးသင့်လျော်ပြီး Dictionary ကိုင်စရာမလိုလောက်အောင် အဆင်ပြေစေပါတယ်။ ကျွန်တော့်ရဲ့ pdf ကလေးဟာ လိုအပ်များစွာရှိနေပါတယ်။ ဒီစာအုပ်ကိုလွန်ခဲ့တဲ့ ၁၀ နှစ် ကျော်လောက်ကဖတ်ခဲ့ရပြီး သုတ၊ ရသ နှစ်မျိုးစလုံး ရရှိစေတဲ့ စာအုပ်ဖြစ်တဲ့အတွက် အထူးပဲ နှစ်သက်ခဲ့မိပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းမှာကံဆိုးစွာပဲ စာအုပ်ဟာ ရေစိုပျက်စီးခဲ့ရပါတယ်။

လက်ကိုင်စမတ်ဖုန်း များနဲ့ မိုဘိုင်းအင်တာနက် တွင်ကျယ်လာတဲ့ ခေတ်မှာ ဆရာရဲ့ စာအုပ်ကို အင်တာနက်မှာ လိုက်ရှာခဲ့ပေမယ့် ဘယ်လိုမှရှာမတွေ့ခဲ့ပါဘူး။ ဘယ်လိုမှ ရှာမတွေ့တဲ့အဆုံး ယခု ၂၀၁၇ ခုနှစ်ရောက်မှ Yangon Book Plaza မှာသွားရောက်ဝယ်ယူဖြစ်ခဲ့ပါတယ်။

ကျွန်တော်လိုပဲဒီစာအုပ်ကိုလိုက်ရှာနေတဲ့သူတွေများရှိလေမလားဆိုတဲ့ အတွေးကြောင့်ဒီ pdf လေးကိုပြုလုပ်ခဲ့မိတာပါ။ အထက်မှာ ပြောခဲ့သလိုပဲ ယခု pdf လေးဟာ လိုအပ်ချက်ပေါင်းများစွာရှိနေတယ်ဆိုတာ။ မူရင်းစာအုပ်ကို ဖတ်ဖူးသူတွေက

သိကြမှာပါ။ နောက်ပြီး ကျွန်တော့်ရဲ့ pdf လေးမှာ article အားလုံးကို ထည့်သွင်းဖော်ပြခြင်း မရှိပါဘူး။ တကယ်လို့ဒီ pdf လေးကို ဖတ်ရှုပြီးနှစ်သက်တယ် ဒီထက်ပိုမို ပြည့်ပြည့်စုံစုံ ဖတ်ရှုလိုတယ် ဆိုရင်တော့ ဆရာမောင်သိန်းလွင် ရဲ့ "ကမ္ဘာကျော်ကြားပုဂ္ဂိုလ်များ ၏ မကျော်ကြားသောဖြစ်ရပ်များ" စာအုပ်ကို ရှာဖွေဖတ်ရှုကြဖို့ အကြံပြု တိုက်တွန်း လိုက်ပါရစေ..

လေးစားစွာဖြင့်

Mg Wai Htet

# မာတိကာ


| | |
|---|---|
| 1. အိမ်ရှေ့မင်းသား ရှဒ္ဒေါဖ် | 1 |
| 2. နပိုလီယံ | 13 |
| 3. ကလီယိုပက်ထရာ | 25 |
| 4. ကေရီဘုရင်မ ကက်သရင်း | 44 |
| 5. သမ္မတကြီးလင်ကွန်း ရဲ့ ချစ်ဒုက္ခ | 57 |
| 6. သမ္မတကြီးလင်ကွန်း အလောင်းခိုးမှု | 69 |
| 7. ဇာဘုရင်၏နောက်ဆုံးနေ့များ | 82 |
| 8. လီနင် | 94 |
| 9. မဟာတ္တမဂန္ဓီ | 105 |
| 10. အက်ဒီဆင် | 116 |
| 11. အိုင်းစတိုင်း | 129 |
| 12. မာကိုနီ | 137 |
| 13. ရိုက်ညီနောင် | 148 |
| 14. ကိုလမ်ဘတ်စ် | 159 |
| 15. အပ်ပတန်ဆင်ကလဲယား | 168 |
| 16. ဝေါဒစ္စ | 179 |
| 17. တေးဂီတပါရမီရှင်များ | 184 |
| 18. ဂန္ထဝင်စာပေများ | 191 |

# အိမ်ရှေ့မင်းသားရဲ့တိတ်တခိုးအချစ်



၁၈၈၉၊ခုနှစ်၊ဇန်နဝါရီလ…မြူတွေဆိုင်းပြီးမှိုင်းဝေနေတဲ့ ချမ်းအေးလှတဲ့တစ်နံနက်။နေမင်းကြီးထွက်ပေါ် လုလုအရုဏ် တက်လင်းအားကြီးအချိန်။

တန်ခိုးအင်အားကြီးမားလှတဲ့ဩစထရိုဟန်ဂေရီယံ
အင်ပါယာနိုင်ငံကြီးရဲ့အိမ်ရှေ့မင်းသားရူဒေါ့ဖ်ရဲ့အမဲလိုက်စခ
န်းကစံအိမ်တော်။




ထွက်ပေါ် လားတာကပစ်စတိုသေနတ်သံ၃ချက်၊ကျ
ယ်ကျယ်လောင်လောင်မြည်ဟီးပြီးတော့ပေါ့။

ရူဒေါ့ဖ်ရဲ့စံအိမ်ထဲမှာတစ်ညလုံးအတူရှိနေကြတဲ့မိ
တ်ဆွေရောင်းရင်းတွေက၊ရူဒေါ့ဖ်ရဲ့အိပ်ခန်းကို
အပြေးလေးရောက်လာခဲ့ကြတယ်။စိတ်လှုပ်ရှားစွာနဲ့တံခါးကို

တအားခေါက်ကြတယ်။ဒါပေမယ့်...အထဲကဘာတစ်ခုမှမတုန့်ပြန်...။ဒီတော့တံခါးကိုအတင်းကန်ကြောက်တွန်းဖွင့်ပြီးအတွင်းသို့ကမန်းကတန်းဝင်ခဲ့ကြတယ်။

အထဲကဆီးကြိုလိုက်တဲ့မြင်ကွင်းကြောင့်သူတို့တစ်တွေအထိတ်တလန့်တအံ့တသြနဲ့အသက်ရှူရပ်မတတ်ဖြစ်ခဲ့ရပါတယ်။တစ်ခန်းလုံးကပရမ်းပတာကစဥ့်ကလျားဖရိုဖရဲ...။ကုလားထိုင်တွေကပြိုလဲကျနေတယ်။ရှန်ပိန်အရက်ပုလင်းလွတ်တွေကလဲကြမ်းပြင်ပေါ်မှာပျံ့ကြဲ..လို့။

အိပ်ရာပေါ်ကခေါင်းအုံးတွေမှာတော့ရဲရဲနီတဲ့သွေးတွေကစွန်းလို့...၊နံရံတွေမှာလဲသွေးတွေကစင်ပြီးပေကျံနေတယ်လေ။

အိမ်ရှေ့မင်းသားရုဒေါ့ဖ်ကဂျတ်စုံအပြည့်နဲ့...၊အမဲလိုက်(ရာမှာစီးတဲ့)ဖိနပ်ကိုတောင်စီးထားသေး...၊သူ့ရဲ့ခန္ဓာကိုယ်ကြီးကအိပ်ရာပေါ်မှာကန့်လန့်ဖြတ်လဲကျနေပါတယ်၊သူ့ရဲ့ဦးခေါင်းအထက်ပိုင်းကပွင့်ထွက်နေတယ်။

သူ့ရဲ့နံဘေးမှာကတော့သူ(သိပ်)ချစ်ရတဲ့(ချစ်သူ)အမျိုးသမီးရဲ့ရုပ်အလောင်း၊မိမွေးတိုင်းဖမွေးတိုင်းအတိုင်း(ဂျတ်လစ်စလစ်နဲ့)ပေါ့။သူမရဲ့နားထင်ကိုသေနတ်နဲ့ပစ်ပြီးသတ်

ထားခဲ့တာလေ။သန့်စွမ်းလှပတဲ့ဆံကေသာတွေကဒဏ်ရာေလးကိုဖုံးလို့…။ရုဒ္ဒေါ့ဖ်(မသေခင်က)မြတ်မြတ်နိုးနိုးယုယုယယနဲ့ချော့မြူပွတ်သပ်ပြီးအနမ်းပန်းတွေပေခဲ့တဲ့ဆံကေသာေလးတွေပေါ့။

သူမရဲ့(ခန္ဓာကိုယ်)အလှကလဲပြစ်မျိုးမှည့်မထင်ပါပဲ။ခေါ်မ(ဂရိ)နတ်သမီးလေးတစ်ပါးလိုအလှသွေးကြွယ်လို့…၊အသက်ရှင်နေစဉ်တုန်းကလိုပဲသေဆုံးနေတဲ့အချိန်မှာလဲလှပပြီးချစ်စရာကောင်းနေတုန်းပါပဲ။

ဒီကြေကွဲဖွယ်ဇာတ်လမ်းကလေးဖြစ်ပျက်ခဲ့တာဟာလွန်ခဲ့တဲ့ရာစုနှစ်တစ်ဂက်ကျော်ကျော်ကပါ။ဒါပေမယ့်အဲ့ဒီလူသတ်မှု(သို့မဟုတ်)ကိုယ့်ကိုယ်ကိုသတ်သေမှုအဖြစ်ဆိုးလေးဟာယခုခေတ်အချိန်ထိလဲထိခိုက်သက်ရောက်မှုတွေရှိနေဆဲပါ။

ကမ္ဘာ့သမိုင်းကြောင်းကိုတောင်(ပြောင်းလဲစေနိုင်တဲ့)အလွန်လေးနက်နက်ရှိုင်းတဲ့အကျိုးဆက်တွေရှိခဲ့ပါတယ်။

ရှင်းပြရမယ်ဆိုရင်တော့ရှင်းလင်းချက်ကရိုးရိုးလေးပါ။

ပြည်သူတွေရဲ့အကျိုးကိုလိုလားတဲ့အိမ်ရှေ့မင်းသား ရုဒေါ့ဖ်သာမသေဘဲ၊ဆက်လက်ပြီးအသက်ရှင်နေဦးမယ်ဆိုရင်…။

သူ့ရဲ့ဩစတြီးယားတပ်မတော်အင်အားစုတွေကိုသူအထင်သေးမုန်းတီးတဲ့ဂျာမနီဘုရင်ကိုင်ဇာရဲ့တပ်တွေနဲ့မဟာမိတ်ဖွဲ့ဖို့ပေါင်းစည်းဖို့ကို၊(၁၉၁၄ခုနှစ်က)ငြင်းဆန်နေခဲ့မှာပါပဲ။

လုံးဝကျိန်းသေဖြစ်နိုင်တဲ့အချက်ကသူချစ်ခင်လိုလားတဲ့အင်္ဂလန်နိုင်ငံကိုစစ်ပြုတိုက်ခိုက်ဖို့လဲသူငြင်းဆန်ခဲ့မှာပါပဲ။

ဒီလိုဆိုရင်(သူသာမသေခဲ့ရင်)ပထမကမ္ဘာစစ်ကြီးဆိုတာလဲပေါ်ပေါက်လာခဲ့မှာမဟုတ်သလို၊အဲ့ဒီရဲ့အကျိုးဆက်ဖြစ်တဲ့ဒုတိယကမ္ဘာစစ်ဆိုတာလဲပေါ်ပေါက်လာမှာမဟုတ်ပါဘူး။

ရုဒေါ့ဖ်ဟာသူ့ချစ်သူကိုပစ်သတ်ပြီးနောက်မှသူ့ကိုယ်သူသတ်သေတာလား?၊သို့တည်းမဟုတ်…အခြားတစ်ေ

ယာက်ယောက်ကပဲသူတို့(၂)ဦးကိုသတ်သွားတာလား...?ဆို တာတော့၊ဘယ်သူမှ(မသိနိုင်)မသိကြပါဘူး။

ဒီလို့ပုက်တဲ့ကြေကွဲဖွယ်အချစ်ဇာတ်လမ်းကိုသိချင် စိတ်ပြင်းပြလွန်းလို့လူ(၂၇)လောက်ကစာအုပ်တွေရေးခဲ့ကြပါ တယ်။ဂျာမနီ၊အင်္ဂလိပ်၊အီတလီစတဲ့ဘာသာအမျိုးမျိုးနဲ့ပေါ့။ဒါ ပေမယ့်ကံဆိုးမိုးမှောင်ကျခဲ့တဲ့ဒီကြေကွဲဖွယ်အချစ်ဇာတ်လမ်း ရဲ့ပြဿနာကိုတော့ဘယ်သူမှမဖြေရှင်းနိုင်မဖော်ပြနိုင်ခဲ့ကြပါ ဘူး။

အဲဒီပစ်ခတ်မှု(သတ်ဖြတ်မှု)ဖြစ်တဲ့အချိန်တုန်းကအာ မဲလိုက်စံအိမ်တော်မှာသူငယ်ချင်း(၂)ယောက်ပဲရှိပါတယ်။မင်း သားဖိလစ်နဲ့မြို့စားကြီးဟွိုက်ရို့စ်တို့ပေါ့။သူတို့(၂)ယောက် လုံးကတော့ကိုယ့်ကိုယ်ကိုသတ်သေတယ်လို့ထင်မြင်ယူဆ ကပါတယ်။ဗီယင်နာမှာရှိတဲ့လူတိုင်းလိုလိုသိထားကြသလို၊သူ တို့လည်းသိထားကြတယ်လေ။အိမ်ရှေ့မင်းသားဟာ(သူ့ရဲ့ စိတ်ဆန္ဒမပါဘဲမချစ်ဘဲ)စိတ်မချမ်းမြေ့စွာနဲ့အိမ်ထောင်ပြုခဲ့ရ တယ်ဆိုတဲ့အကြောင်းပေါ့။

လွန်ခဲ့တဲ့(၈)နှစ်လောက်ကသူ(ရုဒေါ့ဖ်)လက်ထပ်ခဲ့ပ ါတယ်။ဘယ်လ်ဂျီယံဘုရင်ရဲ့သမီးတော်ရွှေဂါရောင်ဆံပင်အ လှနဲ့မင်းသမီးစတက်ဖနီကိုလေ။သူကသူမကိုမချစ်သလို၊သူမ

ကလည်းသူ့ကိုမချစ်ပါဘူး။နိုင်ငံရေးရာကိစတွေကြောင့်သူတို့နှစ်ဦးကိုဇွတ်အတင်းလက်ထပ်ထိမ်းမြားပေးခဲ့တာပါ။တစ်ဦးနဲ့တစ်ဦးခပ်စိမ်းစိမ်းပါပဲ။သူမကလည်းကြင်ယာတော်မင်းသားဆီအခစားဂင်ရောက်ခဲ့တယ်။သွားခဲ့တယ်။ဒါပေမယ့်အခြားမိန်းကလေးတွေကိုမင်းသားကအရေးပေးရင်တော့အလွန်အမင်းမနာလိုဂန်တိုဖြစ်တတ်လေရဲ့။



ရုဒွေါဖ်ဟာနေရာအနှံ့ခရီးဆန့်ဖူးတယ်(ဒေသန္တရဗဟုသုတကြွယ်ဂတယ်)ဘာသာစကား(၁ဂ)မျိုးကိုပြောဆိုနိုင်တယ်။စာအုပ်စာတမ်းတွေရေးသားပြုစုခဲ့တယ်။အလွန်ကျော်ကြားလူသိများတယ်။စာအုပ်စာတမ်းတွေရေးသားပြုစုခဲ့တယ်။အလွန်ကျော်ကြားလူသိများတယ်။ဗီယင်နာတစ်မြို့လုံးကချစ်ခင်ခြင်းခံရသူ...၊နိုင်ငံတော်တစ်ဂှမ်းလုံးကအမြတ်တနိုးနဲ့အရေးထားပြီးလေးစားခံရတဲ့သူ. . .။

(ရုဒေါ့ဖ်)အိမ်ရှေ့မင်းသားမသေမီတစ်နှစ်၊၁၈၈၈ခုနှစ်မှာပေါ့။မှူးမျိုးမတ်နွယ်ထဲကမာရီဗက်ဆာရာဆိုတဲ့အမျိုးသမီးနဲ့ဆုံဆည်းခဲ့ကြတယ်။စွဲမက်စဖွယ်..ရွှင်ပျဖျတ်လတ်ပြီး…ညို့ယူဖမ်းစားနိုင်တဲ့မိန်းမပျိုတစ်ယောက်ပါ။သူမရဲ့အသက်က(၁၉)နှစ်…၊အိမ်ရှေ့မင်းသားရဲ့အသက်က(၂၉)နှစ်…၊သူတို့နှစ်ဦးချစ်ရည်တူနှစ်ကိုယ်မျှခဲ့ကြတယ်လေ။မခွဲနိုင်မခွာရက်အောင်စွဲလမ်းမြတ်နိုးခဲ့ကြတယ်။ချစ်ပီတိတွေဖြာပြီးအချစ်အရှိန်ကြီးခဲ့ကြပါတယ်။



သူတို့ရဲ့အချစ်ဇာတ်လမ်းကတော်တော့်ကိုအထင်ကရဖြစ်လာတယ်။အမနာပပြောနာတွေကိုလျစ်လျူရှုခံနိုင်ရ

ည်ရှိကြတဲ့လူကုံထံ(မင်းစိုးရာဇာ)အသိုင်းအဝိုင်းမှာတောင်အံ့
အားသင့်စရာတွေဖြစ်ခဲ့ရတယ်။

ဒဲ့ဒီသတင်းတွေကသဘောထားတင်းမာပြီးစည်းက
မ်းကြီးလှတဲ့ခမည်းတော်ဘုရင်မင်းမြတ်ဖရင့်ဂျိုးဇက်ဆီရော
က်ရှိသွားခဲ့တယ်။ပထမတော့ဘုရင်ကြီးကမသိကျိုးကျွန်ပြုခဲ့ပ
ါသေးတယ်။သူကိုယ်တိုင်ကလဲခြောက်ပစ်ကင်းသဲလဲစင်၊အစွ
န်းအထင်းမရှိသူမှမဟုတ်ပေဘဲ...ကိုး။

ဒါပေမယ့်ဒီမလျော်ကန်တဲ့အကြောင်းကိုဖွတ်ရှေ့ဆ
က်ကြတဲ့အခါမှာတော့လူအများရဲ့ပါးစပ်ဖျားမှာပြောစရာဖြစ်
လာခဲ့ကြတယ်။ဗီယင်နာမှာရောဘူဒါပက်စ်မှာပါအတင်းအဖျင်
းတွေပြောလာကြတယ်။

ဒါကြောင့်ဘုရင်မင်းမြတ်ကသားတော်မောင်အိမ်ရှေ့
စံရူဒေါ့ဖ်ကိုရွှေနန်းတော်သို့ဆင့်ခေါ်ပြီးပြောတယ်။ဒီအရမ်းက
ာရောဖြစ်နေတဲ့တရားမဝင်တဲ့အချစ်ကိုရပ်တန်းကရပ်ဖို့ပေါ့...
။ဒါပေမယ့်ရူဒေါ့ဖ်ကခမည်းတော်ကိုအံ့တုတယ်။ဘယ်တော့မှ
မာရီကိုမစွန့်လွှတ်ဘူးပေါ့။

ဒီမှာဘုရင်ကြီးဖရန့်ဂျိုးဇက်ဒေါသူပုန်ထပြီး၊စားပွဲကို
လက်သီးနဲ့ထုတယ်...၊ဟိန်းဟောက်ခြိမ်းခြောက်တယ်...၊ဒါင

ပမယ့်ဘာမှအကျိုးထူးမလာပါဘူး။ရုဒော့ဖ်အတွက်မာရီဟာဂု ဏ်ကျက်သရေတွေ၊စည်းစိမ်ချမ်းသာတွေ၊ရွှန်းလက်တောက် ပတဲ့ရွှေသရဖူတွေ(ဘုရင်ဖြစ်ဖို့တွေ)ထက်ပိုပြီးအရေးကြီးနေပါ တယ်။

အမှန်တကယ်ပြောရရင်သူကထီးနန်းစည်းစိမ်ကိုစွန့်မယ်...၊လက်ရှိကြင်ရာတော်မင်းသမီးကိုကွာရှင်းမယ်...။ပြီးေတာ့မာရီကို(တရားဝင်)လက်ထပ်ပြီးယူချင်တယ်။ဒါပေမယ့်ခ မည်းတော်ဘုရင်မင်းမြတ်ကအကြီးအကျယ်ရာဇမာန်ရှ၊ဒေါသူ ပုန်ထပြီးပြစ်တင်ရှုံ့ချတယ်။

ဒါကြောင့်ရုဒော့ဖ်နဲ့မာရီတို့ဟာတိတ်တခိုးလေးပဲေတွ့ဆုံချစ်ကြိုးသွယ်ကြရပါတယ်။မကြာမကြာပေါ့။အဲ...နောက်ပိုင်းမှာတော့သူ့ရဲ့အမဲလိုက်စံအိမ်တော်မှာပဲပေါ့။

ဗီယင်နာကနေမိုင်(၃၀)လောက်ဝေးပြီး၊စပ်စုတတ် တဲ့မျက်လုံးတွေ၊ပစိပစပ်ဗရပွပြောတတ်တဲ့ပါးစပ်တွေနဲ့ကင်းေဝးရာ၊ထင်းရှူးပင်ကြားကအမဲလိုက်စံအိမ်မှာလေ. . .။

အဲဒီသေမယ့်အပါတ်၊ဇန်နဝါရီလထဲမှာသူတို့နှစ်ေယာက်သွားရောက်ခဲ့ကြပါတယ်။တိတ်တခိုးအချစ်နဲ့ချစ်ရည် လူးပြီးပျော်မြူးရွှင်ကြည်ကြရအောင်လေ. . .။

ရုတ်တရက်သေနတ်သံ(၃)ချက်မြည်ဟီးထွက်ပေါ်ခဲ့တယ်...။ကမ္ဘာ့သမိုင်းလမ်းကြောင်းကြီးလည်းပြောင်းလဲခဲ့ရပါတယ်။

အဲ့ဒီနေ့မနက်ခြောက်နာရီခွဲမှာ၊ရုဒေါ့ဖ်ရဲ့ကျွန်ယုံလက်ပါးစေကရုဒေါ့ဖ်ကိုအိပ်ရာကနှိုးတယ်၊အမဲလိုက်ထွက်ဖို့ပေါ့...။ဒါပေမယ့်ရာသီဥတုကအလွန်အမင်းအေးလွန်းနေကြောင်း...မြူတွေဆိုင်းပြီးမှိုင်းဝေနေကြောင်း...၊သူ့ရဲ့လက်ပါးစေကလျှောက်ထားတယ်။ဒါကြောင့်ရုဒေါ့ဖ်ကအဲ့ဒီနေ့မှာအမဲလိုက်ထွက်ဖို့ကိုလက်လျှော့လိုက်တယ်။ရထားကိုပြင်ဖို့စီစဉ်ဖို့အမိန့်ချတယ်။ရုဒေါ့ဖ်ကဗီယင်နာကိုပြန်မယ်လို့မိန့်တော်မူတယ်။

ရုဒေါ့ဖ်ကိုအသက်ရှင်ရက်နောက်ဆုံးတွေ့လိုက်ရတဲ့သူဟာသူ့ရဲ့အဲဒီလက်ပါးစေပဲဖြစ်ပါတယ်။အဲဒီမနက်ခင်းကမင်းသားဟာစိတ်ချမ်းသာပြီးပြုံးပြုံးရွှင်ရွှင်ပဲလို့သူကဆိုတယ်။သူကတော့အိမ်ရှေ့မင်းသားရုဒေါ့ဖ်နဲ့သူ့ချစ်သူမာရီတို့ဟာလုပ်ကြံခံရတာပါ...လို့အသေအချာပြောတယ်။

ဘာရည်ရွယ်ချက်ဘာအကြောင်းကြောင့်ရုတ်တရက်ကြီးရုဒေါ့ဖ်ကကိုယ့်ကိုယ်ကိုသတ်သေရတာလဲ...၊အံ့ဖွယ်သရဲထူးကဲလှတဲ့စည်းစိမ်ချမ်းသာ...၊အလွန်အမင်းကြီးမားလှ

တဲ့ကျော်ကြားထင်ရှားမှု…၊ငယ်ရွယ်နုပျိုမှု…၊ချစ်ခြင်း၊ကျော်ဇောမှု…၊ဟက်ပ်စဘတ်(မင်းဆက်)ဘုရင်အဖြစ်တက်ရတော့မယ့်ရာဇပလင်…။

ခမည်းတော်ဘုရင်ကြီးအနေနဲ့ဒီမီးကိုငြိမ်းစေချင်တယ်။နန်းတွင်းသမားတော်ကြီးကိုဆင့်ခေါ်တယ်။ရုဒေါ့ဖ်ဟာဝက်ရူးပြန်ရောဂါနဲ့သေဆုံးတာဖြစ်ကြောင်းအတည်ပြုလက်မှတ်ရေးထိုးပေးဖို့အမိန့်တော်ချတယ်။ဒါပေမယ့်သမားတော်ကြီးက(ပြောင်ပြောင်တင်းတင်း)ပြောင်ပဲလက်မှတ်မထိုးနိုင်ကြောင်းငြင်းဆန်တယ်။

ရုဒေါ့ဖ်ကိုမင်းခမ်းမင်းနားနဲ့ခမ်းနားထည်ဝါစွာသဂြိုလ်ပါတယ်။ဩစတီးယားနိုင်ငံကြီးကိုနှစ်ပေါင်း(၆၀၀)ကျော်အုပ်စိုးခဲ့တဲ့၊ဟက်ပ်စဘတ်မင်းမျိုးမင်းနွယ်တွေရဲ့ကြားမှာပေ့ါ။

ဒါပေမယ့်သူ့ချစ်သူရဲ့ရုပ်အလောင်းကိုကိုတော့အဝတ်ထည့်တဲ့ခြင်းတောင်းကြီးထဲမှာစွန့်ပစ်ထားခဲ့ပါတယ်။အမဲလိုက်စံအိမ်မှာရှိတဲ့ပန်းကန်ခွက်ယောက်တွေထားတဲ့အခန်းထဲမှာပေ့ါ။ရက်ပေါင်းများစွာကြာအောင်ဘယ်သူကမှဂရုမစိုက်အလေးမထား…နဲ့ပေ့ါ။

နောက်ဆုံးကျတော့မှသူမကိုသင်္ဂြိုလ်ကြပါတယ်။အခု ကာလညအချိန်...နက်ရှိုင်းလှတဲ့ထင်းရှူးပင်တောနက်တစ်နေရာမှာရှိတဲ့(အထီးကျန်)လူသူအရောက်အပေါက်နည်းတဲ့ဘုန်းတော်ကြီးကျောင်းလေးတစ်ခုမှာပေါ့။

ထင်းရှူးသားခပ်ကြမ်းကြမ်းခပ်ထူထူနဲ့ပြုလုပ်ထားတဲ့ခေါင်းထဲကို၊သူမရဲ့ရုပ်အလောင်းကိုခေါင်းထဲကိုခေါင်းထဲကိုထည့်တဲ့အခါပျဉ်ချပ်ပေါ် ကထင်းရှူးသားသစ်ခေါက်နဲ့၊သူမရဲ့အဝတ်အစားနဲ့တောင်ငြိနေသေးတယ်လေ။

သူမရဲ့ချစ်သူရုဒေ့ါ်ဖ်နဲ့ပျော်ပျော်ရွှင်ရွှင်ချိန်းတွေ့ဖို့လာတုန်းကဆောင်းခဲ့တဲ့သူမရဲ့ဦးထုပ်ကလေးကိုပဲခေါင်းအုံးအဖြစ်နဲ့သူမရဲ့ခေါင်းအောက်မှာခံလို့. . .။

ကွယ်လွန်သူကိုရည်စူးပြီးသီဆိုတဲ့ဆုတောင်းသီချင်းသံလေးတစ်ခုတော့ရှိပါရဲ့။ထင်းရှူးပင်တွေကြားကဆွတ်ပျံ့လွမ်းမောဖွယ်ရာတိုက်ခတ်နေတဲ့လေနအေးကလေးလေ...။

*****

# နပိုလီယံရဲ့ အချစ်ဆုံးချစ်သူ



ဆင်းရဲသူမလေးတစ်ယောက်ရဲ့အကြောင်းပါပဲ။သူမကိုအနောက်အင်ဒီး(စ)ကျွန်းစုတံငါရွာလေးတစ်ရွာမှာမွေးဖွားခဲ့တယ်။သကြားချွတ်စက်ရုံလေးတစ်ခုရဲ့အပေါ်ထပ်ညစ်ထေးစုတ်ချာတဲ့ဘာမှမရှိတဲ့မှောင်မည်းတဲ့အခန်းလေးထဲမှာနေခဲ့ရသူ. . .။

သမိုင်းမော်ကွန်းမှာအထင်ပေါ်အကျော်ကြားဆုံးလူတစ်ယောက်ကိုစုလျားလက်ထပ်ခဲ့တဲ့သူ...။

သူမရဲ့နာမည်ကမာရီဂျိုးဆော့ဖ်ရို့ဇ်တာရှေလာပါဂျေရီ...။ဒါပေမယ့်သူမကိုဂျိုးဇက်ဖင်းလို့ပဲခေါ်ကြပါတယ်။



ဂျိုးဇက်ဖင်းကနပိုလီယံထက်(၆)နှစ်ကြီးပါတယ်။သူတို့ပထမဆုံးစတွေ့ကြတုန်းကသူမက_၃၃နှစ်နပိုလီယံက၂၇နှစ်။

သူမကအလှကြီးတော့မဟုတ်၊သွားတွေကမကောင်း၊ပိုးစားထားသေးသည်။ပြီးတော့အရွယ်မရောက်တရောက်ကလေး၂ယောက်ရဲ့အမေ၊ပေးစရာကြွေးတွေကခေါင်ခိုက်နေသည်။ကြွေးမှုကြောင့်ရဲနှင့်လည်းမကင်း...။

ဒါကြောင့်သူမအနေနှင့်ကျပ်တည်းဆင်းရဲတဲ့ခါးသီးပြင်းထန်တဲ့အခြေမလှမှုနဲ့(ဘဝကို)စတင်ခဲ့ရတယ်လို့ဆိုရမှာပါပဲ။

ဒါပေမယ့်...သူမမှာအလွန်တရာအဖိုးထိုက်တန်တဲ့အရာတစ်ခုတော့ရှိလေရဲ့။ယောကျ်ားတွေကိုဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကိုသိတဲ့အသိ။သူမကမုဆိုးမတစ်ယောက်၊အတွေ့အကြုံကရှိပြီးသား။

ပြင်သစ်တော်လှန်ရေးကာလမှာတော်လှန်ရေးသမားတွေကသူမရဲ့ခင်ပွန်းသည်ကိုခေါင်းဖြတ်သတ်ခဲ့တယ်။အဲဒီကတည်းကသူမမှာပစ္စည်းဥစ္စာဗလာ၊အထောက်အပံ့ကလုံးဝမရှိ။

ဒီတော့အမြော်အမြင်ရှိတဲ့မုဆိုးမများရဲ့လုပ်ထုံးလမ်းစဉ်ကိုသူမကလိုက်နာတယ်။(တစ်ပင်လဲရင်တစ်ပင်ထူဖို့)နော

က်အိမ်ထောင်ပြုဖို့သူမအနေနဲ့ခင်ပွန်းတစ်ယောက်ကိုရှာသ ည်ပေါ့။

သူငယ်ချင်းတစ်ယောက်ကနပိုလီယံအကြောင်းကိုပြောပြတယ်။အဲဒီအချိန်ကနပိုလီယံအနေနဲ့ကျော်ကြားမှုကမရှိသေး။ငွေကြေးကလည်းမပြည့်စုံ၊ရှေ့တန်းစစ်မျက်နှာကပြန်လာကာစ...။သူပိုင်တာကယားနာတွေ၊ပြီးတော့ယားနာသက်သာဖို့ဆံပင်ကိုလည်းရိတ်ထားသေး၊ခေါင်းတုံးနဲ့။

ဒါပေမယ့်နပိုလီယံဟာမကြာခင်မှာကြီးကျယ်ထင်ရှားလာတော့မယ့်လူတစ်ယောက်ဖြစ်ကြောင်း၊သူမရဲ့သူငယ်ချင်းကပြောပြတယ်။ဒါကြောင့်(ပုထုဇဉ်လူသားကိုး)ဂျိုးဇက်ဖင်းလည်းနပိုလီယံနဲ့တွေ့ဆုံချင်လာတယ်ပေါ့။

ဒါပေမယ့်...ဘယ်လိုကြံရပ့ါမလဲ...၊အထမြောက်အောင်အကြံထုတ်သည်။၁၂နှစ်အရွယ်သားဖြစ်သူကိုနပိုလီယံထံလွှတ်သည်။သေသွားတဲ့ဖခင်ဖြစ်သူရဲ့စစ်ဓါးလွယ်ကိုဆက်သချင်သည်ပေါ့...၊နပိုလီယံကလက်ခံသည်။

နောက်တစ်နေ့...အလှပြင်ခြယ်သထားတဲ့ဂျိုးဇက်ဖင်းတစ်ယောက်နပိုလီယံထံသွားသည်။နပိုလီယံရဲ့အကြင်နာ

တရားအတွက်ကျေးဇူးတင်ကြောင်းပေါ့။မျက်လုံးအစုံမှာကမျက်ရည်တွေဝဲလို့။

ဂျိုးဇက်ဖင်းရဲ့ဥပဓိရုပ်၊သူမရဲ့ထူးခြားတဲ့ညို့ဓာတ်ဖမ်းစားမှုတွေကနပိုလီယံရဲ့ရင်ကိုအလွန်အမင်းထိခိုက်လှုပ်ရှားစေခဲ့တယ်။သူမဟာလူမှုဆက်ဆံရေးမှာလည်းကောင်းတယ်။ဒါကြောင့်သူမရဲ့အိမ်ကိုလက်ဖက်ရည်သောက်ကြွပါလို့ဖိတ်ကြားတဲ့အခါနပိုလီယံအနေနဲ့ကျေကျေနပ်နပ်နှစ်ထောင်းအားရပေါ့။

အိမ်ကိုရောက်သွားတော့…"သမိုင်းမှာမော်ကွန်းတင်ရမယ့်အကြီးမြတ်ဆုံးစစ်ဗိုလ်ချုပ်ကြီးတစ်ယောက်ဖြစ်ကိုဖြစ်လာမှာပါ…"စသည်ဖြင့်ဂျိုးဇက်ဖင်းရဲ့အပြောတွေ…၊အဲ…၊၃လလည်းကြာရောသူတို့နှစ်ယောက်(ထိမ်းမြားလက်ထပ်ဖို့)စေ့စပ်ကြောင်းလမ်းကြောင်းကြေညာခဲ့တာပေါ့။

နပိုလီယံဟာအချိန်နဲ့ပတ်သက်ရင်အလွန်တိကျတယ်၊အမှန်တကယ်ကိုလေးစားတန်ဖိုးထားတယ်။သူပြောနေကျသူ့ဆောင်ပုဒ်က"အချိန်ဟာအရေးကြီးဆုံးအဓိကအရာပဲ"။

တစ်ခါကသူပြောခဲ့ဖူးတယ်။"ငါဟာစစ်ပွဲတွေကိုရှုံးကောင်းရှုံးမယ်၊ငါ့ါအနေနဲ့အချိန်ကလေးတစ်မိနစ်ဆုံးရှုံးသွားတယ်၊(အလဟဿ)ဖြစ်သွားတယ်ဆိုတာကိုတော့ဘယ်သူမှတွေ့မြင်ရလိမ့်မယ်မဟုတ်ပေဘူး"။



သို့သော်လည်း...သူကိုယ်တိုင်မင်္ဂလာဆောင်တဲ့နေ့၊သူ့ရဲ့မင်္ဂလာပွဲကိုတော့အချိန်၂နာရီနောက်ကျပြီးမှရောက်လာခဲ့တယ်။လက်ထပ်ပေးရမယ့်တရားသူကြီး(သမာဓိမြို့ဝန်မင်း)ခမျာစောင့်ဆိုင်းရတာငြီးငွေ့ပြီးတသမ်းသမ်းတဝေဝေနဲ့(နပိုလီယံမရောက်ခင်)အိပ်ပျော်သွားမိသေးတယ်။

လက်ထပ်ပြီး၄ရနာရီအကြာမှာတိုက်ပွဲအသစ်တွေအတွက်အီတလီဘက်ကိုစစ်ချီတက်ခဲ့ရပြန်ပါတယ်။

သူ့ရဲ့တပ်မတော်ကြီးဟာရိက္ခာကလည်းပြတ်လပ်၊အဝတ်အစားအသုံးအဆောင်တွေကလည်းစုတ်ပြတ်၊ညစ်ပေချို့တဲ့နေတဲ့အခြေအနေ။

ဒါပေမယ့်အဆက်မပြတ်တရစပ်ထိုးစစ်ဆင်တိုက်ခိုက်တဲ့တကယ့်ထူးခြားပြောင်မြောက်တဲ့တိုက်ပွဲ...။
နှစ်ပေါင်းတစ်ထောင်အတွင်းမှာဒီလိုတိုက်ပွဲမျိုးမကြုံခဲ့စဘူး...။
ဥရောပတစ်တိုက်လုံးတထိတ်တလန့်တအံ့တသြ၊တကယ့်ကိုအံ့ဖွယ်..။

အံ့ဖွယ်အားလုံးအနက်အံ့ဖွယ်အကောင်းဆုံးတစ်ခုကရှိသေးတယ်။စစ်ကာလစစ်မြေပြင်မှာပင်နပိုလီယံကဂျိုးဇက်ဖင်းအတွက်စာရေးချိန်ရသေးတယ်။နေ့စဉ်စာတစ်စောင်ရေးတယ်။ဘာစာတွေပါလဲ. .။

ချစ်ဇောတွေပြင်းပြ၊ရင်ထဲကလှိုင်းထပြီးထက်သန်တဲ့စိတ်ထားနဲ့ရေးသားခဲ့တဲ့ချစ်သဝဏ်လွှာတွေ..

ဂျိုးဇက်ဖင်းဆီရေးသားခဲ့တဲ့နပိုလီယံရဲ့စာ(၈)စောင်ကို၁၉၃၃ခုနှစ်ကလန်ဒန်မြို့မှာလေလံတင်ရောင်းချခဲ့တယ်။ပေါင်၄၀၀၀နဲ့...။ဒီစာတွေကိုဖတ်ကြည့်ပြီးတဲ့အခါမှာတကယ်ကို(ပေါင်၄၀၀၀ပေးထိုက်တဲ့)ထိုက်တန်တဲ့စာတွေပဲလို့ယုံကြည်ခဲ့မိပါတယ်။ဥပမာ-ဆိုပါစို့။

*ချစ်စွာသော ဂျိုးဇက်ဖင်း*

*မင်းကိုချစ်ရတဲ့အချစ်ကငေ့ါရဲ့ကျိုးကြောင်းဆင်ခြင်ဉာဏ်တွေကိုဖုံးလွှမ်းဖယ်ရှားခဲ့ပါပေ့ါလားကွယ်။မစားနိုင်မအိပ်နိုင်နဲ့...၊ဒီလိုပဲမိတ်ဆွေရောင်းရင်းအပေါင်းအသင်းတွေကိုလည်းဂရုမစိုက်နိုင်၊ဂုဏ်ကျက်သရေသိခါဆိုတာတွေကိုလည်းအလေးမထားနိုင်တော့ပါဘူး။အောင်မြင်မှုအောင်ပွဲတွေကိုတန်ဖိုးထားတယ်ဆိုတာကတော့မင်းအတွက်ကြောင့်ရယ်ပါ။ကိုယ်အောင်ပွဲရရင်မင်းကျေနပ်တယ်။မင်းကိုပျော်ရွှင်စေတယ်ဆိုလို့ပါပဲ။အဲဒီအတွက်သာမဟုတ်ဘူးဆိုရင်ငေ့ါရဲ့စစ်တပ်ကိုစွန့်ခွာပြီးပဲရစ်မြို့မှာရှိတဲ့မင်းဆီကိုအပြေးလေးအမြန်နှုန်းနဲ့ပြန်လာမိမှာပါပဲ။*

*မင်းအပေါ်မှာအတိုင်းအဆမဲ့အချစ်နဲ့လွှမ်းခြုံမိခဲ့ပြီ။မင်းကိုချစ်ရလွန်းလို့အရူးအမူးစိတ်နဲ့ယစ်မူးခဲ့ရပါပြီ။ (မင်းရဲ့ကိုယ်စား)မင်းရဲ့ပုံတူရုပ်လွှာကလေးကိုမကြည့်မရှုအချစ်အနမ်းပန်းတွေမပေးမိဘဲကုန်ဆုံးခဲ့တဲ့အချိန်ရယ်လို့လည်းမရှိခဲ့ပါဘူးကွယ်. . . ။*



သူရေးခဲ့သောအချို့စာများနှင့်နှိုင်းစာလျှင်ဒီစာမှာသိမ်မွေ့သည်ဟုဆိုရမည်။ဒီစာမျိုးဆိုလျှင်မိန်းမအများစုကဝမ်းပန်းတသာလက်ကမ်းကြိုဆိုကြမည်သာဖြစ်သည်။

သို့သော်ဂျိုးဇက်ဖင်းအနေနှင့်ထိုစာများကိုအလေးအနက်ထားဟန်မတူ၊ဂရုမစိုက်၊သူမကအခြားယောကျ်ားတစ်ယောက်နှင့်ဘာလိုလိုပြီတီတီ။

နပိုလီယံထံစာပြန်ရန်ပင်အလေးမထား၊(စာမပြန်)ဒီအချက်ကနပိုလီယံကိုဒေါသအမျက်ချောင်ချောင်ထွက်စေသည်။

နောက်ဆုံးမှာနပိုလီယံကလည်းသူမရဲ့ဥပေက္ခာပြုမှု၊မငဲ့ကွက်အလေးမထားဂရုမပြုမှုတို့ကိုစိတ်ကုန်လာတယ်။ဒါကြောင့်လည်းအီဂျစ်ပြည်မှာစစ်ဆင်ရေးဆင်နွှဲနေတုန်းမိန်းမလှလေးတစ်ဦးကိုမိမိနဲ့လက်ဖက်ရည်အတူသောက်ဖို့ဖိတ်ကြားတယ်။ပဲရစ်မြို့မှဂျိုးဇက်ဖင်းကလည်းဒီသတင်းကိုကြားသိတယ်။

နပိုလီယံပြင်သစ်ကိုပြန်ရောက်တဲ့အခါပြဿနာကစတော့တာပါပဲ။အတောက်ကဆဖြစ်ကြတယ်။နပိုလီယံကဂျိုးဇက်ဖင်းကိုမိမိအခန်းတွင်းသို့အဝင်မခံ...။ဒီလိုနဲ့ပဲအဆုံးသတ်ခဲ့ကြပါတယ်။

မိသားစုပြသနာအခက်အခဲတွေကလည်းရှိသေးတယ်။ဂျိုးဇက်ဖင်းရရှိတဲ့အခွင့်အရေးကနပိုလီယံရဲ့ညီမထက်သာတယ်။ဒီအချက်ကသူတို့ကိုမနာလိုဝန်တိုဖြစ်စေတယ်။သူတို့ကိုနှိမ်တယ်လို့ထင်ပြီးဆွေ့ဆွေ့ခုန်မတတ်ဒေါသဖြစ်ကြတယ်။သူမကိုကလဲ့စားချေမယ်လို့(ဘုရားသခင်ကိုတိုင်တည်ပြီး)ကျိန်ဆိုတယ်။

သူတို့ကဂျိုးဇက်ဖင်းကိုအဘွားအို(အမယ်ကြီး)လို့ခေါ်ဝေါ်သမုတ်ပြီးပြက်ရယ်ပြုလှောင်ပြောင်ပြုကြတယ်။နပိုလီယံကိုလည်းဝတုတ်ပြဲသက်ကျားအိုဇနီးကိုကွာရှင်းပြီးနုနုပျိုပျိုမိန်းမတစ်ယောက်နဲ့လက်ဆက်ဖို့တိုက်တွန်းတယ်။

သူတို့ဘယ်လောက်ပြောပြောဂျိုးဇက်ဖင်းအပေါ်ထားတဲ့နပိုလီယံရဲ့အချစ်ကိုတော့မဖျက်ဆီးနိုင်၊မည်သည့်အရာကမှလည်းပျက်ပြားစေလိမ့်မည်မဟုတ်။

ဒါပေမယ့်ဂျိုးဇက်ဖင်းကိုကွာရှင်းဖို့သူအမှန်တကယ်ပဲဆုံးဖြတ်ခဲ့ရတယ်။ဆုံးဖြတ်ရတဲ့အကြောင်းကတစ်ခုတည်းပါ

။သူ(နပိုလီယံ)အနေနဲ့(အမွေခံ)သားယောကျာ်းလေးတစ်ယေ
ာက်ကိုမွေးဖွားပေးနိုင်တဲ့ဇနီးတစ်ယောက်ကိုလိုအပ်လို့ပါပဲ။

အဲဒီလိုကွာရှင်းလိုက်ရလို့သူ့ရဲ့နှလုံးသားတွေကြေမွ
ပျက်စီးခဲ့ရပါတယ်။ကွာရှင်းစာချုပ်ကိုလက်မှတ်ထိုးနေတုန်းမှာ
တောင်မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရပါတယ်။ကွာရှင်းပြီး၃ရက်လေ
ာက်ကြာအောင်လည်းဘယ်သူနဲ့မှအတွေ့မခံ၊ဘာအလုပ်မှလ
ည်းမလုပ်၊နန်းတော်ထဲမှာထိုင်၊ကောင်းကင်ပြာကိုငေးစိုက်ကြ
ည့်ရှုရင်းတွေဝေငေးမှိုင်ပြီးတော့ပဲနေမိတယ်ပေါ့။



ကွာရှင်းပြီးမကြာခင်မှာနပိုလီယံဟာဩြစတီးယားပြ ည်ကမာရီလူးဝစ်စ်ကိုလက်ထပ်ယူလိုက်တယ်။

ထူဆန်းတဲ့အဖြစ်ကမာရီဟာ(အခြားဩြစတီးယား လူမျိုးတွေလို့ပဲ)နပိုလီယံကိုအထင်သေးဖို့၊မုန်းတီးဖို့မွေးဖွား ကြီးပြင်းလာတဲ့သူ...။သူမအနေနဲ့အန္တတန်ခိုးရှင်ဘုရားသခင် ထံမှာနပိုလီယံနဲ့လက်မထပ်ရပါစေကြောင်းဆုတောင်းတယ်။ ဒါပေမယ့်နိုင်ငံရေးအခြေအနေအကြောင်းကြောင်းကြောင့်နပို လီယံနဲ့လက်ထပ်ရမယ်လို့သူမရဲ့ဖခင်ကအတင်းအကြပ်တို က်တွန်းတယ်။သူမအနေနဲ့လက်ထပ်ခဲ့ရပါတယ်။

ဒါပေမယ့်သူမကသူ့ကိုအလေးမထား၊ဂရုမစိုက်။ ဒါကြောင့်လည်းသူစစ်ပွဲတွေမှာရှုံးနိမ့်လာတော့သူ့ကိုပစ်ပြီး ပြေးတော့တာပေါ့။သူ့(နပိုလီယံ)သားအရင်းကိုတောင်သူ့အ ဖေအပေါ် မုန်းတီးလာအောင်လေ့ကျင့်သွန်သင်ပေးခဲ့သေး...။

နပိုလီယံရဲ့ပထမဆုံးအချစ်နဲ့နောက်ဆုံးအချစ်ပြီးေ တာ့တကယ့်ကိုအစစ်အမှန်ချစ်မြတ်နိုးရသူကဂျိုးဇက်ဖင်း။သူ မသေဆုံးပြီးနောက်မှာတောင်သူမရဲ့အုတ်ဂူကိုသွားပြီး ဝမ်းနည်းပက်လက်ငိုကြွေးရင်းတမ်းတရေရွတ်မိတာက...။

"ချစ်ရတဲ့ဂျိုးဇက်ဖင်းရယ်၊ဘာပဲဖြစ်ဖြစ်မင်းဟာငါ့ရင်ထဲကပျောက်ပျက်ပြယ်လွင့်မသွားပါလားကွယ်..."



ဒီကမ္ဘာမြေပေါ်ကနပိုလီယံပျောက်ကွယ်သေဆုံးမသွားမီနောက်ဆုံးထွက်သက်အထိပြောကြားရေရွတ်သွားတဲ့နောက်ဆုံးစကားလုံးလေးကတော့ "ဂျိုးဇက်ဖင်း" တဲ့။

********

# ကလီယိုပက်ထရာ ၏ အချစ်



ယောကျ်ားတစ်ယောက်ရဲ့သွေးခုန်နှုန်းကိုမြန်စေတဲ့စွဲမက်စရာအကောင်းဆုံးမိန်းမတစ်ယောက်ရဲ့ဇာတ်လမ်းပါပဲ။ သူမရဲ့နာမည်က"ကလီယိုပက်ထရာ" ။

အီဂျစ်ပြည်ရဲ့နတ်ဘုရားဘုရင်မ..ကလီယိုပက်ထရာ..
.ပေါ့။နိုင်းမြစ်ဝှမ်းကအထူးနှစ်လိုဖွယ်၊စွဲလမ်းတပ်မက်ဖွယ်ကော
င်းလှတဲ့ဘုရင်မတစ်ပါးရဲ့အကြောင်းပါ။

သူမသေခဲ့တာနှစ်ပေါင်းနှစ်ထောင်ကျော်ကြာခဲ့ပါပြီ။ဒါ
ပေမယ့်သူမရဲ့ကျော်ကြားမှုကတော့ရာစုနှစ်ပေါင်းများစွာကိုကျော်လွန်ပြီး၊ယနေ့အခါထိထွန်းတောက်ဆဲ . . .။

သူမကိုယ်သူမသတ်သေတုန်းကအသက်သုံးဆယ့်ကိုး
နှစ်ပဲရှိပါသေးတယ်။ဒါပေမယ့်သူမရဲ့တိုတောင်းပြီးရှုပ်ထွေးလှ
တဲ့သက်တမ်းလေးအတွင်းမှာ၊ကဘာ့အကျော်ကြားဆုံးပုရိသ
ယောက်ျား(၂)ဦးရဲ့၊တကယ့်စစ်မှန်ပြင်းပြထက်သန်လှတဲ့အချ
စ်ကိုရယူပိုင်ဆိုင်နိုင်ခဲ့တဲ့မိန်းမသားတစ်ယောက်ပါပဲ။

သူတို့ကတော့“မက်ခ်အန်ထော်နီ_နဲ့_ဂျူးလီးယက်ဆီး
ဇာ...။”.“ဇူလိုင်”လလို့သင်ပြောလိုက်တဲ့အခါတိုင်းအဲ့ဒီ
ဂျူးလီးယက်ဆီးဇာကိုသင်ဂုဏ်ပြုပြောဆိုနေတာပဲပေါ့။အဲဒီ(ဇူ

လိုင်)လကသူ့ကိုအမှတ်တရ(ဖြစ်ဖို့အတွက်)မှည့်ခေါ်ထားတဲ့ "လ"လေ။



တကယ်တမ်းပြောရရင်ဆီးဇာဟာ...တစ်ကမ္ဘာလုံးကိုပိုင်စိုးနိုင်နင်းခဲ့သူပါ။ဒါပေမယ့်.မိန်းမသားလေးတစ်ဦးသာဖြစ်တဲ့

ကလီယိုပက်ထရာကတော့သူ့အပေါ် လွှမ်းမိုးအောင်မြင်ခဲ့လေရဲ့။ဒီဇာတ်လမ်းမှာဘယ်လိုကပြခဲ့တယ်ဆိုတာကလည်းဇာတ်ဆန်လှတဲ့အဖြစ်အပျက်ကလေးတစ်ခုပါပဲ။

ခရစ်တော်မပေါ် မီ(၄၈)နှစ်ကပေ့ါ။ဂျူးလီးယက်ဆီးဇာဟာ(အီဂျစ်ပြည်)အလက်ဇန္ဒြီးယားမြို့ကိုရောက်ရှိလာခဲ့တယ်။အဲ့ဒီအချိန်မှာကလီယိုပက်ထရာရဲ့အခြေနေကဆုတ်ယုတ်ပျက်ပြားနေတဲ့အနေအထား။

သူမရဲ့အာဏာကိုအသိမ်းခံထားရတဲ့အချိန်။သူမမှာငွေကြေးပိုက်ဆံကလည်းတစ်ပြားမှမရှိ။သူမရဲ့အသက်ဘေးကစိုးရိမ်ဖွယ်။ခေါင်းဖြတ်ပြီးအသတ်ခံရမယ့်အနေအထား။

သူမကသူမရဲ့မောင်နှမတော်သူနဲ့လက်ထပ်ခဲ့တယ်။မိသားစုပြသနာအငြင်းပွားကြတယ်။ဒါကြောင့်လဲသူမရဲ့ခင်ပွန်း

က၊သူမအပေါ် စစ်ပြုတယ်။ဒီတော့အသက်ဘေးကလွတ်မြော က်စေဖို့၊သူမကိုင်ရှိမြို့ကထွက်ပြေးခဲ့ရပါတယ်။

ဆီဇာကသူ့ရဲ့ရှေ့တော်မှောက်ကိုလာရောက်တွေ့ဆုံေ စလို့(ကလီယိုပက်ထရာအပေါ် )အမိန့်တော်ချမှတ်လိုက်တယ် ။ဒါပေမယ့်...သူမဘယ်လာနိုင်ပါ့...မလဲ...?။ပြဿနာပါပဲ။

အလက်ဇန္ဒြီးယားမြို့မှာကသူမလင်တော်မောင်ရဲ့သူ လျှိုတွေကခြေချင်းလိမ်နေတယ်။သူမကိုမိလိုက်တာနဲ့သူမေ သမှာပါပဲ။ဒါကြောင့်_မှောင်မိုက်လှတဲ့တစ်ညမှာ၊ သူမဆီဇာဆင့်ခေါ်တဲ့မြို့ထဲကိုတိတ်တဆိတ်ဝင်တယ်။တံငါေ လှကလေးနဲ့ပေါ့။သူမရဲ့ကျွန်ကိုစေခိုင်းတယ်။

သူမကိုကော်ဇောကြီးတစ်ခုနဲ့လိပ်၊လှေနဲ့သယ်၊ဆီဇာရဲ့ နန်းတော်ထဲကိုပို့။ကြီးကျယ်မြင့်မြတ်လှတဲ့ဆီဇာရဲ့ရှေ့တော်ေ မှာက်ရောက်တော့မှကော်ဇောလိပ်ကိုဖြေ. . .။

ကလီယိုပက်ထရာဟာကော်ဇောလိပ်ထဲကထွက်အလ ာမှာရယ်မောရွှင်ပျ၊မြူးကြွကခုန်ပြီး၊ဆီဇာကိုခစားတယ်။သူမရဲ့ နုနယ်ကြွရွယည်ကြော့လှတဲ့အလှကတအံ့တသြဖြစ်နေတဲ့ဆီ ဇာရဲ့ရင်ခုန်နှုန်းကိုမြန်စေခဲ့တာပါပဲ။

သူ့ကိုယ်သူအချစ်နတ်ဘုရားမ_"ဗီးနပ်စ်"_ကဆင်းသ က်ပေါက်ဖွားလာခဲ့သူ…လို့ဝင့်ဝါပြောကြားခဲ့သူကဆီဇာ။ မိန်းမတို့ရဲ့အလှနဲ့ပတ်သက်ရင်အထူးကျွမ်းကျင်သူ၊အထူးပိုင်း ခြားဝေဖန်တတ်သူလို့ဂုဏ်ယူတတ်သူကလဲ_ဆီဇာ။ဒါပေမယ့် …ဒီတစ်ခါတွေ့တာကတော့၊တစ်ထူးတစ်ဆန်းရင်သပ်ရှုမော ဖွယ်။



ဆီဇာရဲ့နှုတ်ဖျားကအာမေဋိတ်စကားတွေထွက်လာတယ်။ဘာကြောင့်များဒီလိုအလှမျိုးရောမမှာမရှိခဲ့တာပါလိမ့်။

ဆီဇာရဲ့အသက်က၅၄နှစ်ရှိပြီ၊ဆံပင်တွေကျွတ်ပြီးထိပ်ကလဲပြောင်နေသေး။ကလီယိုပက်ထရာကသန်တုန်း၊မြန်တုန်း၊လှသွေးကြွယ်နေတဲ့အသက်၂၁နှစ်အရွယ်။

ဆီဇာကသူမကိုကြည့်လိုက်မိတဲ့အခါမှာတော့သူ့ရင်ေတွလှိုင်းထသွားတယ်။ချစ်ခြင်းနဲ့ပီတိသောမနသတွေလှိုင်းထပြီးအချစ်ဒီရေလှိုင်းရဲ့ထိပ်ဖျားကိုရောက်သွားသလိုပါပဲ။သူမရဲ့ထက်မြက်လှတဲ့စိတ်၊မြူးကြွလှပလွန်းတဲ့ရုပ်ရည်တွေကြောင့်ဆီဇာဟာအချစ်ရဲ့ကျေးကျွန်ဖြစ်ခဲ့ရပါတယ်။ဆီဇာကိုယ်တိုင်ရဲ့လိုက်လှဲကြည်သာတဲ့စိတ်နဲ့ဖြစ်သွားခဲ့ရတဲ့အချစ်ရဲ့ရာသက်ပန်ကျေးကျွန်ပါ။

"သူမရဲ့အစ်ကိုတော်သူဆိုသူလား။သူမကိုသတ်ဖို့ကြိုးစားနေသတဲ့လား?။ဒီလောက်တောင်မာနထောင်လွှားနေတဲ့သူကိုသင်ခန်းစာလေးတစ်ခုတော့ပေးလိုက်ဦးမှ..."ဆီဇာကရေရွတ်ကျိန်ဆိုတယ်။

သူ့ရဲ့ရောမတပ်မတော်ကြီးနဲ့ချီတက်ပြီးကလီယိုပက်ထရာ၏မောင်(ယောက်ျား)ရဲ့အီဂျစ်စစ်သည်တော်တွေကိုတိုက်ခိုက်ချေမှုန်းပစ်လိုက်တယ်။သူမရဲ့အကိုတော်လဲနိုင်းမြစ်ထဲမှာကျဆုံးခဲ့ရပါတယ်။

အဲဒီအချိန်ကစပြီးကလီယိုပက်ထရာဟာပြိုင်ဘက်ကင်းတဲ့အီဂျစ်ပြည်ရဲ့ဘုရင်မတစ်ပါးဖြစ်လာခဲ့တယ်။ဖာရိုဘုရင်တို့ရဲ့အာဏာပုံ့နှံ့ရာနယ်ပယ်အားလုံးကိုပိုင်စိုးအုပ်ချုပ်ရတဲ့ဘုရင်မတစ်ပါးဖြစ်ခဲ့တယ်။

လပေါင်းများစွာကြာတဲ့အခါမှာတော့ကလီယိုပက်ထရာဟာဆီဇာအတွက်သားယောကျ်ားလေးတစ်ယောက်မွေးဖွားပေးနိုင်ခဲ့တယ်။ဆီဇာရဲ့ဘဝမှာတစ်ဦးတည်းသောသားပေါ့။


ရောမမြို့မှာဇနီးတစ်ယောက်ကရှိပြီးသားဆိုတော့ဆီဇာအနေနဲ့သူမကိုဘယ်လောက်ပဲချစ်ချစ်တရားဝင်လက်ထပ်ပြီးမယူနိုင်ဘူးလေ။

ကဲ...လူတွေရဲ့ပါးစပ်ကဘယ်လောက်များသွားပုတ်လေလွင့်ပြောလိုက်လေမလဲ...။အဲဒီလိုအမနာပပြောတဲ့အရှက်ရဖွယ်စကားတွေကိုဖုံးဖိဖို့ရယ်။သူမွေးထားတဲ့သားကိုတရားဝင်ဖြစ်စေဖို့ရယ်၊ကလီယိုပက်ထရာကထူးခြားပြောင်မြောက်လှတဲ့ပရိယာယ်မဟာဗျူဟာတစ်ရပ်ကိုသုံးတယ်။

"ဆီဇာဟာလူသာမန်မဟုတ်ဘူး။သူဟာနတ်ဘုရားတစ်ဆူဖြစ်တယ်။နေနတ်သား'အမ်မွန်'ဝင်စားသူဖြစ်တယ်။နေနတ်သားဟာဆီဇာအဖြစ်နဲ့ရောက်ရှိလာပြီးဘုရင်မအတွက်သားယောကျ်ားတစ်ယောက်ကိုပေးအပ်ချီးမြှင့်တာဖြစ်တယ်...."စသည်၊စသည်ဖြင့်ဘုန်းတော်ကြီးတွေကိုဟောပြောစေတယ်။

ကျွန်တော့်အတွက်တော့အဓိပါယ်မရှိတဲ့ဟောပြောချက်လို့ယူဆပေမယ့်၊ဟို...လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်ကျော်ကာလ၊အီဂျစ်ပြည်သူတွေကတော့အဲဒီလိုဟောပြောချက်တွေကိုယုံကြည်ခဲ့ကြပါတယ်။ဒီခေတ်ဒီအခါသာဆိုရင်တော့ကလီယိုပက်ထရာအနေနဲ့အခက်အခဲတွေ့နိုင်တယ်လို့ကျွန်တော်ထင်မိတယ်။

အဲဒီနောက်...မကြာမီမှာဆီဇာလုပ်ကြံခံခဲ့ရတယ်။မတ်ခ်အန်ထော်နီဟာရောမရဲ့တန်ခိုးသြဇာအရှိဆုံးလူတစ်ယောက် ဖြစ်လာခဲ့တယ်။အမြဲတမ်းကြွေးတင်၊အမြဲတမ်းအရက်သေစာ မူးယစ်နေသူတစ်ဦးပေါ့။



အောင်မြင်မှုနဲ့ယစ်မူးသွေးကြွနေတဲ့_မတ်ခ်အန်ထော်နီဟာသူ့စစ်တပ်ကြီးကိုဦးဆောင်ပြီး၊အရှေ့တိုင်းကိုချီတက်ခဲ့တယ်။တိုက်ခိုက်လုယက်မယ်ဆိုတဲ့ပရမ်းပတာရမ်းကားဖို့ရည်ရွယ်ချက်တွေနဲ့။ကသူ့ကိုတိုက်တွန်းတယ်။သူအမူးပြေပြီးပုံမှန်ဖြစ်နေတဲ့အခိုက်မှာပေါ့။

"အလက်ဇန္ဒြီးယားမြို့ကိုချီတက်မယ်၊ကလီယိုပက်ထရာရဲ့ခေါင်းကိုဖြတ်မယ်။အီဂျစ်ပြည်မှာအောင်သေအောင်သားစားကြမယ်။"

ကလီယိုပက်ထရာထိတ်လန့်တုန်လှုပ်ခဲ့ရပါတယ်။သူမအနေနဲ့_မတ်ခ်အန်ထော်နီကိုဘယ်လိုဟန့်တားရပ့်မလဲ...၊စစ်သဘော်တွေ၊လက်နက်အင်အားကိုသုံးပြီးဟန့်တားရမလား...၊ဘယ်လိုနည်းနဲ့မှမဟန့်တားနိုင်။

မြူဆွယ်ချော့မော့မှု(မိန်းမမာယာ)နဲ့ဆိုရင်ကော...၊အင်း...ဒါကတော့ဖြစ်နိုင်ကောင်းပါရဲ့။ . . .။

သူမမတ်ခ်အန်ထော်နီခံသွားရောက်တွေ့ဆုံတယ်။သူမကဇာတ်သဘင်နဲ့ပတ်သက်ရင်စီမံခန့်ခွဲတတ်သူ၊ကျွမ်းကျင်ထက်မြက်သူပါရမီရှင်။

သူမစီးတဲ့သဘော်ကိုရွှေပိန်းချထားတယ်။သဘော်ကြီးရဲ့ရွက်တွေကခရမ်းရောင်...။သူမရဲ့ဝန်းကျင်ပတ်လည်မှာက

ခမ်းနားဆန်းကျယ်လှတဲ့အခင်းအကျင်းအစီအစဉ်နဲ့(တစ်ထေ ၁င့်တစ်ညပုံပြင်ထဲကအခဆောင်အယောင်အခမ်းနားအစီအစဉ် မျိုး။)

မြားနတ်မောင်လေးတွေလိုခြယ်သပြင်ဆင်ထားတဲ့သူ ငယ်တော်လေးတွေကသူမကိုဒေါင်းမြီးယပ်တောင်လေးတွေနဲ့ ခပ်...လို့။

ကြွရှလှပတဲ့မိန်းမပျိုလေးတွေက(သူတို့ရဲ့အလှပေါ်လွ င်အောင်)ပိုးဖဲဝတ်စုံလေးတွေဝတ်လို့။ရှုမြင်ရသူတို့ရဲ့စိတ်ဘ ဝင်ကိုထကြွလှုပ်ရှားစေတဲ့တေးသံသာလေးတွေနဲ့မြူးကြွကခု န်...လို့။

ထွန်းညှိထားတဲ့အမွှေးနံ့သာတိုင်လေးတွေရဲ့ရနံ့ကလဲ ထုံလွှမ်းမွှေးကြိုင်လို့. . .။

အဲဒီလိုမက်မောဖွယ်ဆွဲဆောင်မှုဖမ်းစားမှုပြုထားတဲ့အ ရာအားလုံးရဲ့အလယ်မှာ_ကလီယိုပက်ထရာ_ကပိုးချည်မျှင်ေ

ညာင်စောင်းမှာ လဲလျောင်းရင်းနဲ့. . .။ ညို့ဓာတ်ကအပြည့်။ ရှုမြင်ရသူအပေါင်းဆီးတားလို့မရနိုင်လောက်အောင်အာရုံကပ်ငြိဖွယ်...ဗီးနပ်စ်..အချစ်နတ်ဘုရားမရဲ့သွင်ပြင်ပုံစံမျိုး။



ကဲ...သင်သာမတ်ခ်အန်ထော်နီဆိုရင်၊ဘယ်လိုလုပ်မှာလဲ...၊လို့...။အဲ...ကျွန်တော်ဆိုရင်ကော...၊အေးလေခင်ဗျားလဲကျွန်တော်လုပ်သလိုလုပ်မှာပဲဆိုတာကတော့အသေအချာအတိအကျ . . .ပေါ့။

ဘာဖြစ်လို့လဲဆိုတော့…၊မတ်ခ်အန်ထော်နီဟာရောဂါတွေဖိစီးပြီးအိပ်ယာထဲလဲနေစေဦးတော့၊ဒီလိုအမျိုးသမီးမျိုးရဲ့အလှနဲ့ဆွဲဆောင်မှုကိုချုပ်တည်းခုခံနိုင်မယ်မဟုတ်ပေဘူး။

အဲ…မတ်ခ်အန်ထော်နီကလဲချုပ်တည်းခုခံဖို့ရာကြိုးစားတောင်မကြိုးစားခဲ့ပါဘူး။

အင်မတန်ကြမ်းတမ်းရမ်းကားလှတဲ့စစ်သားကြီး_"အန်ထော်နီ"_သူ့ဇာတိရောမလိုနေရာမှာတောင်နာမည်ပျက်စရာ၊အမနာပပြောစရာ…။အထိန်းအကွပ်မရှိတဲ့မိန်းမတွေနဲ့ဖဲရိုက်၊ပါတီပေး၊စိတ်ထင်ရာသရမ်းတတ်တဲ့အန်ထော်နီ. . .။

အခုကြုံတွေ့နေရတာက၊မိကောင်းဖခင်ဆွေကြီးမျိုးကြီးထဲကဆင်းသက်လာတဲ့ဘုရင်မတစ်ပါးအင်မတန်ယဉ်ကျေးသိမ်မွေ့လှပသူ။ကဗျာလင်္ကာတွေကိုကိုးကိုးကားကားပြောဆိုနိုင်တဲ့သူ၊ပြစ်မျိုးမဲ့မထင်သိမ်မွေ့တဲ့အလှသခင်…။ဒီတော့…သူ့ရဲ့ အချစ်သခင်မ ဖြစ်လာရတယ်ပေါ့။

အနန်ထော်နီရဲ့လှိုင်းထန်ကြမ်းတမ်းလှတဲ့ဘဝမှာပထမ ဦးစွာစွဲမက်ရတဲ့အလှ၊ပထမဦးဆုံးဖြစ်ပေါ်လာတဲ့မြင့်မြတ်ကြီး မားလှတဲ့အချစ်နဲ့စတင်ထိတွေ့မှုပါပဲ။

သူမအပေါ်ထားမိတဲ့သူ့ရဲ့အချစ်ကြောင့်သူဟာသူ့ဘဝ ကိုသူမအတွက်မြှုပ်နှံခဲ့တယ်။အချစ်အကြင်နာကြီးပြီးသစ္စာခိုင် မြဲခဲ့ပါတယ်။

အဲဒါကြောင့်လဲ၊နှစ်ပေါင်းနှစ်ထောင်ကျော်ကြာတဲ့အထိ ၊ကျွန်တော်တို့ရဲ့ချီးမွမ်းအံ့သြမှုတွေ၊ထောပနာပြုမှုတွေကိုသူရ ရှိခဲ့တာပါပဲ။

ကလီယိုပက်ထရာက၊ယောကျာ်းတွေကိုဘယ်လိုကိုင် တွယ်ရမယ်ဆိုတာသိတယ်၊မတ်ခ်အန်ထော်နီဘာပဲလုပ်လုပ်၊ အပြစ်တင်တာ၊နားပူနားဆာလုပ်တာမရှိဘူး၊သူလုပ်တာမှန်သ မျှသူမကလဲလိုက်လုပ်တယ်။

သူနဲ့အတူအံစာပစ်တယ်၊အမဲလိုက်တယ်၊ငါးမျှားတယ်၊ တစ်ခါတစ်ရံအန်ထော်နီညဘက်လမ်းလျှောက်ထွက်ရင်

သူမလဲလိုက်တယ်၊ကျွန်တစ်ယောက်လိုရုပ်ဖျက်ပြီးတော့ပေါ့။ လူတစ်ဖက်သားနစ်နာအောင်တောင်လှောင်ပြောင် ကျီစယ်တတ်သေးတယ်...။တစ်ယောက်ယောက်ထိုင်မယ့်ကု လားထိုင်ကိုနောက်ဖက်ကိုဆွဲယူလိုက်တာမျိုး. . .။

တစ်ခါကပေါ့၊သူတို့ငါးမျှားထွက်ကြတယ်။"ငါးတစ်ကေ ာင်တောင်မဟပ်ဘူးကွာ..."လို့အန်ထော်နီညည်းညူတယ်။က လီယိုပက်ထရာကသူ့အစေခံတစ်ယောက်ကိုရေငုပ်စေတယ်၊ အန်ထော်နီရဲ့ငါးမျှားချိတ်မှာဟဲရင်းခေါ် တဲ့ပင်လယ်ငါးသလေ ာက်ကိုချိတ်စေတယ်. . .။

ကလီယိုပက်ထရာဟာမတ်ခ်အန်ထော်နီရဲ့စားရေးေ သာက်ရေးအတွက်စားဖိုမှူးတစ်ယောက်ကိုနေ့ညအချိန်မရွေး ၊တာဝန်ချထားစီမံတယ်။အန်ထော်နီစားချင်ပြီဆိုတာနဲ့တစ်ပြို င်နက်ခမ်းနားသိုက်မြိုက်တဲ့စားသောက်ပွဲကြီးကအဆင်သင့်ပူ ပူနွေးနွေး။

အနန်ထော်နီကကာလီယိုပက်ထရာကိုတရားလွန်စွဲလမ်းပြီးကိုလေသာအမှောင်ထုတွေဖုံးလွှမ်းခဲ့တယ်။သူ့ရဲ့ဝေဖန်ပိုင်းခြားနိုင်တဲ့အသိဉာဏ်တွေကွယ်ပျောက်ခဲ့ရတယ်။

သူက၊သူမကိုဖိုနီသျှားပင်လယ်ကမ်းခြေကြီးတစ်ခုလုံးကိုလက်ဆောင်အဖြစ်ပေးခဲ့တယ်။ဂျာရစ်ကိုနယ်ပယ်ကြီး၊ဆိုက်ပရပ်စ်ကျွန်းနဲ့ကရိကျွန်းတို့ကိုလဲပေးပြန်ပါတယ်။အဆုံးစွန်သောရက်ရောမှုအနေနဲ့အာရှတိုက်ဒေသကြီးတစ်ခုလုံးကိုပါလွှဲအပ်လိုက်ပြန်ပါတယ်။

အဲဒီလိုလက်ဆောင်ပေးတယ်ဆိုတဲ့သတင်းတွေကရောမသားတွေကိုအမုန်းအာဃာတတွေဆူပွက်၊ဒေါသအမျက် တွေချောင်ချောင်ထွက်စေတယ်။

ဒီနယ်ပယ်တွေဟာရောမလူမျိုးတွေရဲ့သွေးတွေနဲ့ပေးဆပ်၊တိုက်ပွဲတွေရာနဲ့ချီပြီးမှ၊ရရှိခဲ့တဲ့နယ်ပယ်တွေ၊ဒါတွေကို…အီဂျစ်ပြည်ကဘုရင်မတစ်ယောက်စိတ်ကျေနပ်စေဖို့အတွက်ကလေးကစားစရာတွေလိုပေးပစ်လိုက်ရသတဲ့…လား။

ရလဒ်ကတော့...တိုက်ကြမယ်ပေါ့၊စစ်...ဖြစ်ကြတယ်လေ။ကလီယိုပက်ထရာရဲ့ကြောက်မက်ဖွယ်နေ့ရက်တွေရောက်လာခဲ့ပါပြီ။ရန်ငြိုးနဲ့ကလဲ့စားချေမယ့်နေ့ရက်၊စာရင်းရှင်းမယ့်နေ့ရက်။

ပြင်းထန်တဲ့ဒေါသနဲ့အမျက်ချောင်းချောင်းထွက်နေတဲ့ရောမစစ်တပ်ကြီးကအန်ထော်နီနဲ့ကလီယိုပက်ထရာရဲ့စစ်သင်္ဘောတွေကိုဖျက်ဆီးလိုက်တယ်။သူတို့ရဲ့စစ်တပ်တွေကိုလည်းကစဉ့်ကလျားရှုံးနိမ့်ထွက်ပြေးစေခဲ့တယ်။

ဒါဟာသူတို့ဘဝအတွက်နိဂုံးပေပဲ။သူတို့ကလည်းဒါကိုသိပြီးသား၊သူသာအဖမ်းခံရရင်ခေါင်းဖြတ်အသတ်ခံရတော့မယ်ဆိုတာကိုမတ်ခ်အန်ထော်နီကသဘောပေါက်တယ်။

ဒါကြောင့်လည်း...သူ့ကိုယ်သူဓါးနဲ့ထိုးပြီးသတ်သေတယ်။ပြင်းပြတဲ့ဝေဒနာကြောင့်လူးလွန့်ရင်းနဲ့ကလီယိုပက်ထရာရဲ့ရင်ခွင်ထဲမှာပဲသေဆုံးခဲ့ပါတယ်။သူသက်ရှိထင်ရှားရှိစဉ်ကသူမရဲ့ရင်ခွင်မှာဖက်တွယ်ခဲ့သလို၊ဖက်တွယ်ပွေ့ပိုက်ရင်းနှင့်အသက်

ထွက်ခဲ့ပါတယ်။ကလီယိုပက်ထရာကလဲသစ္စာပြုကျိန်ဆိုတယ်။"သူမအနေနဲ့သုံ့ပန်းအဖြစ်နဲ့ဘယ်တော့မှအဖမ်းမခံဘူး။

သူမကိုသံကြိုးနဲ့ချည်နှောင်ထားပြီး...ရောမမြို့ရဲ့လမ်းတွေပေါ်မှာသွားခိုင်းပြီး၊လူတစ်ကာရဲ့အော်ဟစ်လှောင်ပြောင်သရော်မှုကိုခံခိုင်းမှာကိုဘယ်တော့မှအဖြစ်မခံဘူး. . . "

ဒါကြောင့်လဲအဆိပ်သုံးပြီးသူ့ကိုယ်သူသတ်သေလိုက်ပါတယ်။ဘယ်လိုသတ်သေတာလည်းဆိုတာကတော့ဘယ်သူမှသိနိုင်မယ်မဟုတ်ပါဘူး။

သူမသေပြီး၊မိနစ်(၂၀)အတွင်းရောက်လာကြတဲ့သူတွေတောင်မှ၊ဒီနက်နဲဆန်းကြယ်လှတဲ့လျှို့ဝှက်ဆန်းကြယ်လှတဲ့လျှို့ဝှက်ချက်ကိုမဖြေရှင်းနိုင်ခဲ့ပါဘူး. . .။

အချို့လူတွေက...သူမလက်ကိုသူမပါးစပ်နဲ့ကိုက်တယ်ရလာတဲ့ဒဏ်ရာကိုမြွေဆိပ်လောင်းထည့်ပြီးသတ်သေတယ်လို့ထင်ကြတယ်။

အချို့လူတွေကတော့ပန်းခြင်းထဲမှာအဆိပ်ပြင်းလှတဲ့မြွေပွေးကိုထည့်ပြီးယူလာစေတယ်၊သူမရဲ့ရင်ဘတ်ကိုမြွေကိုက်ခံပြီးသေတယ်...လို့ပြောကြတယ်။

ဒီနေ့ထိသူမရဲ့ရုပ်အလောင်းကို၊မတ်ခ်အန်ထော်နီရဲ့ဘေး၊အီဂျစ်ပြည်ရဲ့တစ်နေရာရာမှာမြှုပ်နှံထားပါတယ်။ဘယ်နေရာမှာမြှုပ်နှံထားတယ်ဆိုတာကတော့လျှို့ဝှက်ချက်တစ်ရပ်ပါ။အသေအချာအတိအကျမသိပါဘူး။

သင်သာအီဂျစ်ပြည်အလက်ဇန္ဒြီးယားမြို့ကိုသွားမယ်၊သူမရဲ့သင်္ချိုင်းဂူကိုလဲရှာတွေ့မယ်ဆိုရင်တော့သင်ကြီးပွားချမ်းသာကျော်ကြားပြီပေါ့။ထင်ရှားတဲ့သတင်းစာတွေရဲ့ရှေ့ဆုံးစာမျက်နှာမှာသင့်နာမည်ကိုစာလုံးမည်းကြီးတွေနဲ့ဖော်ပြတာကိုလည်းခံရပြီပေါ့။

******

# ကေရီဘုရင်မရဲ့ အချစ်ဇာတ်လမ်းစုံ



ကေရီဘုရင်မကြီး"ကက်သရင်း"၊"ကက်သရင်းသည်ဂရိတ်" ဟာ ရုရှားပြည်ရဲ့ရာဇပလ္လင်ရွှေနန်းမှာစိုးစံခဲ့သူတွေအနက် အကျော်ကြားဆုံးဘုရားမကြီးတစ်ပါးပေါ့။

ဒါပေမယ့်သူမရဲ့နာမည်ရင်းကကက်သရင်းမဟုတ်သလိုရုရှားလူမျိုးလဲမဟုတ်ပါဘူး။ အချို့သမိုင်းသုတေသီတွေ သမိုင်းပညာရှင်တွေကလဲသူမကိုကြီးကျယ်မြင့်မြတ်တယ်လို့မယူဆကြပါဘူး။

ရုရှားပြည်ကို သူမရောက်လာတော့၊ သူမဟာ အညတြ မယ်သုညဘဝပါ။ ဆင်းရဲတွင်းတက်နေတဲ့ ဂျာမန်မင်းသမီးတစ်ပါးပေါ့။ ငတ်ငတ်မွတ်မွတ် စုတ်စုတ် ပြတ်ပြတ် နဲ့လေ။ ကူညီမယ့်မိတ်ဆွေလဲမရှိ။ သူမပိုင် တာ ဆိုလို့ အဝတ်အစားလေး(၃)စုံထဲပါ။

ဒါပေမယ့် သူမက ရုရှားပြည်ရဲ့ ထီးမွေနန်းခံ မြို့စားကြီး ပီတာနဲ့လက်ထပ်နိုင်ခဲ့တယ်။ မြို့စားကြီးပီတာက သိပ်တော့မဟန်။ တွေ့ကရာပြောတတ်တဲ့ သွပ်ချောင်ချောင်။ သူ့မျက်နှာက ကျောက်ပေါက်မာတွေနဲ့။ အိပ်ရာဝင်တဲ့အခါမှာ တောင် ဖိနပ်ကိုမချွတ်။ "ဇာ" ဘုရင်အဖြစ်နဲ့ နန်းတက်ပြီးတဲ့ အခါမှာတောင်၊ သူ့ရဲ့ကျေးကျွန် အစေအပါးတွေနဲ့ သောက်စား မူးယစ် နေတတ်သေးတယ်။ မူးလာရင်သူ့ စစ်သားတွေကို ကိုယ်ထိလက်ရောက် ရိုက်နက်တတ်သေး။ အရက်မူးပြီးကြမ်းပြင်ပေါ်မှာ နာရီပေါင်းများစွာ အိပ်ပျော်သွား တဲ့အခါလဲ အိပ်ပျော်သွားသေးတယ်။ စစ်သားရုပ်ကလေးတွေ နဲ့ ကစားတဲ့အခါလဲ ကစားတတ်သေးတယ်။



ကက်သရင်းမှာ သားသမီး အတော်လေး ထွန်းကားခဲ့တယ်။ ဒါပေမယ့် သူမရဲ့ သွပ်ချောင်ချောင် ကြင်ယာတော်ကတော့ သူ့ရဲ့သားတော် သမီးတော်တွေကို အသိအမှတ်မပြုပါဘူး။ သူ့ရဲ့သွေးမဟုတ်ဘူး၊ သူနဲ့ရတာ မဟုတ်ဘူးလို့ အခိုင်အမာစွပ်စွဲတယ်။

ရာနဲ့ချီနေတဲ့ ညှော်သည်တော်တွေ ရဲ့ ရှေ့မှောက်မှာတောင် သူက ကက်သရင်းကို စော်ကားတယ်။ မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာတယ်၊ သူမနဲ့ကွာရှင်းမယ်၊

သီလရှင်ကျောင်းကို ရာသက်ပန်ပို့ထားမယ်. .စသည်ဖြင့်လဲ ခြိမ်းခြောက်သေးတယ်။



သူက သူမကို အထင်သေးတယ်၊ သူမကလဲ သူ့ကို စက်ဆုပ်ရွံ့မုန်းတယ်။ ဒါကြောင့် သူမက သူ့ကို တော်လှန်ပုန်ကန်ဖို့၊ နန်းချဖို့လုပ်တယ်၊ သူမရဲ့ ချစ်သူတွေထဲက တစ်ယောက်ကို စေခိုင်းတယ်၊ သူ့(လင်တော်မောင်)သောက်မယ့် ဗော့ဒ်ကာအရက်ထဲမှာ အာဆင်းနစ် အဆိပ်ကို ခတ်ဖို့။

ဒါပေမယ့် သူက အင်မတန် ကြမ်းတမ်းသန်စွမ်းတဲ့သူ၊ အသက်ပြင်းတဲ့သူ။ အဆိပ်သောက်မိတာတောင် မသေဘူး။ ဒါကြောင့် ကက်သရင်းရဲ့ ချစ်သူက လက်ကိုင်ပုဝါနဲ့ဆို့ပြီး (အသက်ရှူရပ်အောင်လုပ်ပြီး)သတ်လိုက်ရတယ်။

အဲဒီနောက်တော့နှစ်ပေါင်း(၃၄)နှစ် ကြာအောင် ကက်သရင်း ကအုပ်စိုးခဲ့တယ်။ ကမ္ဘာပေါ်မှာ အကြီးမားဆုံး အင်ပါယာနိုင်ငံကြီးတစ်ခု လူမျိုးစုပေါင်း (၅၀) မှီတင်း နေထိုင်တဲ့ တိုင်းပြည်ကြီးပေါ့။ ကက်သရင်း ကတော့ "သူမရဲ့ အိမ်ထောင်စုလေး" တဲ့။



သူမဟာ နောက်ထပ်ဘယ်တော့မှ အိမ်ထောင်မပြုတော့ပါဘူး။ ဒါပေမယ့် ဘယ်တော့မှလဲ အထီးကျန်ပြီးဖော်ကွာဝေးမနေပါဘူး။ ချစ်သူတွေ အမြောက်အမြား. . .ရာနဲ့ချီနေတဲ့ ချစ်သူတွေဟာ သူမရဲ့ နွေးထွေးတဲ့ ကြည်နူးလွှမ်းပိုတတ်တဲ့ သူမရဲ့နှလုံးအိမ် ကပွဲရုံ ထဲမှာ မြူးကြွကခုန်နေကြလေရဲ့။

ဒါပေမယ့် သူမက စည်းကမ်းတင်းကျပ်တယ်၊ သူမရဲ့မြေးတွေကို ရုက္ခဗေဒ သင်ယူမှုကိုရပ်ဖို့စေခိုင်းတယ်၊ သူတို့တွေက မျိုးစေ့ပျံ့ပွားခြင်းအကြောင်းကိုမေးလို့လေ။

သူမက သူမရဲ့ချစ်သူတွေကို တော်ဝင်နန်းထိုက်တဲ့ ခမ်းနားသိုက်မြိုက်မှုတွေနဲ့ ချီးမြှောက်တယ်၊ သူတို့အတွက် ပေါင် သန်းပေါင်းတစ်ရာ ဖြုန်းခဲ့တယ်၊ သူတို့ထဲက တစ်ချို့ဆိုရင် အရည်အချင်းရယ်လို့ တစ်စိုးတစ်စိတောင်မရှိပါဘူး၊ ဒါပေမယ့် သူမက သူတို့ကို တပ်မတော်ရဲ့ ဗိုလ်ချုပ်ကြီးတွေ၊ အာဏာရှင်၊မြေရှင်ကြီးတွေ၊ နန်းရင်းဝန်ကြီးတွေအဖြစ် ခန့်အပ်မြှောက်စားခဲ့တယ်။



သူမက ပိုလန်နိုင်ငံကို တိုက်ခိုက်အောင်မြင်ခဲ့တယ်၊ သူမရဲ့ ချစ်သူတွေထဲက တစ်ယောက်ကို ပိုလန်နိုင်ငံ ဘုရင်အဖြစ်ခန့်အပ်ခဲ့တယ်။ သူမရဲ့ချစ်သူက ဘုရင်မလုပ်

ချင်ပါဘူး။ ဒါပေမယ့် သူမက သူ့ကို ငြီးငွေ့နေပြီလေ။ သူ့ကိုဖယ်ထုတ်ချင်နေပြီ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဘုရင် အဖြစ်ခန့်အပ်လိုက်တယ်။ နောက်ပိုင်းတော့ သူ့ကိုနန်းချ တယ်။ သူစံမြန်းတဲ့ ရွှေပလ္လင်ကို ရုရှားပြည် ပြန်ယူပြီး သူမရဲ့ရေချိုးခန်းထဲမှာ သုံးလိုက်တာပါပဲ။

သူမရဲ့ အနှစ်သက်ဆုံး အကြိုက်ဆုံးထဲက တစ်ယောက် ကတော့ ဂရီဂိုရီအောလော့ဖ် ပါပဲ၊ ချောမောလှပတဲ့ တပ်မတော်အရာရှိတစ်ယောက်ပေါ့။ သူ့ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းမှုက ခေါ်မ(ဂရိ)နတ်သားတစ်ပါး လိုလှတယ်။ သူ့ရဲ့လက်တွေ ကျွမ်းကျင်မှုကလဲ ရေးခေတ်ဂူအောင်း လူသားတစ်ယောက်. . .လို။

သူက ဘုရင်မကြီးကို အညီမြဲစွဲအောင် ထိုးကြိတ် ရိုက်နှက် လေ့ရှိတယ်။ ဘုရင်မကြီးကို ငြီးငွေ့ရင်၊ ရက်သတ္တအတော်ကြာအောင် စွန့်ခွာသွားလေ့ရှိတယ်။ နန်းတော်ထဲမှာရှိတဲ့ ရံရွေတော် အချောအလှလေးတွေဆီ သွားပြီး မွေကြူးရင်းနဲ့ပေါ့။

ဒါပေမယ့် ဘုရင်မကြီးအနေနဲ့ သဘောထားမကြီးရင် လဲမတတ်နိုင်ပါဘူး။ သူ့အပေါ်မှာ သြဇာမညောင်းဘူး။ လွှမ်းမိုးလို့မရဘူးလေ။ ဒါကြောင့်လဲ သူမက လူချောလေး အောလော့ဖ် ကို ခွင့်လွှတ်ရတယ်။ မြတ်နိုးရတယ်။ ဘွဲ့ထူးဂုဏ်ထူးတွေ ချီးမြှင့်တယ်၊ ရွှေနန်းတော်တွေ ထောင်ပေါင်းများစွာသော ခြေရံသင်းပင်းကျေးကျွန်တွေကို ပေးအပ်တယ်၊ နောက်ဆုံးမှာတော့ သူမရဲ့ချစ်သူက မနူးမနပ် ကလေးမလေးတစ်ယောက်နဲ့ ထွက်ပြေးပြီး ရူးသွပ်သွား တော့တာပါပဲ။

အဲဒီနောက်မှာ "ကသရင်းသည်ဂရိတ်" ကေရီ ဘုရင်မကြီးဟာ ရုပ်ဆိုးကျည်းတန်တဲ့ လူထွားကြီး တစ်ယောက်နဲ့ ချစ်ကြိုးသွယ်မိပြန်တယ်။ သူ့နာမည်က ပိုတမ်ကင် တဲ့။ သူ့မှာ မျက်လုံးတစ်ဖက်ပဲရှိတယ်၊ တစ်ဖက်က ရန်ပွဲမှာ ဆုံးရှုံးခဲ့တယ်လေ။

ပိုတမ်ကင် ဟာ ဖိတ်ဖိတ်တောက်နေတဲ့ ရွှေနန်းတော် ထဲမှာနေတယ်။ ကြီးကျယ်ခမ်းနားမှုတွေ ဥစ္စာဓန ကြွယ်ဝမှု

တွေကလဲအပြည့်၊ ဒါပေမယ့် သူကလွှာဖိနပ် ကလေးကိုပဲ စီးတယ်၊ သူ့ဆံပင်တွေကိုလဲ ဘယ်တော့မှ မဖြီးမသင်။ အမြဲတမ်းလိုလိုညစ်ပတ်ပြီး ရေချိုးဖို့ လိုအပ်နေတဲ့သူ။

လက်သည်းလေးတွေကိုကိုက်လိုက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတွေကိုအစိမ်းလိုက်စားလိုက်နဲ့ပေါ့။ ဒါပေမယ့် သူ့ရဲ့ကာယဗလခွန်အားက အလွန်ကြီးမားတယ်။

သူ့ရဲ့လက်ကလေး နဲ့ ထိလိုက် ကိုင်လိုက် ယုံနဲ့၊ ကက်သရင်းဘုရင်မကြီးအတွက် အနိုင်းအဆမဲ့ မြတ်နိုးမှု၊ တွေ့ထိသာယာပျော်ရွှင်မှုတွေကို ခံစားရတယ်။ သူမကသူ့ကို ရွှေငှက်ကလေးလို့ တင်စားပြီးခေါ်တယ်။

အဲဒီရွှေငှက်ကလေးက ရုရှားပြည်ရဲ့ အကြီးကျယ်ဆုံး ဗိုလ်ချုပ်တွေအနက်တစ်ယောက်ပေါ့။ ဒါပေမယ့် သူက သေနတ်သံတွေကို ကြောက်တယ်၊ အမြောက်သံကြားရင် ကျောင်းသူလေးတစ်ယောက်လို တုန်နေတတ်ပါတယ်။

ကက်သရင်း ဘုရင်မကြီး ဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီးဖြစ်ပေမယ့် တစ်နေ့ကို ထမင်း(၂)နပ်ပဲ စားပါတယ်။ ပုံမှန်ဝင်ငွေမျှသာရှိတဲ့ သူတွေ စားသောက် သလိုပါပဲ။ သူမ ပွဲတော်တည် တဲ့အခါ ရွှေပန်းကန်နဲ့ပါ၊ ဒါပေမယ့် အစားအသောက်တွေ တူးသွား မယ်ဆိုရင်လဲ၊ ရယ်ရယ်မောမောပါပဲ၊ ဘာမှမဖြစ်သလိုဘဲ၊ ခါတိုင်းလိုပဲ စားလိုက်တာပါပဲ။



သူမဟာ လောကီအာရုံကာမဂုဏ်ကို အလွန်အကြူး လိုက်စားသူတွေ ထဲက တစ်ယောက် ဖြစ်ပေမယ့်. . .ဘယ်တော့မှ ဝိုင်အရက်ကို မသောက်ဘူး၊ ဘယ်လိုသေရည် သေရက်ကိုမှလဲ မသုံးဆောင်ဘူး။ ဒါပေမယ့် စပျစ်သီးခြောက် ဖျော်ရည်သောက်တယ်။ မနက်တိုင်း ကော်ဖီခါးခါး(၅)ခွက် သောက်တယ်။ အဲ. . .အဲဒီ(၅)ခွက်အတွက်၊ ကော်ဖီမှုန့် ကတော့ တစ်ပေါင်ကုန်သပေါ့လေ။

သူမရဲ့ ဝန်းကျင်မှာ အစေအပါးတွေ ရာပေါင်းများစွာ ရှိပါတယ်။ ဒါပေမယ့် မီးတွေ ဘာတွေ (မွှေးစရာရှိရင်) ကိုယ်တိုင်မွှေးတယ်။ သူမရဲ့ တစ်သက်တာမှာ ဆေးလိပ် မသောက်ပေမယ့် နှာရှူတဲ့ အလုပ်ကိုတော့ လုပ်တယ်၊ နှာရှူတယ်၊ သူမရဲ့ အဝတ်အစား တွေမှာ အဲဒါတွေ ပေရေနေတယ်၊ ခပ်လှမ်းလှမ်း ကနေတောင် အနံ့ဆိုးတွေ ရနေတတ်တယ်။

တော်ဝင်ရထားနဲ့ သွားလာရတာကိုလဲ ဂုဏ်ယူတယ်၊ ကလေးဘဝတုန်းကတော့ ခန္ဓာကိုယ်ရှိုု့တဲ့မှုကြောင့် အကျီ

ခပ်ကျပ်ကျပ်ကို နေ့ရောညပါဝတ်ခဲ့ရပေမယ့်၊ အခုတော့ လည်တိုင်ကလေးကို ဆန့်ပြီးဝင့်ကြွားစွာနဲ့ပေါ့။



သူမရဲ့ဦးခေါင်းခွံဖွဲ့စည်းမှုကလဲ (၆)နှစ်သမီးကလေး လေးလိုပါပဲ၊ အသက်(၂၆)နှစ်ရောက်မှ ငယ်ထိပ် စေ့တယ် လေ။ သူမအနေနဲ့ အမြဲတစေလိုလို ပြင်းထန်တဲ့ ခေါင်းကိုက် ဝေဒနာကြီးကို ခံစားခဲ့ရတာပေါ့။

သူမက မာနကြီးတယ်၊ မောက်မာတယ် "ဧကရီဘုရင်မကြီး" လို့ လိပ်မူမထားတဲ့ စာအိတ်များဆိုရင် ဖွင့်တောင်မှမကြည့်ဘူး။ တစ်ခါကဆိုရင် လူတစ်ယောက်ရဲ့ နာခေါင်းကို ဖြတ်ပစ်လိုက်တယ်။ ဒီလူက အရက်မူးပြီး သူဟာဖြင့် ဘုရင်မရဲ့ကြင်ယာတော်ပါလို့ပြောမိလို့။

ကက်သရင်း အရွယ်ထောက်လာတော့ မတန်တဆကို ဝလာတော့တာပါ။ ဝလွန်းတဲ့အတွက် သူ့ရဲ့ခြေထောက်တွေ ဟာ သူမရဲ့ ဆင်ခန္ဓာကြီးကိုမနိုင်တော့ဘူးလေ။ ဘီးတပ် လှည်းနဲ့ပဲလှုပ်ရှားသွားလာရတာပေါ့။




သွားတွေက မရှိတော့ဘူး၊ ခန္ဓာကိုယ်က ဆူဖြိုးဝထွက်နေတယ်၊ ဒါပေမယ့် အချစ်လေပြေညင်းက သူမရဲ့ နှလုံးသားဝိညာဉ်ကို လှုပ်ရှားတိုက်ခတ်ဆဲ. . .။

ဒါကြောင့်လဲ ချစ်စိတ်တွေနိုးကြွပြီး ချစ်ရည်တူနစ်ကိုယ်မျှခဲ့ကြပြန်တယ်လေ၊ ဒီတစ်ကြိမ်ကတော့ သူမရဲ့ မြေးလောက်ပဲရှိတဲ့ ချာတိတ်လေးတစ်ယောက်နဲ့ပေါ့။ သူမနောက်ဆုံးစိုးစံခဲ့တဲ့ ရွှေလက်ထက်တော်ကာလ တစ်လျှောက်မှာတော့ အချည်းအနှီးမာန်တက်ပြီး ကျပ်မပြည့်တဲ့ မိန်းမ

အရှိန်ကိုယူပြီး ထမီနားခိုစားခဲ့တဲ့ အဲဒီ ပုဂ္ဂိုလ်လေးဟာ ရုရှား ပြည်ကြီးကို "ဇာ"ဘုရင်တစ်ပါးလို အုပ်စိုးခဲ့လေရဲ့. . .။

******

# သမ္မတကြီးလင်ကွန်းရဲ့ ချစ်ဒုက္ခ



လွန်ခဲ့တဲ့နှစ်ပေါင်း(၁၇၇)နီးပါးတုန်းကအေဗရာဟင်လင်ကွန်းနဲ့မေရီတော့ဒ်တို့ဟာအီလီနွိုက်ပြည်နယ်စပရင်းဖီးမြို့မှာလက်ထပ်ခဲ့ကြပါတယ်။


သူတို့ရဲ့အိမ်ထောင်ရေးဟာကံအဆိုးဆုံးစိတ်မချမ်းမြေ့ဖွယ်အကောင်းဆုံးအိမ်ထောင်ရေးတွေထဲကတစ်ခုအဖြစ်သမိုင်းတွင်ခဲ့ပါတယ်။

သူ့ရဲ့အိမ်ထောင်ရေးနဲ့ပတ်သက်ပြီးလင်ကွန်းထုတ်ဖော်ရေးသားခဲ့တာကတော့တစ်ခုတည်းပဲရှိပါတယ်။အလုပ်ကိစ္စနဲ့ပတ်သက်ပြီးရေးတဲ့စာတစ်စောင်ရဲ့အဆုံးမှာနောက်ဆက်တွဲစာကျန်အဖြစ်ရေးသားချက်ကလေးပါ။ဆင်မြူရယ်မာရှယ်ဆိုတဲ့သူ့ဆီကိုရေးခဲ့တဲ့စာပါ။ဒီစာဟာ(အခုတော့)ချီကာဂိုသမိုင်းသုတေသီအသင်းရဲ့လက်ဝယ်မှာရှိလေရဲ့။အဲဒီစာထဲမှာလင်ကွန်းက. .

"ကျွန်တော်အိမ်ထောင်ပြုလိုက်တယ်ဆိုတဲ့သတင်းကလွဲလို့အခြားသတင်းထူးမရှိပါဘူး။အဲဒါကလဲကျွန်တော့အတွက်တော့အလွန့်အလွန်ကိုအံ့ဩဖွယ်ကောင်းတဲ့ကိစ္စလို့ဆိုရမှာပါပဲ"...လို့ရေးခဲ့တယ်။

ဝီလျံအိပ်ချ်ဟာဒန်ဟာလင်ကွန်းနဲ့အနှစ်(၂၀)လောက်တွဲခဲ့တဲ့ဥပဒေရေးရာလုပ်ဖော်ကိုင်ဖက်တစ်ယောက်ဖြစ်ပါတယ်။အခြားသူတွေထက်သူကလင်ကွန်းအပေါ်မှာပိုပြီးနားလ

ည်သဘောပေါက်သူဖြစ်ပါတယ်။ ဟာဒန်က "အနှစ်(၂၀)အတွင်းမှာလင်ကွန်းအနေနဲ့စိတ်ချမ်းသာပျော်ရွှင်ရတဲ့နေ့ရက်ရယ်လို့တစ်ရက်တလေတောင်မတွေ့ဖူးပါဘူး"လို့ဆိုတယ်။လင်ကွန်းရဲ့စိတ်မချမ်းမြေ့ရမှု၊ဝမ်းနည်းကြေကွဲရမှုတွေဟာသူ့ရဲ့အိမ်ထောင်ရေးနဲ့အများကြီးဆိုင်တယ်လို့ဟာဒန်ကထင်မြင်ယူဆခဲ့ပါတယ်။



လင်ကွန်းရဲ့အတ္ထုပ္ပတ္တိကိုရေးဖို့ကျွန်တော်(၃)နှစ်လောက်အချိန်ယူခဲ့တယ်။အဲ့ဒီအတ္ထုပ္ပတ္တိကိုရေးနေတုန်းကလင်ကွန်းမိသားစုရဲ့အိမ်တွင်းရေးအိမ်ထောင်ရေးကိစ္စတွေကိုအတတ်နိုင်ဆုံးလေ့လာတယ်၊စစ်ဆေးတယ်။ပြန်ပြီးစစ်ဆေးတယ်။ရနိုင်သမျှသက်သေခံအဖြစ်အပျက်ကလေးတစ်ခုတလေကအစပေါ့။

"လင်ကွန်းရဲ့ဘဝမှာအကြီးမားဆုံးဒုက္ခ၊ကြေကွဲဖွယ်အဖြစ်ဆိုး(အလွမ်းဇာတ်)ကတော့သူ့ရဲ့အိမ်ထောင်ရေးပဲဖြစ်တယ်"...လို့ကျွန်တော်ဆင်ခြင်သုံးသပ်လို့ရပါတယ်။ကျွန်တော်အနေနဲ့ဒီလိုကောက်ချက်မျိုးမချချင်ပေမယ့်(မချရင်မဖြစ်လို့)တွန့်ဆုတ်နာကျင်စွာနဲ့ပဲဒီကောက်ချက်ကိုချခဲ့ရခြင်းဖြစ်ပါတယ်။

လင်ကွန်းနဲ့မေရီတော့ဒ်တို့စေ့စပ်ကြောင်းလမ်းပြီးလို့မကြာခင်မှာပဲသူတို့နှစ်ယောက်ဟာအရာရာမှာလုံးဝဆန့်ကျင်ဖက်ဖြစ်နေတယ်...၊သူတို့ဟာဘယ်တော့မှစိတ်ချမ်းသာနိုင်ကြမှာမဟုတ်ဘူး...၊သူတို့ရဲ့စိတ်ဓာတ်၊သဘောထား၊ဝါသနာ၊အကြိုက်၊အလေ့အကျင့်၊အလိုဆန္ဒ..၊အရာရာဟာဆန့်ကျင်ဖီ

လာ၊ပြဒါးတစ်လမ်းသံတစ်လမ်း..လို့လင်ကွန်းအနေနဲ့သဘော ပေါက်ခဲ့ပါတယ်။

ပမာဆိုကြပါစို့...

မေရီတော့ဒ်ကကင်တပ်ကီပြည်နယ်ကကျောင်းတော်မှ ၁ပညာသင်ကြားခဲ့သူ၊ပြင်သစ်စကားကိုပဲရစ်လေသံနဲ့ပြောတ တ်သူအီလီနွိုက်ပြည်နယ်ရဲ့ပညာတတ်ဆုံးဆိုသူတွေထဲမှာတ စ်ယောက်အပါအဝင်။




လင်ကွန်းအနေနဲ့ကသူ့တစ်သက်တာလုံးမှာ(၁၂)လပြ ည့်အောင်တောင်ကျောင်းမနေခဲ့ရတဲ့သူ။

မေရီတော့ဒ်ကသူမရဲ့မိသားစုနဲ့ပတ်သက်ပြီးသိပ်ကိုဂု ဏ်ယူဝင့်ကြွားတယ်။သူမရဲ့အဘိုး၊သူမရဲ့အဘေးတွေ။သူမရဲ့ ဦးကြီးဦးလေးတော်တွေကစစ်ဗိုလ်ချုပ်ကြီးတွေ၊ဘုရင်ခံတွေ၊ တစ်ယောက်ဆိုရင်ရေတပ်မတော်ကြီးရဲ့အတွင်းရေးမှူးချုပ်။

လင်ကွန်းအနေနဲ့ကတော့မျိုးရိုးစဉ်ဆက်နဲ့ပတ်သက်ပြီး ဘာမှဂုဏ်ယူဝင့်ကြွားစရာမရှိပါဘူး။လင်ကွန်းကပြောဖူးတယ် ။သူ့စပရင်းဖီးမှာနေတုန်းကသူ့ဆွေမျိုးတစ်ယောက်သူ့ဆီလာ လည်ဖူးတယ်။အဲဒီလူမြို့ထဲကမထွက်ခင်မှာပဲခိုးမှုနဲ့စွပ်စွဲခံရ သတဲ့။

မေရီတော့ဒ်ကတော့အဝတ်အစား၊ပကာသန၊ပွဲလမ်း သဘင်တွေကိုအလွန်အမင်းဝါသနာထုံတယ်။စိတ်ဝင်စားတ ယ်။လင်ကွန်းကတော့သူ့ကိုယ်သူတောင်ဂရုစိုက်တဲ့သူမဟုတ် ဘူး။တစ်ခါတစ်ရံသူလမ်းထွက်တဲ့အခါဘောင်းဘီစတစ်စက သူ့ရဲ့ဘွတ်ဖိနပ်ထဲဝင်နေပြီးကျန်တစ်စကဖိနပ်ရဲ့အပြင်မှာ။

အစားအသောက်စားတဲ့အခါစားသောက်ပုံနည်းစနစ်ယဉ်ကျေးမှုလေးတွေဟာအထွတ်အမြတ်ထားရမယ်။ထုံးတမ်းစဉ်လာအရလိုက်နာရမယ့်အရာဖြစ်တယ်လို့မေရီတော့ဒ်ကသင်ယူခဲ့ရသူ။လင်ကွန်းကတော့အခင်းမြေကြီး၊အကာသစ်လုံးသာရှိတဲ့တဲအိမ်လေးထဲမှာဆင်းဆင်းရဲရဲကြီးပြင်းလာခဲ့တဲ့သူ။



စားသောက်ရာမှာသုံးတဲ့ဓားကိုထောပတ်ခွက်ထဲသွားစိုက်ထားတာတွေ၊..ပြီးတော့မေရီတော့ဒ်နေနဲ့အံ့သြတုန်လှုပ်စရာ၊စိတ်ဆိုးဒေါသထွက်စရာတွေအများကြီး..။

သူမကမာနကြီးတယ်၊မောက်မာတယ်။လင်ကွန်းကမာန်မာနမရှိ။ရိုးကုပ်နှိမ်ချတယ်။ဘယ်သူ့ကိုမဆိုတန်းတူရည်တူသဘောထားတယ်။

သူမကအလွန်အမင်းမနာလိုမှု၊သဝန်တိုမှုများတယ်။လင်ကွန်းကအခြားမိန်းကလေးတစ်ယောက်ကိုကြည့်လိုက်မိယုံနဲ့ဒေါသူပုန်ထပြီးဆူပွက်တော့တာပါပဲ။သူမရဲ့မနာလိုဝန်တိုမှုကခါးသီးဆိုးဝါးပြင်းထန်လွန်းတယ်။ဆင်ခြင်တုံတရားကင်းမဲ့ပြီးတကယ်မဟုတ်တဲ့ဟာတွေကိုကိုယ့်စိတ်ကူးထဲမှာပေါ်ရင်ပေါ်သလိုဖန်တီးတတ်တဲ့အတွက်...။

သူမရဲ့မနာလိုမှုတွေကိုဖတ်ရတဲ့စာဖတ်သူတစ်ယောက်အနေနဲ့တောင်တအံ့တသြနဲ့ပင့်သက်ဖိုလိုက်မိမှာပါပဲ။

စေ့စပ်ပြီးမကြာခင်မှာလင်ကွန်းကသူမဆီကိုစာတစ်စောင်ရေးတယ်။သူ့အနေနဲ့သူမကိုလက်ထပ်ယူနိုင်လောက်တဲ့အထိချစ်တာမဟုတ်ဘူးဆိုတဲ့စာ။လင်ကွန်းကအဲ့ဒီစာကိုမေရီတော့ဒ်ကိုပေးပေးပါဆိုပြီးသူ့သူငယ်ချင်းဂျိုရှူဝါစပိဒ်ကိုပေးတယ်။စပိဒ်ကစာကိုစုတ်ဖြဲ၊မီးထဲထည့်ပစ်လိုက်ပြီးလင်ကွန်းကိုယ်တိုင်မေရီတော့ဒ်ဆီသွားတွေ့ဖို့ပြောတယ်။

လင်ကွန်းလဲသွားခဲ့ပါတယ်၊သူ့အနေနဲ့သူမကိုလက်မ ထပ်လိုဘူး..လို့ပြောတော့သူမကလိုက်ဖိုငိုကြွေးတော့တာပါပဲ ။မိန်းမတစ်ယောက်ငိုကြွေးနေတာကိုမြင်ရတဲ့လင်ကွန်းအနေ နဲ့ခံနိုင်ရည်ကမရှိ။ဒီတော့သူမကိုပွေ့ဖက်မွေးကြူရင်းနဲ့တောင်း ပန်စကားပြန်ပြောခဲ့တယ်လေ။

မင်္ဂလာနေ့ရက်ကို၁၈၄၁ခုနှစ်၊ဇန်နဝါရီလ(၁)ရက်နေ့ လို့သတ်မှတ်ပြင်ဆင်ပြီးပြီ၊မင်္ဂလာကိတ်မုန့်ကိုဖုတ်ပြီးဧည့်သ ည်တော်တွေလဲရောက်ပြီ။ဒါပေမယ့်လင်ကွန်းတစ်ယောက်က တော့ပေါ်မလာပါဘူး။ဘာကြောင့်ပေါ်မလာတာပါလဲ..?

မေရီတော့ဒ်ရဲ့အစ်မကတော့နောက်ပိုင်းမှာရှင်းပြတ ယ်။လင်ကွန်းကရူးသွားလို့တဲ့။သူမယောက်ျားကလဲ "ဟုတ်တယ်လေ..သုံးမရလောက်အောင်ကိုရူးသွားလို့ပေါ့"လို့ ထပ်ဆင့်မှတ်ချက်နဲ့ပြောလိုက်သေး။

တကယ့်အဖြစ်ကလင်ကွန်းတကယ့်ကိုနေမကောင်းဖြ စ်တာပါ။လူရောစိတ်ပါပေါ့။သူ့ရဲ့စိတ်ညစ်နွမ်းခံစားမှုကသိပ်န က်ရှိုင်းပြီးကြောက်စရာကောင်းလို့စိတ်ဓာတ်တွေမတည်မငြိမ်

ဖြစ်ခဲ့ရတယ်။ကျိုးကြောင်းဆင်ခြင်ဉာဏ်တွေအံ့ချော်ခဲ့ရတယ်။နေ့လယ်နေ့ခင်းတွေမှာတောင်အဆက်အစပ်မရှိပေါက်ကရစကားတွေကိုဆီမန်းမန်းသလိုတတွတ်တွတ်ရေရွတ်ပြောဆိုနေတာ..သူငယ်ချင်းတွေကတွေ့ကြုံလာတယ်။"ကိုယ့်ကိုယ်သတ်သေခြင်း"ကဗျာတစ်ပုဒ်ကိုလည်းရေးသားခဲ့တယ်။စပရင်းဖီးစ၁စောင်တစ်ခုကိုပို့တယ်။ပုံနှိပ်ထုတ်ဝေဖို့။သူ့ကိုယ်သူသတ်သေမှာစိုးလို့သူကိုင်တဲ့ဓားကိုသူ့သူငယ်ချင်းတွေကဖွက်ထားရတယ်။



သူ့ဘဝနဲ့ပတ်သက်ပြီးကြေကွဲဖွယ်၊ရင်ထုမနာဖြစ်ဖွယ်၊စာတစ်စောင်ကိုလည်းရေးခဲ့တယ်။သူနဲ့ဥပဒေရေးရာလုပ်ဖော်

ကိုင်ဖက်ယခုအချိန်မှာတော့အမေရိကန်ကွန်ဂရက်လွှတ်တော်မှာရောက်နေသူထံရေးခဲ့တဲ့စာပါပဲ။

"ခုအချိန်မှာကျွန်တော်ဟာအသက်ရှင်နေတဲ့လူသားတွေထဲမှာစိတ်အဆင်းရဲဆုံးလူသားတစ်ယောက်ပါပဲ။ကျွန်တော်ခံစားနေရတာကိုသာကျန်တဲ့လူသားတွေကိုထပ်တူညီမျှခွဲဝေပေးလိုက်မယ်ဆိုရင်ရွှင်ပျကြည်သာစိတ်ချမ်းသာတဲ့လူသားရယ်လို့လောကမှာတစ်ယောက်တောင်ရှိမယ်မဟုတ်ပေဘူး။ကျွန်တော့်အခြေအနေတွေဒီထက်ပိုကောင်းလာဦးမှာလားဆိုတာတော့မပြောတတ်အောင်ပါပဲဗျာ။ကောင်းလာမှာမဟုတ်ဘူးဆိုတာတော့ကျွန်တော်ကြိုတင်ပြီးနိမိတ်ဖတ်နိုင်ပါရဲ့။ဒီအတိုင်းဒီလိုပဲဆက်နေဖို့ဆိုတာကလဲမဖြစ်နိုင်ဘူးပေါ့ဗျာ။ကျွန်တော်သေလိုက်တာကမှပိုကောင်းဦးမယ်ထင်ပါတယ်။"

အဲဒီနောက်ပိုင်း(၂)နှစ်နီးပါးကြာအောင်လင်ကွန်းကမေရီတော့ဒ်နဲ့အဆက်အသွယ်မလုပ်ဘဲနေတယ်။နောက်တော့အောင်သွယ်တစ်ယောက်ကသူတို့ကိုနှစ်ယောက်ချင်းတွေ့ဆုံပေးတယ်။သူမကိုလက်ထပ်ယူဖို့လင်ကွန်းမှာတာဝန်ရှိတယ်

လို့မေရီတော့ဒ်ကပြောတယ်။ဒီတော့သူကလဲလက်ထပ်ယူခဲ့ပါတယ်။

လင်ကွန်းအကြောင်းစာတစ်အုပ်ရေးဖို့အီလီနွိုက်ပြည်နယ်ကိုကျွန်တော်ရောက်တုန်းကအန်ကယ်ဂျင်မီမိုင်းကိုသွားရောက်တွေ့ဆုံခဲ့တယ်။သူကစပရင်းဖီးမြို့နားမှာနေတဲ့လယ်သမားတစ်ယောက်ပါ။သူ့ရဲ့ဦးကြီးတော်တစ်ယောက်ကလင်ကွန်းနဲ့ဥပဒေရေးရာလုပ်ဖော်ကိုင်ဖက်မစ္စတာဟာဒန်ဆိုသူဖြစ်တယ်။သူ့အဒေါ်တစ်ယောက်ကလဲတည်းခိုခန်းအဆောက်အအုံတစ်ခုကိုစီမံအုပ်ချုပ်တဲ့သူ။

လင်ကွန်းတို့လင်မယားလက်ထပ်ပြီးကာစကလာရောက်နေထိုင်သွားခဲ့တဲ့အဆောက်အအုံပေါ့။

သူ့အဒေါ်မကြာခဏပြောပြလေ့ရှိတဲ့အဖြစ်အပျက်တစ်ခုကိုအန်ကယ်ဂျင်မီမိုင်းကကျွန်တော့ကိုပြန်ပြောပြတယ်။

"တစ်နေ့နံနက်ပိုင်း၊အခြားဧည့်သည်တွေနဲ့အတူလင်ကွန်းတို့ဇနီးမောင်နှံနံနက်စာစားနေကြတယ်။လင်ကွန်းကတစ်ခုခုပြောလိုက်မိတယ်။သူ့ဇနီးကမကျေမနပ်ဖြစ်ပြီးလင်ကွန်း

ရဲ့မျက်နှာကိုကော်ဖီပူပူတစ်ခွက်နဲ့ပက်ထည့်လိုက်တာ။လင်ကွန်းကသူမကိုဘာမှကိုဘာမှမတုန့်ပြန်ဘူး။ပြစ်တင်ကြိမ်းမောင်းတာမလုပ်ဘူး။ဘာမှလဲမပြောဘူးတည်းခိုခန်းပိုင်ရှင်ကအဝတ်စိုတစ်ခုယူလာပြီးလင်ကွန်းရဲ့မျက်နှာရဲ့မျက်နှာနဲ့အဝတ်အစားတွေကိုသုတ်ပေးရတယ်..တဲ့။”



လင်ကွန်းရဲ့အိမ်ထောင်သက်တမ်းတစ်လျောက်မှာအလားတူအဖြစ်အပျက်မျိုးတွေအကြိမ်ကြိမ်ဖြစ်ပျက်ခဲ့ကောင်းဖြစ်ပျက်ခဲ့ပါလိမ့်မယ်။ဒါပေမယ့်...ကျွန်တော်တို့ကလင်ကွန်းရဲ့ဇနီးကိုပြင်းပြင်းထန်ထန်ကြီးကောက်ချက်မချကြပါစို့နဲ့..။ဘာ

ကြောင့်လဲဆိုရင်သူမကနောက်ပိုင်းမှာသွက်သွက်ခါအောင်ရှုံးသွားလို့ပါပဲ။ဒါကြောင့်စောစောပိုင်းကတည်းကလဲသူမရဲ့စိတ်တွေဖောက်ပြန်ပြီးရှုံးသွပ်တော့မယ့် ဆဲဆဲဖြစ်နေလို့လဲဖြစ်နိုင်ပါတယ်။

လင်ကွန်းအကြောင်းကျွန်တော်သိသမျှထဲမှာနစ်လိုဖွယ်အကောင်းဆုံးအမြင့်မြတ်ဆုံးအရာတစ်ခုကတော့လင်ကွန်းဟာသူ့ရဲ့မသာယာတဲ့အိမ်ထောင်ရေးကိုနစ်ဆယ့်သုံးနစ်လုံးလုံးသည်းခံခဲ့တယ်။နာကျည်းခက်ထန်မှုတွေမရှိဘူး။အမျက်ဒေါသအာဃာတတွေမထားဘူး။အဲ့ဒီအကြောင်းတွေကိုဘယ်သူ့ကိုမှလဲတစ်ခွန်းတလေတောင်မပြောခဲ့ဘူး။

လင်ကွန်းဟာယေရှုခရစ်တော်လိုခွင့်လွှတ်မှုတွေလူမကနတ်တမျှအဆင့်မြင့်မွန်မြတ်လှတဲ့ခန္တီတရားတွေနဲ့...။သူ့ရဲ့ချစ်ဒုက္ခတွေကိုသည်းခံခဲ့တာပါပဲ..။

****

# သမ္မတကြီးလင်ကွန်း
# အလောင်းခိုးမှု



ငွေတုပြုလုပ်တဲ့ဂိုဏ်းတွေထဲကအကျွမ်းကျင်ဆုံးဂိုဏ်း တစ်ဂိုဏ်း..။”ဘစ်ဂျင်”..။ကင်နဲလီရဲ့ဂိုဏ်း။အမေရိကန်ပြည်ထောင်စုလျှို့ဝှက်စုံထောက်ဌာနကိုဒုက္ခအပေးဆုံးအနှောက်ယှက်အပေးဆုံးဂိုဏ်း..။

စကားပြောချိုသာပြီးသိမ်မွေ့တဲ့အမူအယာရှိတဲ့ဒီလူဆိုးလူလိမ်တွေဟာကြီးပွားချမ်းသာသူ၊ခနဉစ္စကုံလုံကြွယ်ဝသူ

တွဖြစ်တယ်။တရားမဝင်ငွေတုတွေကိုရောင်းဝယ်ဖောက်ကားကြလို့ပေါ့။ နှစ်ပေါင်းများစွာကြာအောင် သူတို့(ရတဲ့)အကျိုးအမြတ်တွေကအံ့မခန်းနိုင်လောက်အောင်ပါပဲ။

ဒါပေမယ့်၁၈၇၆နှေဦးပေါက်ရာသီကာလအချိန်ကစပြီးတော့သူတို့ရဲ့အခြေနေတွေအလွန့်အလွန်ကိုဆိုးရွားခဲ့တယ်။သူတို့ရဲ့မှောင်ခိုတရားမဝင်ငွေကြေးတွေကုန်ခမ်းတော့မလောက်ဖြစ်ခဲ့တယ်။ဘယ်ကနေထပ်ရှာရမယ်ဆိုတာလဲမသိကြတော့ဘူး။ဘာကြောင့်ဆိုတော့သူတို့ကိုငွေတုတွေထုတ်လုပ်ပေးတဲ့ငွေတုဂိုဏ်းခေါင်းဆောင်ဘင်ဘွိုက်အဖမ်းခံရတယ်လေ။

စုံထောက်ဌာနကဘင်ဘွိုက်ကိုလက်ပူးလက်ကြပ်မိတာပါ။ဒါကြောင့်သူတို့အမိအရဖမ်းဆီးနိုင်ခဲ့သလို၊တရားသူကြီးတစ်ယောက်ကလည်းအလုပ်ကြမ်းနဲ့ထောင်ဒဏ်(၁၀)နှစ်အပြစ်ပေးခဲ့တယ်။အီလီနွိုက်ပြည်နယ်ဂျိုးလီယက်မှာပေါ့။

အခြေနေကမျှော်လင့်ချက်မရှိလောက်အောင်စိတ်ပျက်ဖွယ်ရာပါ။ဒါကြောင့်လဲကင်နဲလေနဲ့သူ့ဂိုဏ်းသားတွေက(အစိုးရကိုအံ့တုဖို့၊ရန်ပြုဖို့စည်းဝေးတိုင်ပင်ကြတယ်။

ငွေကြေးကိုအာသာငမ်းငမ်းလိုချင်တောင့်တတာရယ်၊ သူတို့ရဲ့အစွမ်းအစနဲ့အင်အားအပေါ်ယုံကြည်တာရယ်ကြောင့်၊ဘင်ဘွိုက်ကိုထောင်ကရအောင်ထုတ်မယ်လို့သစ္စပြုကြတယ်။သူတို့ကိုဘယ်အရာကမှမတားဆီးနိုင်စေရဘူးလို့လေ။ဒါကြောင့်၁၈၇၆ခုဆောင်းဦးရာသီမှာရာဇဝတ်မှုတစ်ခုကိုကျူးလွန်ဖို့ကြိုးပမ်းခဲ့ကြတယ်။အဲဒီဖြစ်ရပ်ကတစ်တိုင်းပြည်လုံးကနိုင်ငံသားတွေကိုဒေါသထွက်စေတယ်။သန်းနဲ့ချီနေတဲ့လူတွေရဲ့ဒေါသကိုပွက်ပွက်ဆူစေခဲ့တယ်။

စိတ်ကြီးဝင်၊မာနကြီးပြီးဗိုလ်ကျစိုးမိုးတတ်တဲ့ငွေတုဂိုဏ်းသားတွေဟာသမ္မတကြီးအေဗရာဟင်လင်ကွန်းရဲ့ရုပ်အလောင်းကိုခိုးယူဖို့စီစဉ်ခဲ့ကြတယ်။



ရုပ်အလောင်းကိုအိတ်ကြမ်းကြီးတစ်ခုထဲကိုထည့်..။ ဘီး(၄)ဘီးတပ်လှည်းကြီးရဲ့အောက်ခြေမှာတင်..။အားပြည့် လန်းဆန်းနေတဲ့မြင်းတွေကိုတစ်ဆင့်ပြီးတစ်ဆင့်လဲ..။ပြီးတော့အမြန်ဆုံးနှုန်းနဲ့ကဆုန်စိုင်းမယ်..။မြောက်အင်ဒီယားနားနယ်ကိုရောက်တဲ့အထိပေါ့။

အဲဒီကိုရောက်ရင်မီချီကန်ရေအိုင်ကြီးရဲ့ကမ်းခြေလူသူအရောက်အပေါက်နည်းတဲ့သဲတောင်ကုန်းတွေကြားမှာအဲဒီရုပ်အလောင်းကိုဝှက်မယ်၊မြုပ်နှံမယ်ပေါ့။ဂရုတစိုက်နဲ့သတိထားပြီးအကဲခတ်မယ့်သူကလဲတစ်ယောက်မှမရှိ။ခေါင်းပေါ်မှာပျံဝဲနေတဲ့ဇင်ယော်ငှက်ကလေးတွေရယ်..။ကန်ကြီးပေါ်ကဖြတ်သန်းတိုက်ခတ်လာတဲ့လေရယ်..။သူတို့ရဲ့ခြေရာလက်ရာတွေကိုတစ်စွန်းတစ်စမကျန်အောင်ဖျောက်ဖျက်တိုက်ခတ်ပေးမယ့်လေကြောင့်ရွေ့လျားနေတဲ့သဲနုနုကလေးတွေရယ်..ကလွဲရင်ပေါ့။

အဲဒီနောက်ပြည်သူလူထုကမခံမရပ်နိုင်ဆူဆူပူပူရုတ်ရုတ်သဲသဲဖြစ်နေချိန်မှာ၊ငွေတုဂိုဏ်းဝင်တွေကဘေးကျပ်နံကျပ်

ဖစ်အောင်အကျပ်ကိုင်မယ်၊ကောက်ကျစ်စဉ်းလဲ့တဲ့နည်းတွေနဲ့ အနိုင်အထက်ပြုမယ်၊စော့စပ်လာအောင်လုပ်မယ်။


"ဘင်ဘွိုက်"ကိုအစိုးရကထောင်ကလွှတ်ပေးရမယ့်အပြင်၊လျော်ကြေးအဖြစ်ပေါင်ငါးသောင်းပေးရမယ်။အဲဒီလိုဆိုရင် အလေးတမြတ်ထားတဲ့အေဗရာဟင်လင်ကွန်းရဲ့ရုပ်အလောင်းကိုသူတို့ကပြန်ပေးမယ်။

"ဒီအစီအစဉ်စီမံကိန်းကအန္တရာယ်မများလွန်းဘူးလား?"..။ဟင့်အင်းမများပါဘူး။လက်တွေ့သဘောကိုသုံးသပ်တဲ့နေရာမှာပိုင်နိုင်လှတဲ့ဒီလူလိမ်လူရှုပ်တွေကသိထားတယ်လေ။ အီလီနွိုက်ပြည်နယ်မှာ(အသုဘ)ရုပ်အလောင်းကိုခိုးယူတဲ့အတွက်ရာဇဝတ်ပြစ်မှုမြောက်တယ်ဆိုတဲ့ဥပဒေကမရှိသေးဘူးလေ။

ဒါကြောင့်လဲ၁၈၇၆၊နိုဝင်ဘာလ(၆)ရက်နေ့ညနေမှာပေါ့..။ချီကာဂိုနဲ့အလ်တန်ကိုပြေးဆွဲနေတဲ့ရထားပေါ်ကိုငွေတုလုပ်တဲ့ဂိုဏ်းသား(၃)ယောက်၊တက်လိုက်ကြတယ်။အီလီနွို

က်ပြည်နယ်မှာရှိတဲ့လင်ကွန်းရဲ့ဇာတိမြို့စပရင်းဖီးကိုဦးတည်
ကတယ်ပေါ့။

ချီကာဂိုကမထွက်ခွာခင်မှာလန်ဒန်သတင်းစာတစ်စော
င်ကိုသူတို့ဝယ်ခဲ့ကြတယ်။အဲဒီသတင်းစာရဲ့တစ်ပိုင်းတစ်စကို
ဖဲ့ပစ်လိုက်တယ်။ကျန်တဲ့သတင်းစာတစ်စောင်လုံးကိုအေဗရာ
ဟင်လင်ကွန်းရဲ့ကိုယ်တစ်ပိုင်းရုပ်တုထဲမှာထည့်ထားလိုက်တ
ယ်။အဲဒီရုပ်တုကချီကာဂိုမှာရှိတဲ့ပျော်ပွဲစားရုံအရက်ရောင်းခန်း
ထဲမှာရှိတယ်လေ၊အဲဒါကသူတို့ဂိုဏ်းရဲ့ဌာနချုပ်ပေါ့။



သူခိုးတွေကဒီလိုစီစဉ်ခဲ့ကြတယ်၊လင်ကွန်းရဲ့ရုပ်အလောင်းကိုသူတို့သယ်ဆောင်ပြေးတဲ့အခါအဲဒီဆုတ်ဖြဲထားတဲ့သတင်းစာအပိုင်းအစကိုဘာမှမရှိတော့တဲ့သချိုင်းဂူထဲမှာထားခဲ့မယ်ပေါ့။သူတို့ကသိနေတယ်။စုံထောက်တွေအနေနဲ့ဒီသတင်းစာရှုကိုကောက်ယူမယ်။သဲလွန်စတစ်ခုအဖြစ်သိမ်းမယ်ဆိုတာကိုလေ..။

အဲဒီနောက်တစ်တိုင်းပြည်လုံးကသွေးရူးသွေးတန်းနဲ့စိတ်လှုပ်ရှားမှုတွေကြောင့်သိမ့်သိမ့်တုန်နေတဲ့အချိန်မှာငွေတုဂိုဏ်းလူဆိုးတွေကအီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူးကိုချဉ်းကပ်မယ်။အပေးအယူလုပ်မယ်။အုပ်ချုပ်ရေးမှူးအနေနဲ့ဘယ်လိုလုပ်ပြီးဒီလူတွေဟာဖြင့်တစ်ကယ်အစစ်အမှန်ကျူးလွန်ထားတဲ့လူဆိုးတွေဖြစ်တယ်လို့သိနိုင်မှာလဲ..?။

ဒါကလွယ်လွယ်လေးပါ..။ဒီစက်ဆုပ်ဖွယ်ကောင်းတဲ့လူဆိုးတွေကစာတစ်မျက်နှာပြဲနေတဲ့သတင်းစာကိုထုတ်ပြမယ်လေ။စုံထောက်တွေရဲ့လက်ထဲမှာရှိနေတဲ့ဖြဲဆုတ်ထားတဲ့သတင်းစာအစိတ်အပိုင်းနဲ့ဆက်လိုက်ရင်အတိအကျအံကိုက်ဖြစ်

နမယ်ပေ့ါ။အဲဒီလိုအံ့ကိုက်ဖြစ်နေပြီထပ်တူထပ်မျှဖြစ်နေပြီဆို တာတွေ့ရင်ပွဲသိမ်းပြီပေ့ါ။

ဒါကြောင့်ကြောက်မက်ဖွယ်ကောင်းအောင်ယုတ်မာလှ တဲ့လူ့ဂုက်အစီအစဉ်အတွက်ပြင်ဆင်မှုတွေလုပ်ကြတယ်။၁ ၈၇၆ခုနှစ်ရွေးကောက်ပွဲကျင်းပတဲ့ညမှာလူဆိုးဂိုဏ်းသားတွေ ဟာစပရင်းဖီးမြို့ကိုရောက်လာခဲ့ကြတယ်။အမြော်အမြင်ရှိရှိနဲ့ ရွေးချယ်ထားတဲ့အချိန်ပေ့ါ။တစ်တိုင်းပြည်လုံးမှာအပြိုင်အဆို င်အနိုင်လုနေရတဲ့ရွေးကောက်ပွဲကာလအချိန်လေ။သွေးချော င်းစီးခံရတဲ့ပြည်တွင်းစစ်ကာလရဲ့နောက်ပိုင်းမှာပြည်သူတစ်ရ ပ်လုံးစိတ်လှုပ်ရှားရတဲ့ရွေးကောက်ပွဲပေ့ါ။

ရွေးကောက်ပွဲရတဲ့မဲအခြေအနေစာရင်းတွေကိုချက်ချ င်းထုတ်လွှင့်နေတယ်၊ဒီတော့စပရင်းဖီးတစ်မြို့လုံးစိတ်ဓာတ် တက်ကြွပြီးလှုပ်လှုပ်ရှားရှားဖြစ်နေတဲ့အချိန်ပေ့ါ။

ဆူညံအော်ဟစ်နေကြတဲ့မဲဆန္ဒရှင်တွေ၊အောင်မြင်မှုနဲ့ ယစ်မူးနေကြသူတွေဟာမြို့ထဲကလမ်းတွေ၊ပန်းခြံတွေထဲမှာစု ရုံးလှည့်လည်သွားလာနေကြတယ်လေ။ရဲရဲတောက်ထိန်ညီးေ

နတဲ့မီးတုတ်တွေကိုဖော့ရမ်းရင်း၊အော်ဟစ်သီကြွေးကခုန်ရင်းနဲ့ပေါ့။



လင်ကွန်းရဲ့ရုပ်အလောင်းကိုခိုးယူထွက်ပြေးဖို့အတွက် ဘယ်လောက်များအံ့ဝင်ခွင်ကျဖြစ်လိုက်တဲ့အချိန်ပါလဲ။ ဘာကြောင့်ဆိုတော့လင်ကွန်းကိုမြုပ်နှံထားတဲ့နေရာကအဲဒီလိုလှုပ်လှုပ်ရှားရှားဖြစ်နေတဲ့နေရာနဲ့နှစ်မိုင်ကျော်ဝေးတဲ့နေရာမှာလေ။နက်ရှိုင်းမည်းမှောင်ပြီးလူသူအရောက်အပေါက်နည်းတဲ့တောအုပ်ကလေးထဲမှာပေါ့။

ဒါကြောင့်လဲသူတို့ရဲ့လုံခြုံရေးကိုစိတ်ချယုံကြည်နေတဲ့သူခိုးတွေဟာလင်းကွန်းအလောင်းထားတဲ့ဂူသင်္ချိုင်းရဲ့သော့ခလောက်ကို(သံဖြတ်)လွှနဲ့ဖြတ်ပြီးအထဲကိုဝင်ခဲ့ကြတယ်။ပန်းပုထုပြီးအမှတ်တရထည့်တဲ့စကျင်ကျောက်၊ကျောက်ဖြူဂူအဖုံးကိုကန်ဖွင့်လိုက်ကြတယ်။အထဲကသစ်သားအခေါင်းကိုတစ်ဝက်တစ်ပျက်အပြင်ရောက်တဲ့အထိမထုတ်ခဲ့ကြတယ်။

ဆွီဂဲလ်လို့ခေါ်တဲ့ဂိုဏ်းသားတစ်ယောက်ကသူတို့အတွက်စောင့်ကြည့်ပေးခဲ့တယ်။ကိုက် ၂၀၀လောက်ဝေးတဲ့လှိုဏ်မြောင်တောင်ကြားလေးထဲကပေါ့။ဒါပေမယ့်အဲဒီဆွီဂဲလ်ဆိုတဲ့လူကလူဆိုးအဖွဲ့ဝင်ဂိုဏ်းသားမဟုတ်ဘူး။တကယ်တမ်းကြတော့သူကတည်ကြက်၊သူကသတင်းပေးစုံထောက်တစ်ယောက်၊လျှို့ဝှက်စုံထောက်ဌာနကစေခိုင်းထားတာလေ။


သူကဘယ်အသင်းအဖွဲ့ဘယ်ယာဉ်ရထားကိုမှစောင့်ဆိုင်းနေတာမဟုတ်ပါဘူး။သူစောင့်ဆိုင်းနေတာကလက်နက်အပြည့်အစုံနဲ့စုံထောက်ရှစ်ယောက်ကိုပါ။အဲဒီရှစ်ယောက်ကဂူသင်္ချိုင်းရဲ့အခြားတစ်ဖက်ကနေသူ့ကိုစောင့်ကြည့်နေသူတွေ

ပ့ါ။ဒါကြောင့်သူတစ်ယောက်ထဲကျန်တဲ့အခါသူတို့ပုန်းနေတဲ့ေ
နရာနားကိုအမြန်ပြေးပြီးအချက်ပေးတယ်။မူလကသူတို့ညှိထ
ားသဘောတူထားတဲ့အတိုင်း၊မီးခြစ်ကိုခြစ်ပြီးဆေးလိပ်ကိုမီး
ညှိတယ်၊"ဝပ်ရှ"ဆိုတဲ့စကားဝှက်ကိုတီးတိုးလေးဆိုလိုက်တ
ယ်။

စုံထောက်ရှစ်ယောက်ပုန်းကွယ်နေတဲ့နေရာကနေပြီး
အလျင်အမြန်ထွက်လာခဲ့ကြတယ်။ကျည်ဆံအပြည့်ထည့်ထာ
းတဲ့သေနတ်ကိုယ်စီနဲ့ပေ့ါ။အမှတ်တရထားတဲ့ဂူသချိုင်းနားကို
ဆီွဂဲလ်နဲ့အတူ၊အလျင်အမြန်ရောက်ရှိလာကြတယ်။သချိုင်းဂူ
နားကိုတစ်ဟုန်ထိုးခုန်ချပြီးသူခိုးတွေကိုလက်နက်ချဖို့အော်တ
ယ်။

ဒါပေမယ့်ဘာပြန်ကြားချက်မှမရဘူး၊စုံထောက်တစ်ေ
ယာက်ကမီးခြစ်ပြီးကြည့်လိုက်တယ်၊အမှတ်တရထားတဲ့စကျ
င်ကျောက်ဂူထဲကနေပြီးခေါင်းတလားကတစ်ဝက်တစ်ပျက်ထွ
က်နေပြီလေ။ဒါပေမယ့်သူခိုးတွေကဘယ်မှာလဲ..?။သူတို့လုံးဝ
လွတ်မြောက်သွားပြီလား..?။စုံထောက်တွေကသချိုင်းကိုအ

ဘက်ဘက်ကနေဒေါင့်စုံအောင်ရှာကြတယ်။လပြည့်ညလက
လေးက၊သစ်ပင်တွေရဲ့ထိပ်ဖျားကပေါ်ထွက်လာတယ်လေ။
လင်းတစ်ချီမှောင်တစ်လှည့်နဲ့အလင်းရောင်ဖြိုးဖျမှာစုံထောက်
တွေအချင်းချင်းတောင်မှားယွင်းပစ်ခတ်မိကြသေးတယ်။အဲဒီ
အချိန်မှာ"ဆွီဂဲလ်"ပြန်အလာကိုစောင့်နေကြတဲ့သူခိုးတွေဟာ
ထင်းရှူးပင်တောအုပ်ကလေးထဲကနေပြီးကသုတ်ကရက်နဲ့ထွ
က်ပြေးခဲ့ကြတယ်လေ။ပြီးတော့အမှောင်ထုထဲမှာပျောက်ကွ
ယ်သွားခဲ့ကြတယ်ပေါ့။



ဆယ်ရက်လောက်အကြာမှာသူတို့ကိုချီကာဂိုမြို့မှာဖမ်းမိခဲ့ကြတယ်။လက်ထိပ်ခတ်ပြီးစပရင်းဖီးမြို့ကိုပြန်ခေါ်ခဲ့ကြတယ်။အချုပ်ထဲမှာထားပြီးနေ့ရောညပါအစောင့်အကြပ်တွေနဲ့ဝန်းရံထားလိုက်တယ်။

လင်ကွန်းရဲ့သားကြီးကချီကာဂိုမြို့မှာရှိတဲ့ဈေးအကြီးဆုံးရှေ့နေတွေကိုငှားခဲ့တယ်။ဒီဂိုဏ်းကိုတရားစွဲဆိုဖို့ပေါ့။ဒါပေမယ့်ရှေ့နေကြီးတွေအတွက်ခက်ခဲတဲ့လုပ်ငန်းတစ်ခုပါ။ဘာကြောင့်လဲဆိုတော့ရုပ်အလောင်းခိုးယူမှုအတွက်အီလီနွိုက်ပြည်နယ်မှာဥပဒေပြဌာန်းထားခြင်းမရှိလို့လေ။ပြီးတော့သူခိုးတွေအနေနဲ့ဘာကိုမှတကယ်မခိုးခဲ့ဘူးလေ။ဒါကြောင့်သူတို့ကို(၁၅)ပေါင်တန်ဖိုးရှိတဲ့အခေါင်းခိုးယူရန်ပူးပေါင်းကြံစည်မှုနဲ့တရားစွဲဆိုခဲ့ရပါတယ်။

ဒါပေမယ့်နှောင့်နှေးမှုတွေဖြစ်ပေါ်ခဲ့ရတယ်။တရားခွင်မရောက်ခင်(၈)လကြာခဲ့တယ်။ပြည်သူလူထုရဲ့မကျေမနပ်ဖြစ်မှုတွေ၊မခံမရပ်နိုင်ဒေါသထွက်တာတွေကလဲငြိမ်သွားခဲ့ပြီ။နိုင်

ငံရေးရာကိစ္စတွေ၊မနာလိုဝန်တိုမှုတွေ၊ပုဂ္ဂိုလ်ရေးရာရန်ငြိုးအာ
ဃာတတွေကတရားစီရင်မှုကိုနှောင့်နှေးပျက်ပြားစေခဲ့တယ်။

ပထမဆုံးမဲပေးဆုံးဖြတ်တဲ့နေ့မှာပဲဂျူရီလူကြီး(၄)ယော
က်ကသူခိုးတွေကိုလွှတ်ပစ်ဖို့မဲပေးဆုံးဖြတ်ခဲ့ကြတယ်။နော
က်ထပ်မဲပေးဆုံးဖြတ်မှုတွေပြုတဲ့အခါမှာတော့ဂျူရီလူကြီး(၁၂
)ဦးက(၂)ဖက်အလိုကိုမျှမျှတတလိုက်လျောဆုံးဖြတ်ခဲ့တယ်။
လင်ကွန်းရဲ့ရုပ်အလောင်းကိုခိုးတဲ့ငွေတုဂိုဏ်းလူဆိုးတွေကိုဂျူ
းလီယက်ထောင်မှာထောင်ဒဏ်(၁၂)လသာအပြစ်ပေးခဲ့တယ်
လေ။

****

# ဇာဘုရင်၏နောက်ဆုံးနေ့များ



ဥရောပတိုက်မှာအချမ်းသာဆုံး၊ကမ္ဘာပေါ်မှာအကျော်ကြားဆုံးပုဂ္ဂိုလ်တွေထဲကတစ်ယောက်၊သူသေတော့ကျန်ခဲ့တဲ့ဖိုးထိုက်ဖိုးတန်ငွေကြေးတွေကအမြောက်အမြား၊

ငွေကြေးကပေါင်၁၀,၀၀၀,၀၀၀၊စိန်၊ပုလဲ၊ပတ္တမြားစတဲ့ရတနာတွေရဲ့တန်ဖိုးကပေါင်၁၆,၀၀၀၊တစ်လဝင်ငွေကပေါင်၂၀၀၀၀၀၊ တစ်စက္ကန့် တိုင်းမှာ(၅)ပေါင်ဝင်ငွေရှိတဲ့သူ။

ဒါပေမယ့်သူရောသူ့မိသားစုတွေပါလုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပါတယ်..၊၁၉၁၈ခု၊ဇူလိုင်လ၊၁၆ရက်၊သန်းခေါင်ယံကျော်ကျော်အချိန်လေးမှာပေါ့။သူနဲ့သူ့မိသားစုတွေကို၊ပင့်ကူအိမ်တွေအပြည့်နဲ့ညစ်ပတ်ပေရေနေတဲ့မြေအောက်ခန်းလေးထဲကိုမောင်းသွင်းလိုက်ကြတယ်။ပြီးတော့ပစ်သတ်လိုက်ကြပါတယ်။သူတို့ကိုလုပ်ကြံသတ်ဖြတ်မှုဟာကမ္ဘာကရုတ်တရက်ကိုအာရုံစိုက်မိတဲ့၊သမိုင်းမှတ်တမ်းမှာထူးခြားတဲ့အဖြစ်အပျက်ကလေးတစ်ခုပေါ့။

သူကတော့ရုရှားပြည်ထီးနန်းကိုနောက်ဆုံးအုပ်ချုပ်စိုးစံခဲ့တဲ့ဇာဘုရင်၊ဒုတိယမြောက်နီကိုလပ်စ်၊ဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ခြောက်ပုံတစ်ပုံအကျယ်အဝန်းရှိတဲ့သူ့တိုင်းပြည်ကို၊၂၅ နှစ်နီးပါးသံမဏိစည်းမျဉ်းတွေနဲ့အုပ်ချုပ်ခဲ့သူပေါ့။

လူတွေကိုအစုလိုက်အပြုံလိုက်သတ်ဖြတ်အပြစ်ပေးခဲ့တယ်။အဲဒီလိုအချည်းနှီးအကျိုးမထင်တဲ့သတ်ဖြတ်မှုတွေလုပ်ပြီးတဲ့(၃)နှစ်နီးပါးအကြာ၁၉၁၇ခုနှစ်မှာပေါ့၊သူ့ရဲ့စစ်တပ်တွေကသူ့ကိုပုန်ကန်မှုပြုတယ်။သူ့ဘက်ကနေပြီးရန်သူတွေကိုတိုက်ခိုက်နှိမ်နင်းမပေးနိုင်ဘူးလို့ငြင်းဆန်ကြတယ်။

ဒါကြောင့်၁၉၁၇ခုမတ်လ(၁၄)ရက်သန်းခေါင်ယံမတိုင်မီမိနစ်အနည်းငယ်အလိုမှာစစ်ဗိုလ်ချုပ်ကြီးတွေပါဝင်တဲ့ကော်မီတီအဖွဲ့နဲ့ဇာဘုရင်မင်းမြတ်နဲ့တွေ့ဆုံကြတယ်။ဘုရင့်ကိုယ်ပိုင်ရထားတွဲဧည့်ခန်းထဲမှာပေါ့။သူတို့ကဇာဘုရင်ကိုနန်းစွန့်ဖို့လျှောက်ထားပြောဆိုကြတယ်။

သူ့အနေနဲ့အလွန်ခြောက်ခြားတုန်လှုပ်ခဲ့တယ်။ထိုင်နေရင်းနဲပဒယီးဒယိုင်ဖြစ်ခဲ့တယ်။မျက်နှာကလည်းဖြူဖတ်ဖြူရော်နဲ့၊ဗိုလ်ချုပ်ကြီးတွေအဖွဲ့ကတောင်စိုးရိမ်သွားကြတယ်။သူဟာတကယ်ပဲမေ့မြောပြီးကြမ်းပြင်ပေါ်ကိုများထိုးကျသွားမလား..လို့။

သူအိပ်ယာထဲကိုဝင်တယ်။ဒါပေမယ့်ဘယ်လိုမှအိပ်လို့မပျော်။ဒါကြောင့်သူအိပ်ယာကထတယ်။ညကာလရဲ့ကျန်သမျှအချိန်ပိုင်းကိုစာဖတ်ခြင်းအားဖြင့်ကုန်လွန်စေခဲ့တယ်။ရှိတ်စပီးယားရဲ့စာပေတွေထဲကဂျူးလီးယပ်ဆီဇာဆိုတဲ့ကျော်ကြားတဲ့ပြဇာတ်တစ်ပုဒ်ကိုဖတ်ရင်းနဲ့..ပေါ့။

နောက်တစ်နေ့မနက်၁၀နာရီနဲ့၁၅မိနစ်တိတိအချိန်မှာသူနန်းစွန့်တယ်ဆိုတာကိုလက်မှတ်ရေးထိုးတယ်၊သာမန်ရိုးရိုးခဲတံလေးနဲ့ပါပဲ။သူ့ရဲ့နှုတ်တော်ကလည်း"ကျေးဇူးကြီးမားလှပါဘိဘုရားသခင်၊ကျွန်တော်မျိုးထာဝရတောင့်တခဲ့ရသည့်ဆန္ဒတစ်ခုကိုယခုဖြည့်ဆည်းနိုင်ပါတော့မည်။ခရိုင်းမီးယားတွင်ရှိသောကျွန်တော်မျိုး၏အိမ်တော်သို့ပြန်ပြီးပန်းမာလာများကိုစိုက်ပျိုးနိုင်ပါတော့မည်"

ဇာဘုရင်နဲ့သူ့မိသားစုတွေဟာမသေမီသူတို့ရဲ့နောက်ဆုံးကာလတွေကိုအခန်း(၂)ခန်းပါတဲ့၊အိမ်အိုကြီးတစ်လုံးမှာကုန်လွန်စေခဲ့ရပါတယ်။ယူရယ်တောင်ခြေမှာရှိတဲ့မြို့လေးတစ်မြို့ရဲ့ဆင်ခြေဖုံးမှာပေါ့။တော်လှန်ရေးသမားတွေကသူတို့ကို

အကျဉ်းသားတွေအဖြစ်ဖမ်းထားပါတယ်။သူတို့ကိုသာမန်တော ၁သူတောင်သားတွေစားသလိုအတင်းအကြပ်စားစေတယ်။သူ တို့ကိုသကြား၊ကော်ဖီ၊မလိုင်၊ဆား၊ထောပတ်(တစ်ခုကိုမှ)စား ခွင့်မပြုပါဘူး။



သူတို့ အနေနဲ့တစ်နေ့မှာ(၂)ကြိမ်ပေါင်မုန့်ခပ်ကြမ်းကြ မ်းတစ်လုံးရယ်၊ခပ်ပျစ်ပျစ်အသီးအရွက်ဟင်းချိုတစ်ခွက်ရယ် ကလွဲရင်ဘာမှမစားရပါဘူး။

အဲဒီအိမ်ရဲ့ပြတင်းပေါက်တွေကိုလည်းဆေးနဲ့သုတ်ထားတယ်။အပြင်ဘက်ကိုလှမ်းကြည့်လို့မရအောင်လေ၊အဲ့ဒီပြတင်းပေါက်တွေကိုဖွင့်ခွင့်လည်းမပေးဘူး။တနေ့ကျတော့အငယ်ဆုံးသမီးတော်မင်းသမီးလေး"အနတ်တရှာ"ကပြတင်းပေါက်အလေးတစ်ပေါက်ကိုဖွင့်လိုက်မိတယ်။လေရှူချင်လို့ပါ။အဲဒီလိုဖွင့်မိလို့စစ်သားတစ်ယောက်ကသေနတ်နဲ့လှမ်းပစ်လိုက်တယ်လေ။

သူတို့ကိုတစ်နေ့မှာ(၅)မိနစ်တော့ခြံထဲမှာလမ်းလျှောက်ခွင့်ပြုပါတယ်။အငယ်ဆုံးသားတော်လေး"ဇာရီဇစ်ချ်"ကလမ်းမလျှောက်နိုင်လောက်အောင်ဖျားနာနေတယ်၊ဒါကြောင့်ခမည်းတော်ဘုရင်မင်းမြတ်ကချီပိုးပြီးလျှောက်ရတယ်။

စောင့်ကြပ်နေတဲ့စစ်သားတွေကလည်းစစ်ဝတ်စုံအပြည့်နဲ့မဟုတ်။ဘုရင့်သမီးတော်တွေကိုလည်းမဖွယ်မရာစကားတွေပြော၊ညဘက်တွေမှာသူတို့ပြတင်းပေါက်အောက်နားကနေပြီးတော့မကြားဝံ့မနာသာညစ်ညမ်းသီချင်းတွေကိုဆိုကြတယ်။

တစ်နေ့တော့အစောင့်စစ်သားတစ်ယောက်ကမိဖုရားကြီးရဲ့ခါးပိုက်ဆောင်အိပ်ငယ်ကိုလုယူတယ်၊ပြီးတော့"ခင်ဗျားအနေနဲ့ဒီပိုက်ဆံတွေဟာမလိုအပ်တော့ပါဘူးဗျာ"လို့ပြောရင်းမိဖုရားကြီးရဲ့ပိုက်ဆံတွေကိုယူသွားတယ်လေ။



ဘုရင်မင်းမြတ်ကိုယ်တိုင်ကတော့စိတ်နလုံးနူးညံ့တယ်၊သည်းခံတတ်တယ်၊ဒါပေမယ့်မိဖုရားကြီးကမာန်မာနကြီးတယ်။ဒါကြောင့်သူမအနေနဲ့ကမကျေနပ်၊အမြဲတစေမရပ်မနားကျိန်

ဆိုတယ်၊တစ်နေ့ကျရင်တိရစ္ဆာန်လိုဆိုးရွားယုတ်မာလှတဲ့ဒီဧ ကာင်တွေကိုကလဲ့စားချေမယ်ပေါ့။



၁၉၁၈ခုဇူလိုင်လ(၁၆)ရက်နေ့ညသန်းခေါင်ကျော်အချိန်..။အစောင့်စစ်သားတွေရဲ့ဗိုလ်ကြီးတစ်ယောက်ကဇာဘုရင်နဲ့မိသားသူကိုနှိုးတယ်။

"မြို့ထဲမှာအဓိကရုဏ်းတွေ၊ရုန်းရင်းဆန်ခတ်မှုတွေဖြစ်ကုန်ပြီ၊အဝတ်အစားတွေမြန်မြန်လဲကြ..။မြေအောက်ခန်းထဲကိုသွားကြ၊လုံခြုံတဲ့နေရာတစ်ခုကိုခေါ် သွားဖို့အတွက်ကားတွေရောက်လာတဲ့အထိစောင့်ကြ.."လို့ပြောတယ်။

မြေအောက်ခန်းထဲရောက်တော့မိဖုရားကြီးဟာကြောက်လွန်းလို့တုန်နေတယ်။မတ်တပ်တောင်မရပ်နိုင်ရှာလို့ကုလားထိုင်တစ်လုံးယူလာခိုင်းပြီးထိုင်ရတယ်။ဖျားနာနေတဲ့သားတော်လေးကိုပေါင်ပေါ် မှာတင်ပြီးပွေ့ဖက်ထားရင်းနဲ့ပေါ့။

ချက်ချင်းရုတ်ချည်းပဲ၊စစ်သားတွေမြေအောက်ခန်းထဲကိုကသုတ်ကရက်ရောက်လာကြတယ်။"ခင်ဗျားတို့ရဲ့မိတ်ဆွေတွေကခင်ဗျားတို့ကိုကယ်ဖို့ကြိုးစားခဲ့ကြတယ်၊ဒါပေမယ့်မအောင်မြင်ပါဘူး၊ဒါကြောင့်ခင်ဗျားတို့ကိုသတ်ရတော့မယ်"

အလျင်အမြန်ပါပဲ၊စစ်သားတစ်ယောက်ကဇာဘုရင်ရဲ့ နလုံးသားကိုချိန်ရွယ်ပြီးပစ်ထည့်လိုက်တယ်။ရုတ်တရက်ပဲလဲ ကျသေဆုံးသွားတယ်လေ။



အဲဒီတော့မှစစ်သားတွေကမိန်းမသားတွေကိုပစ်ခတ်တော့တာပါပဲ။ဒါပေမယ့်သူတို့ကသိပ်စိတ်လှုပ်ရှားနေကြတယ်။ ထပ်တလဲလဲနဲ့အရမ်းကာရောပစ်ကြတယ်။

မိဖုရားကြီးနဲ့သမီးတော်တွေဟာကြောက်လန့်တကြားအော်ရင်းဟစ်ရင်း၊တစ်ယောက်နောက်မှာတစ်ယောက်ကပုန်း

ကွယ်ရင်းနဲ့ပြေးကြလွှားကြခေါင်းအုံးလေးတွေကိုသူတို့ရှေ့မှာ ထားပြီးကွယ်ရင်းကာရင်းနဲ့ပေါ့။

ဒါပေမယ့်အစောင့်စစ်သားတွေဟာအောင်မြင်ခဲ့ပါတယ်။မိန်းမသားတွေကိုသေနတ်နဲ့ပစ်သတ်နိုင်ခဲ့ယုံသာမက၊သူတို့ရဲ့လှံစွပ်တွေနဲ့လဲထိုးသတ်နိုင်ခဲ့ပါတယ်။

မိနစ်အတော်ကြာတော့၊လွှမ်းဆွတ်ကြေကွဲဖွယ်ရာကောင်းလှတဲ့အဲဒီမြေအောက်ခန်းလေးထဲမှာအသံလေးတစ်သံထွက်ပေါ်လာတယ်။အပြင်းအထန်ကိုကြောက်ရွံ့တုန်လှုပ်နေတဲ့ခွေးငယ်လေးတစ်ကောင်ရဲ့အသံပေါ့။သေဆုံးလဲကျနေတဲ့ရုပ်အလောင်းတွေနားမှာသူ့သခင်မကိုလှည့်ပတ်ရှာဖွေနေတဲ့ခွေးလေးပေါ့။စစ်သားတစ်ယောက်ကသူ့ကိုလှံစွပ်နဲ့ထိုးပြီးသတ်နိုင်ခဲ့တယ်လေ..။

တော်ဝင်မိသားစုတွေရဲ့ရုပ်အလောင်းတွေကိုစစ်သားတွေကအပိုင်းပိုင်းဖြစ်အောင်ခုတ်ထစ်လိုးဖြတ်ကြတယ်။ဓာတ်ဆီနဲ့လောင်းပြီးမီးရှို့ကြတယ်။မီးသွေးဖြစ်အောင်ကျွမ်းနေတဲ့ရု

ပ်အလောင်းတွေကိုသတ္တုမိုင်းတွင်းကြီးတစ်ခုထဲကိုပစ်ထည့်လိုက်ကြတယ်။

ရက်အနည်းငယ်ကြာတော့၊အလောင်းတွေမီးရှို့ခဲ့တဲ့ပြဿနာ ပုံကိုစစ်သားတွေကတုတ်တွေနဲ့ထိုးဆွပြီးရှာဖွေကြပါတယ်။ကျောက်သံပတ္တမြားအမြောက်အမြားကိုတွေ့ခဲ့ကြတယ်လေ။မိဖုရားနဲ့သမီးတော်တွေဟာစိန်တွေပတ္တမြားတွေကိုသူတို့ဝတ်တဲ့ဝတ်ရုံတွေရဲ့အနားသားမှာလုံးချုပ်ပြီးဝှက်ခဲ့၊သိမ်းခဲ့ကြတာကိုး။

ဒီလုပ်ကြံသတ်ဖြတ်မှုကြီးကိုနောက်တက်လာတဲ့ရုရှားအစိုးရသစ်ကပြုလုပ်ခဲ့တာတော့မဟုတ်ပါဘူး။အစိုးရကတော်လှန်ရေးသမားအတော်များများကိုဖမ်းဆီးခဲ့တယ်။ဇာဘုရင်ကိုသတ်ဖြတ်မှုအတွက်ရုံးတင်စစ်ဆေးခဲ့တယ်။သူတို့အထဲက(၅)ဦးကိုသေဒဏ်ပေးခဲ့တယ်။ဘုရင်နဲ့မိသားစုကိုသတ်ဖြတ်မှုဟာသွေးဆာနေတဲ့တော်လှန်ရေးသမားအချို့ရဲ့လုပ်ရပ်သာဖြစ်ပါတယ်။သူတို့ဟာဘယ်သူ့ဆီကမှအမိန့်တစ်စုံတစ်ရာကိုရယူတောင်းခံခဲ့ခြင်းလည်းမရှိခဲ့ပါဘူး။



ယခုအခါမှာမီးကျွမ်းနေတဲ့တော်ဝင်မိသားစုတွေရဲ့ရုပ်ကလပ်အရိုးစုတွေကိုပဲရစ်မြို့မှာမြှုပ်နှံထားပါတယ်။အမေရိကန်သံတမန်အခွင့်အရေးအကူအညီနဲ့ဒီနေရာကိုသယ်ခဲ့ကြတာပေါ့။

ဖြစ်ပုံက..။၁၉၂၇ခုနှစ်၊ဇန်နဝါရီလ၊မှာ။ဆိုက်ဗေးရီးယားမှာရှိတဲ့အမေရိကန်ကောင်စစ်အရာရှိဗိုလ်ချုပ်တစ်ယောက်

ကိုသူ့မိတ်ဆွေတစ်ဦးကအကူအညီတောင်းတယ်။ကြိုးချည်ထားတဲ့ခပ်ကြမ်းကြမ်းသေတ္တာတစ်လုံးကိုသယ်ဆောင်ပေးဖို့ပါ။ဆိုက်ဖေးရီးယားကိုကျော်ဖြတ်ပြီးဟာဗင်အရပ်မှာရှိတဲ့ဗြိတိသျှမဟာမင်းကြီးထံပို့ပေးဖို့ဖြစ်ပါတယ်။အမေရိကန်ကောင်စစ်အရာရှိအနေနဲ့သေတ္တာထဲမှာဘာပါသလဲဆိုတာမသိခဲ့သလိုဂရုလည်းမစိုက်ခဲ့ဘူးပေါ့။

ရထားပေါ်မှာအေးလွန်းလို့သွေးပူလေ့ကျင့်ခန်းရအောင်အဲ့ဒီသေတ္တာကိုခြေထောက်နဲ့ကန်ကန်ပြီးတောင်တော့တောင်လာခဲ့သေးတယ်။ဟာဗင်ကိုရောက်တော့မှသူ့အနေနဲ့အံ့သြရပါတယ်။ဒီသေတ္တာထဲမှာဇာဘုရင်နဲ့တော်ဝင်မိသားစုရဲ့ကြွင်းကျန်ရစ်တဲ့အရိုးတွေကိုထည့်ထားမှန်းသိရတာကိုး..။အဲ့ဒီသေတ္တာကိုရှုန်ဟိုင်းကိုပိုက်လိုက်တယ်။ပြီးတော့မှပဲရစ်ကိုပို့တယ်။ပဲရစ်ရောက်တော့မှသေတ္တာကိုဖွင့်တယ်။အဲဒီအထဲမှာအခြားအရိုးစုတွေနဲ့အတူမိဖုရားကြီးရဲ့လက်ချောင်းအရိုးလေးတစ်ခုကိုလည်းတွေ့ရတယ်။အဲ့ဒီလက်ချောင်းလေးမှာသူမရဲ့လက်ထပ်လက်စွပ်ကစွပ်လျက်..ရှိဆဲ။

****

# လီနင်



လွန်ခဲ့တဲ့နှစ်ဆယ့်ကိုးနှစ်လောက်ကသေသွားခဲ့တဲ့၊လူတစ်ယောက်နဲ့ပတ်သက်ပြီး၊လူတွေမသိကြတဲ့၊လူသိနည်းတဲ့အဖြစ်အပျက်အချက်အလက်ကလေးတွေပါ။လူပေါင်းခုနစ်သိန်းကျော်မှီတင်းနေထိုင်တဲ့၊မြို့ကြီးတစ်မြို့ကိုလည်း၊သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့၊သူ့ရဲ့အမည်ကိုအစွဲပြုပြီးမှည့်ခေါ်ထားကြသေးတယ်..။လူသန်းပေါင်း၁၇၇လောက်ကလည်းသူ့ကိုဆင်းရဲသား


းနှင်းပြား၊ပစ္စည်းမဲ့လူတန်းစားတွေကိုကာကွယ်စောင့်ရှောက်ခဲ့သူ၊သူတော်စင်သူရဲကောင်းကြီးအဖြစ်သတ်မှတ်ယူဆကြတယ်ခင်ဗျ..။

သူ့နာမည်က"လီနင်"ပါ..၊ကမ္ဘာတစ်ဝှမ်းလုံးကသိကြတဲ့၊ရုရှားပြည်ရဲ့အကြီးကျယ်ဆုံးစီးပွားရေးစနစ်ကြီးကိုလက်တွေ့စမ်းသပ်စတင်ပြုလုပ်ခဲ့သူပေါ့။အဲဒီစမ်းသပ်ပြုလုပ်မှုက၊ကမ္ဘာပေါ်မှာရှိတဲ့လူသားအားလုံးအပေါ်အကျိုးသက်ရောက်မှုရှိခဲ့တယ်..။

"လီနင်"ဟာကိုယ်လုံးကိုယ်ပေါက်ကခပ်သေးသေး၊ထိပ်ကပြောင်ပြောင်..၊မျက်နှာမှာက..ပါးရေနားရေတွန့်နေသေး..ကုလားထိုင်တစ်လုံးမှာသူထိုင်လိုက်ပြီဆိုရင်၊သူ့ခြေထောက်တွေကတိုနေတဲ့အတွက်၊ခြေထောက်နဲ့ကြမ်းပြင်နဲ့တောင်မထိသလောက်..။

သူကသူ့ရဲ့ရုပ်ရည်သွင်ပြင်နဲ့ပတ်သက်ပြီးလုံးကိုဂရုမစိုက်တဲ့သူ..၊သူဝတ်တဲ့ဘောင်းဘီတွေက၊သူ့အတွက်ရှည်လွန်းနေတတ်တယ်၊သူ့နာခေါင်းလေးကလည်းအပေါ်ကိုနည်းနည်

းလေးလန်နေတယ်၊မျက်စိတစ်ဘက်ကလည်းစွေနေတယ်၊သူ့တစ်သက်တာမှာပိုးဦးထုပ်တို့အခမ်းအနားဝတ်အကောင်းစားအင်္ကျီရှည်တို့ကိုဘယ်တုန်းကမှဝတ်ခဲ့ဘူးဟန်မတူပါဘူး..။



အိမ်ထောင်မှာတော့စိတ်ချမ်းသာရပါတယ်၊စိတ်ချမ်းချမ်းမြေ့မြေ့နဲ့ကြည်သာရွှင်ပျလက်ထပ်ခဲ့တာခင်ဗျ၊သူ့ဇနီးက၊သူ...ကိုသိပ်ချစ်တာ..၊လီနင်..ပြည်နှင်ဒဏ်အပေးခံရတဲ့အခါမှာတောင်၊လီနင်နဲ့ခွဲခွာပြီးနေဖို့ကိုငြင်းဆန်တယ်၊ခင်ပွန်းသည်ပြ

ည်နှင်ဒဏ်အပေးခံရတဲ့နေရာကိုအတူလိုက်သွားတယ်၊ခင်ပွန်းသည်ကိုပြုစုစောင့်ရှောက်တယ်..။

"ဆိုက်ပေးရီးယား"မှာပြည်နှင်ဒဏ်အပေးခံရသူဘဝနဲ့နေရတဲ့အခိုက်၊လီနင်ဟာအားလပ်ချိန်တော်တော်ရတယ်၊ဒါကြောင့်စစ်တုရင်ကစားရင်..၊စစ်တုရင်မှာအထူးကျွမ်းကျင်သူတစ်ယောက်ဖြစ်လာတယ်။တစ်ချိန်တည်းတစ်ပြိုင်နက်တည်းများ၊သူကတစ်ယောက်တည်း..၊ပြိုင်ဘက်ကအများကြီးနဲ့ပြိုင်ပွဲပေါင်းများစွာကိုကစားနိုင်တယ်..၊စစ်တုရင်ကစားရတာကိုအရမ်းကိုနှစ်သက်လွန်းလို့..၊ရပ်ဝေးမှာရှိတဲ့မိတ်ဆွေတွေနဲ့တောင်၊စာတိုက်ကတစ်ဆင့်ကစားခဲ့ပါတယ်။

"လီနင်"ဟာကလေးဘဝတုန်းကလည်း၊ဘာသိဘာသာနေတတ်သူဖြစ်တယ်၊ကုလားထိုင်ကြီးတစ်ခွဲသားနဲ့ပေါ့၊အခြားကလေးတွေနဲ့ရောရောနှောနှောမနေဘူး၊ဘယ်တော့မှပြေးခုန်ပစ်တွေအားကစားတွေလည်းဝင်မပြိုင်ဘူး..။အရွယ်ရောက်လာတော့..၊တေးဂီတ၊ကဗျာလင်္ကာ၊ဘာသာရေးတွေကိုစိတ်မဝင်စားဘူး။ဒါပေမယ့်သူကဥပဒေပညာကိုလေ့လာလိုက်စားတယ်၊ပြ

င်သစ်၊ဂျာမန်၊ရုရှား၊အင်္ဂလိပ်ဘာသာစကားလေးမျိုးကိုပြောနိုင်တယ်။

ရုရှားအစိုးရကသူ့ညီအကိုတော်တစ်ယောက်ကို၊သေဒဏ်ပေးပြီးကွပ်မျက်လိုက်တယ်၊..ဇာဘုရင်၊တတိယမြောက်အလက်ဇန္ဒားကိုသတ်ဖို့ကြံစည်မှုနဲ့လေ..။နောက်ပိုင်းမှာအစိုးရကလီနင်ကိုပြည်နှင်ဒဏ်ပေးလိုက်တယ်၊အမြစ်ပါလှန်ပြီးပြုပြင်ပြောင်းလဲလိုတဲ့၊သူ့ရဲ့တော်လှန်ရေးအယူအဆတွေကြောင့်ပေါ့။ရေတွေခဲနေတဲ့ဆိုက်ဗေးရီးယားကမြို့လေးတစ်မြို့ကိုပို့လိုက်တယ်။အဲဒီမှာ..လီနင်..မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရတာကတော့ရုရှားတောသူတောင်သားလယ်သမားတွေခံစားနေရတဲ့ကြေကွဲဖွယ်ဖြစ်ရပ်တွေ..၊ဆင်းရဲတွင်းနက်မှုအနိဋ္ဌာရုံတွေကို..ပေါ့။သူတို့ဟာဆင်းရဲလွန်းလို့၊ဘာသာရေးနဲ့ပတ်သက်တဲ့နေ့ကြီးရက်ကြီးတွေကလွဲရင်အသားကိုမစားနိုင်ကြဘူး..။တစ်နည်းအားဖြင့်တစ်နှစ်မှာနှစ်ဆယ့်ကိုးကြိမ်လောက်ပဲအသားကိုစားကြရတာပေါ့..။

၁၈၉၁ခုနှစ်၊အငတ်ဘေးကြီးဆိုက်တဲ့ကာလအတွင်းမှာပေါ့၊ဆင်းရဲမွဲနွမ်းနစ်နေတဲ့တောသူတောင်သား၊လယ်သမားတွေဟာသန်းနဲ့ချီပြီးသေဆုံးခဲ့ကြရတယ်..၊အစာငတ်လို့ရော..၊ငန်းဖျားရောဂါတွေအတွက်ကြောင့်ရော..ပေါ့။ဒီတော့..တစ်ခုခုကိုတော့အမြစ်ပါလှန်ပြီးပြောင်းလဲပစ်မှဖြစ်တော့မယ်..လို့လီနင်ကလက်ခံယုံကြည်သွားခဲ့တယ်၊အဲဒီအချိန်ကစပြီးလီနင်ဟာရဲရဲတောက်တော်လှန်ရေးသမားကြီးတစ်ယောက်ဖြစ်လာခဲ့တယ်။



အဲဒီအချိန်ကစပြီးနောက်နှစ်ဆယ့်ငါးနှစ်အတွင်းမှာသူ့နောက်ကိုစုံထောက်တွေတကောက်ကောက်လိုက်နေတာကိုခံခဲ့ရတယ်၊တိုင်းပြည်တစ်ပြည်ကနေတစ်ပြည်ကိုနှင်ထုတ်ခြင်းခံခဲ့ရတယ်၊ဂျာမနီ၊ဩစတီးယား၊ပြင်သစ်၊ပိုလန်၊ဆွစ်ဇလန်၊အင်္ဂလန်စတဲ့နိုင်ငံတွေမှာအခါအားလျော်စွာနေခဲ့ရတယ်။လန်ဒန်မြို့မှာနေခဲ့ရတဲ့အချိန်တုန်းကတော့..၊ကွန်မြူနစ်ဝါဒရဲ့ဖခင်ကြီးကာလ်မတ်ရဲ့ဂူသင်္ချိုင်းရှိတဲ့ဆီကို၊မကြာခဏသွားတယ်။တစ်ခါတစ်ခါသွားရင်ဂူနားမှာနာရီအတော်ကြာကြာထိုင်နေလေ့ရှိတယ်။

အဖမ်းအဆီးခံရမယ့်အရေးကနေလွတ်မြောက်ဖို့အတွက်တစ်ခါတစ်ရံလယ်သမားလို၊သင်္ဘောသားလို၊စက်ရုံလုပ်သားလိုရုပ်ဖျက်ပြီးသွားလာလှုပ်ရှားခဲ့ရတယ်၊တစ်ခါတစ်ရံပါးသိုင်းမွေး၊မုတ်ဆိတ်မွေးအတုတွေတပ်ခဲ့ရတယ်၊တစ်ခါတစ်ရံကျတော့မိန်းမလိုတောင်အယောင်ဆောင်ရုပ်ဖျက်ပြီးနေခဲ့ရပါတယ်။ခရီးသွားတဲ့အခါတွေမှာတော့၊အောက်ခြေမှာအံဝှက်ရှိတဲ့သေတ္တာကိုသယ်ဆောင်ပြီးသွားလေ့ရှိတယ်၊အဲဒီအထဲမှာလျှို့ဝှ

က်စာရွက်စာတမ်းတွေ၊ထင်ရှားသိသာစေတဲ့မှတ်တမ်းတွေ၊စ ၁ချုပ်စာတမ်းတွေကို၊သူ့ရဲ့ဟောင်းသီးဟောင်းရွက်ခြံထဲမှာမြှုပ်နှံပြီး လူမသိအောင်ထားတယ်၊အဲဒီအပေါ်ကနေပြီး၊ကြက်သွန်တွေ၊ ဂေါ်ဖီထုပ်တွေစိုက်ထားတယ်လေ..။

သူ့ရဲ့တော်လှန်ရေးစာအုပ်တွေအနက်တစ်အုပ်ကို၊ေ ထာင်ထဲမှာရေးခဲ့တာ၊စစ်ဆေးထောက်လှမ်းမှုတွေကနေလွတ် အောင်အဲဒီစာအုပ်ကိုမင်နဲ့ရေးမယ့်အစားနွားနို့နဲ့ရေးခဲ့တာ..၊ သူရေးတဲ့စာတွေကိုရေနွေးပူပူထဲမှာနစ်ပြီးမှ၊ဖတ်လို့ရတယ်။ သူ့တပည့်တပန်းတွေကိုလည်းသူ့ဆီစာရေး..ရင်၊မမြင်နိုင်မမြ င်ရတဲ့လျှို့ဝှက်မင်နဲ့ရေးပါ..လို့ခိုင်းတယ်။

အဲဒီလိုမမြင်ရတဲ့စာတစ်စောင်လောက်ရတယ်ဆိုရင်၊ သူကအကျဉ်းထောင်ကအစောင့်အကြပ်ကို၊လက်ဖက်ရည်ေ သာက်ချင်တယ်ဆိုပြီး..မှာမယ်။အစောင့်ကကျောခိုင်းပြီဆိုတ ၁နဲ့..၊စာကိုရေနွေးထဲမှာနစ်ပြီးဖတ်မယ်ပေါ့..။

၁၉၁၇ခုနှစ်၊နိုဝင်ဘာလမှာ"လီနင်"ဟာရုရှားပြည်ရဲ့အ ၁ဏာရှင်ဖြစ်လာခဲ့တယ်။သူကသူဌေးတွေရဲ့ပုဂ္ဂလိကပိုင်ပစ္စ

ည်းတွေကိုပြည်သူပိုင်အဖြစ်သိမ်းတယ်၊တောသူတောင်သား လယ်သမားတွေက၊သူဌေးပိုင်အဆောက်အအုံကြီးတွေပေါ် ကိုတက်ပြီးသိမ်းတော့၊အဲဒီပိုင်ရှင်သူဌေးတွေဟာအထိန်တလ န့်နဲ့ထွက်ပြေးခဲ့ရတယ်။တောင်သူလယ်သမားတွေဟာ၊အလွန့် အလွန်ကိုလှပကောင်းမွန်အနုပညာမြောက်လှတဲ့ပန်းပြောက် ကမွလာထည်တွေကိုဖိနပ်အဖြစ်ချုပ်ကြတယ်။ဥရောပတိုက်ရဲ ့အတော်ဆုံးအိုးထိန်းသည်ပညာရှင်တွေလုပ်ခဲ့တဲ့၊တန်ဖိုးမဖြ တ်နိုင်တဲ့အနုပညာမြောက်ပန်းအိုးကြီးတွေကိုယူတယ်၊ချဉ်ဖ တ်စိမ်တဲ့အိုးတွေအဖြစ်သုံးပစ်လိုက်တယ်ပေါ့..။



အဲဒီအချိန်တုန်းကရုရှားတစ်ပြည်လုံးကပြည်သူတွေဟာ ၁အစာရေစာပြတ်လတ်၊အငတ်ဆိုက်တော့မတတ်ဖြစ်နေကြတယ်၊ဒီတော့လီနင်ကသူသောက်တဲ့ကော်ဖီမှာဘယ်တော့မှသကြားထည့်မသောက်ဘူး၊ဘာကြောင့်ဆိုအခြားသူတွေလည်းသကြားမှထည့်မသောက်နိုင်ဘဲ..ကိုး။

သူဟာရုရှားပြည်ရဲ့တန်ခိုးအာဏာအကြီးမားဆုံးသူတစ်ယောက်ဖြစ်ပေမယ့်၊သာမန်ဇိမ်ခံပစ္စည်းလေးတစ်ခုတစ်လေတောင်မှသူ့အတွက်သုံးဖို့ခွင့်မပြုခဲ့ပါဘူး၊မသုံးခဲ့ပါဘူး။ရုရှားပြည်ကြီးရဲ့အုပ်ချုပ်မှုလုပ်ငန်းတွေကိုလုပ်တဲ့အခါ၊ရုရှားပြည်ကြီးကိုအုပ်ချုပ်တဲ့အခါ၊သူ့မှာကိုယ်ရေးလက်ထောက်တွေ၊အတွင်းရေးမှူးအဖွဲ့တွေ၊အမှုထမ်းတွေမရှိပါဘူး။စာတစ်စောင်ရေးစရာရှိလို့..၊သူကပါးစပ်ကချပေးပြီး၊သူများကလိုက်ရေးပေးရတာမျိုးလုပ်ခဲ့တယ်၊သူဟာတစ်နေ့ကိုဆယ့်ရှစ်နာရီကနေ၊နာရီနှစ်ဆယ်လောက်အလုပ်လုပ်တယ်၊သူရေးရမယ့်စာအားလုံးကိုသူကိုယ်တိုင်ပဲရေးတယ်။

ငါးနှစ်လောက်ကြာတော့အကြောအချင်တွေတောင့်တင်းပြီးသွက်ချာပါဒလေငန်းရောဂါကိုခံစားခဲ့ရပါတယ်၊စကားမပြောနိုင်တော့ပါဘူး..၊စကားပြောနိုင်ဖို့ကလေးတစ်ယောက်လိုအစကနေပြန်သင်ယူရတယ်။သူရဲ့ညာဘက်လက်ကလေဖြတ်ထားတော့စာမရေးနိုင်တော့ဘူး၊ဒါကြောင့်ဘယ်ဘက်လက်နဲ့စာရေးနိုင်အောင်လေ့ကျင်ခဲ့တယ်။အသက်ကိုပဓာနမထားပဲ၊နှစ်နှစ်လောက်ကြာအောင်သေမင်းနဲ့စစ်ခင်းယှဉ်ပြိုင်ခဲ့တယ်..။

"..ငါလုပ်စရာတွေအများကြီးကျန်သေးတယ်.."လို့ထပ်တလဲလဲပြောဆိုရေရွတ်ရင်းနဲ့လေ..။





© 2010 Encyclopædia Britannica, Inc.

သူသေဆုံးတဲ့အခါသူ့ရဲ့ရုပ်အလောင်းကိုမပုပ်မသိုးေ
အာင်စီမံတယ်၊သူ့ကိုအစဉ်မပြတ်သတိရနေဖို့အတွက်
"မှန်"ခေါင်းထဲထည့်ပြီးအမွှန်အမြတ်ထားတယ်၊ကမ္ဘာ့သမိုင်းမှ
ာခေတ်သစ်တစ်ခုကိုဦးဆောင်ခဲ့တဲ့ဒီပုဂ္ဂိုလ်ကြီးရဲ့ရုပ်အလော
င်းနားမှာ၊ရုရှားစစ်သားတွေကဂါရဝပြုကာကွယ်စောင့်ရှောက်
ခဲ့ကြပါတယ်။

****

# မဟာတ္တမ ဂန္ဒီ



အိန္ဒိယပြည်ကအသားညိုညိုခပ်သေးသေးလူဗလံလေးတစ်ယောက်..။နံ့ငယ်ပိုင်းလေးသာဝတ်ဆင်ထားပြီး၊ကုတင်လေးတစ်လုံးပေါ်မှာထိုင်လေ့ထိုင်ထရှိတဲ့သူ..။

ငွေကြေးချမ်းသာမှုအနေအထားကိုတွက်ဆကြည့်မယ်ဆိုရင်တော့..။ဂန္ဒီဟာလူဆင်းရဲတစ်ယောက်ပါ။သူပိုင်ဆိုင်သမျှပစ္စည်းဉစ္စာတွေကိုချရောင်းမယ်ဆိုရင်ကရောင်းဒင်္ဂါးတစ်ဝက်စာတောင်ရမှာမဟုတ်ပါဘူး။ဒါပေမယ့်သူဟာ

ကမ္ဘာပေါ်မှာရှိတဲ့ဘယ်သန်းကြွယ်သူဌေးထက်မဆိုတန်ခိုးကြီးဇာသြောင်းပါတယ်။

ကမ္ဘာပေါ်မှာလူချောက်ယောက်ရှိရင်တစ်ယောက်ကအိန္ဒိယပြည်မှာနေတာပါ။လူဦးရေများတယ်။ရာစုနှစ်ပေါင်းများစွာကြာအောင်အဲဒီအိန္ဒိယပြည်ကလူတွေဟာနိုးကြားမှုမရှိကြပါဘူး။အဲ့ဒီလူကောင်သေးသေး၊ပေါင်တစ်ရာမပြည့်တဲ့သူကသူ့ရဲ့တိုင်းသူပြည်သားတွေနိုးကြားလာအောင်လှုံ့ဆော်နိုင်ခဲ့တယ်။သူတို့ရဲ့ကြီးမားတဲ့"စွမ်းအင်"ကိုသိရှိသဘောပေါက်စေခဲ့တယ်။သူကပြုပြင်ပြောင်းလဲမှုတွေကိုပြုလုပ်ခဲ့တယ်။သူ့ရဲ့လုပ်ဆောင်ချက်တွေကကမ္ဘာ့သမိုင်းအပေါ်ထိရောက်တဲ့အကျိုးသက်ရောက်မှုတွေဖြစ်ပေါ်စေခဲ့တယ်။

ဂန္ဒီနဲ့ပတ်သက်ရင်ထူးဆန်းတဲ့အရာတွေတော်တော်များများရှိတယ်။ဥပမာ၊သူ့မှာအံကပ်တစ်စုံရှိတယ်။အဲဒါလေးကိုသူ့ရဲ့နံငယ်ပိုင်းအဝတ်ခေါက်ထဲမှာထည့်ပြီးယူသွားလေ့ရှိတယ်။အစားအသောက်စားချင်တော့မှအံကပ်ကိုပါးစပ်ထဲထည့်

တယ်။စားသောက်ပြီးတဲ့အခါရေဆေးသန့်စင်ပြီးသူရဲ့နံငယ်ပိုင်းလေးထဲမှာပြန်သိမ်ထားလေ့ရှိတယ်။



သူကအင်္ဂလိပ်စကားကိုအိုင်းရစ်လေသံနဲ့ပြောတယ်။ ဘာကြောင့်ဆိုတော့သူ့ရဲ့လက်ဦးဆရာတွေထဲကတစ်ယော

က်ကအိုင်းရစ်လူမျိုးဖြစ်နေလို့ပါ။သူဟာနံငယ်ပိုင်းလေးကလွဲ ရင်ဘာကိုမှမဝတ်ဆင်ခဲ့ပါဘူး။သူဟာနှစ်ပေါင်းများစွာကြာေ အာင်အင်္ဂလန်မှာနေခဲ့တယ်။အဲ့ဒီတုန်းကတော့ပိုးဦးထုပ်နဲ့ဖိန ပ်အပေါ်ပိုင်းခြေမျက်စိထိဖုံးထားတဲ့သားရေဝတ်စုံနဲ့လက်ကိုင် ကြိမ်တုတ်ကလေးကိုကိုင်လို့ပေါ့။

သူကလန်ဒန်တက္ကသိုလ်ကနေပညာတတ်ခဲ့တာပါ။ရှေ ့နေဘွဲ့ရဝတ်လုံတစ်ယောက်ဖြစ်ခဲ့တယ်။ဒါပေမယ့်တရားရုံးမှ ာပထမဆုံးအကြိမ်စပြီး၊စကားပြောတော့၊ဒူးတွေကတုန်နေတ ယ်။စိတ်တွေလှုပ်ရှားပြီးကမောက်ကမနဲ့ထိုင်ချခဲ့ရပါတယ်။ရှေ ့နေတစ်ယောက်အနေနဲ့လန်ဒန်မှာတော့ဘယ်နေရာမှာမှသူ တိုးလို့မရခဲ့ပါဘူး။သူကမအောင်မြင်ခဲ့ဘူး။

ပထမဦးဆုံးအကြိမ်သူအင်္ဂလန်ကိုစရောက်တော့၊သူ့ရဲ့ အိုင်ယာလန်လူမျိုးဆရာကသူ့ကိုစာတစ်ပိုဒ်ကူးခိုင်းတယ်။ထ ပ်ခါတလဲလဲကူးခိုင်းတယ်။

"ခရစ်တော်တောင်ပေါ်မှာ၊ပရိသတ်ကိုဟောကြားတဲ့တရားေ တာ်"ပါ။အင်္ဂလိပ်စာတော်လာအောင်လေ့ကျင့်ပေးတဲ့သင်ခန်း

စာအနေနဲ့ပဲကူးခိုင်းတာပါ။ဂန္ဒီဟာနာရီပေါင်းများစွာကူးယူရေးသားခဲ့ရပါတယ်။



"နူးညံ့သိမ်မွေ့သောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားထိုသူတို့သည်မြေကိုပိုင်ကြလိမ့်မည်။"
"ခိုက်ရန်ကိုမလိုလားသောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားထိုသူတို့သည်ဘုရားသခင်၏သားတော်ဟုအခေါ်ခံကြရလိမ့်မည်။"
အဲ့ဒီစကားလုံးလေးတွေကသူ့ရင်ထဲမှာလေးလေးနက်နက်စွဲပြီးကျန်ရစ်ခဲ့တယ်လေ။

တစ်ခါတော့သူ့ကိုတောင်အာဖရိကကိုလွှတ်လိုက်တယ်။ရရန်ရှိတဲ့ကြွေးတွေတောင်းခံဖို့ပေါ့။အဲဒီမှာသူက "ခရစ်တော်ဟောကြားခဲ့တဲ့တရားတော်"ရဲ့ဒဿနကိုအသုံးချကြည့်တယ်။အောင်မြင်မှုရခဲ့ပါတယ်။အမှုသည်တွေကဂန္ဒီကြီးဆီကိုဝိုင်းအုံပြီးလာကြတော့တာပါပဲ။ဘာကြောင့်ဆိုသူကလူတွေရဲ့ပြဿနာကိုတရားရုံးပြင်ပမှာငြိမ်းငြိမ်းချမ်းချမ်းနဲ့ဖြေရှင်းပေးတယ်။အချိန်ကုန်ငွေကုန်သက်သာပြီး၊ငွေကုန်လူပန်းမဖြစ်တော့ဘူး။မကြာခင်မှာပဲဂန္ဒီဟာတစ်နှစ်ကိုပေါင်သုံးထောင်လောက်ဝင်ငွေရရှိလာပါတယ်။"နူးညံ့သိမ်မွေ့မှုကမြေကိုပိုင်စေခဲ့ပြီလေ။"



ဒါပေမယ့်ဝင်ငွေကောင်းလာတာကသူ့ရဲ့ပျော်ရွှင်ဝမ်းမြောက်စိတ်ချမ်းသာမှုကိုယူဆောင်လာနိုင်ပါသလား..?။လုံး၀(

လုံးဝ)ပါပဲ။သူစိတ်မချမ်းသာပါဘူး။ဘာကြောင့်ဆိုတော့သူ့ရဲ့ဇေရာင်းရင်း၊လုပ်ဖော်ကိုင်ဖက်အိန္ဒိယပြည်သားတွေဟာစိတ်ဆင်းရဲမှုတွေဒုက္ခတွေကြားမှာနေနေကြရတယ်။အစာရေစာငတ်ပြတ်ပြီးသေကြေခဲ့ရသူတွေဟာထောင်နဲ့ချီပြီးရှိတယ်။ဒါတွေကိုသူကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရဖူးတယ်။ဒီတော့လောကီစည်းစိမ်တွေအောင်မြင်မှုတွေဟာဘာမှအရေးမပါ။အရာမရောက်ပါလားလို့သူထင်မြင်လာတယ်။။ဒါကြောင့်သူ့ရဲ့ပိုင်ဆိုင်မှုငွေကြေးဥစ္စာတွေကိုစွန့်လွှတ်ပစ်လိုက်တယ်။ဆင်းရဲမှုကိုခံယူတယ်။နောက်ပိုင်းကျတော့ဆင်းရဲသားတွေ၊အဖိနှိပ်ခံနင်းပြားတွေကိုကူညီဖို့သူ့ဘဝတစ်ခုလုံးကိုမြှုပ်နှံခဲ့တယ်။

အိန္ဒိယပြည်မှာရှိတဲ့လူဦးရေရဲ့တော်တော်များများဟာမဝရေစာစားနေကြရတယ်။သူတို့ရဲ့အခြေအနေတွေကမျှော်လင့်ချက်မရှိလောက်အောင်ဆိုးလွန်းလို့ဂန္ဒီကတောင်းပန်ရတယ်။"သားဆက်ခြားဖို့..၊ကလေးမွေးဖွားနှုန်းကိုလျှော့ချဖို့၊ရပ်ဖို့" ကလေးတွေမွေးဖွားလာခြင်းနဲ့အတူဒုက္ခတွေ..၊လိုအပ်ချက်တွေကပြည့်လျှံလာတယ်လေ။

သူ့ကိုယ်သူအတွက်လည်းအစားအသောက်နဲ့ပတ်သက်ပြီးလက်တွေ့စမ်းသပ်မှုတွေလုပ်ကြည့်တယ်။လူတစ်ယောက်အသက်ရှင်ကျန်းမာနေထိုင်နိုင်ဖို့၊ဘယ်လောက်ထိသက်သက်သာသာနဲ့စားသောက်နေထိုင်နိုင်မလဲဆိုတာကိုစမ်းသပ်တာပေါ့။သူကသစ်သီးဝလံရယ်ဆိတ်နို့ရယ်၊သံလွင်ဆီရယ်ကိုအဓိကစားသုံးပြီးနေထိုင်တယ်။

ဂန္ဒီဟာအမေရိကန်လူမျိုး၊ဒေးဗစ်သရူးရဲ့အရေးအသား၊ရှေ့ဆောင်လမ်းပြမှုရဲ့လွှမ်းမိုးမှုကိုလဲအတော်လေးခံရပါတယ်။ဒေးဗစ်ဟာအမေရိကန်နိုင်ငံဟားဗတ်တက္ကသိုလ်ကနေပြီးလွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာလောက်ကဘွဲ့ရခဲ့သူဖြစ်ပါတယ်။သူကမက်ဆာချူးဆက်ပြည်နယ်၊ဝေါလ်ဒန်ရေအိုင်အစပ်မှာဆယ်ပေပတ်လည်အခန်းကလေးနဲ့နေတယ်။အဲဒီမှာသူကသူနေတတ်စင်ရသေ့လိုနေတာ။အခွန်အခတွေပေးဖို့ငြင်းဆန်တယ်။ဒါကြောင့်ထောင်ကျတယ်။အဲဒီနောက်သူစာအုပ်တစ်အုပ်ရေးတယ်။အခွန်အခနဲ့ပတ်သက်ပြီးတော့..။လူတွေကသူရေးတဲ့စာအုပ်ကိုနည်းနည်းလေးတောင်သတိမပြုမိခဲ့ကြပါဘူး။ဒါပေမ

ယ့်ခုနစ်ဆယ့်ငါးနှစ်လောက်ကြာတော့ဂန္ဒီဒီစာအုပ်ကိုဖတ်ဖြစ်တယ်။သူ့ရဲ့နည်းဗျူဟာကိုသုံးဖို့ဆုံးဖြတ်ခဲ့တယ်။

အင်္ဂလိပ်အစိုးရကအိန္ဒိယပြည်ကိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးမယ်ဆိုတဲ့ကတိကိုဖျက်တယ်လို့ဂန္ဒီခံစားရတယ်။ဒါကြောင့်အင်္ဂလိပ်အစိုးရကိုအပြစ်ပေးဖို့ဆိုပြီး၊အိန္ဒိယလူမျိုးတွေကိုတိုက်တွန်းတယ်။အင်္ဂလိပ်အစိုးရကိုအခွန်အခပေးဆောင်တာထက်ထောင်ကျခံလိုက်ဖို့အင်္ဂလိပ်ကုန်ပစ္စည်းတွေကိုသပိတ်မှောက်ဖို့တိုက်တွန်းတယ်။ဗြိတိသျှအစိုးရကဆားခွန်တော်ကောက်တဲ့အခါဂန္ဒီကသူ့လူတွေကိုဦးဆောင်ပြီးပင်လယ်ကမ်းခြေကိုသွားတယ်။ကိုယ်တိုင်ဆားချက်ကြတယ်။

အိန္ဒိယပြည်မှာဟိန္ဒူဘာသာရေးအယူဝါဒအရဇာတ်နိမ့်တွေလို့သတ်မှတ်ခံထားရတဲ့လူတွေ၊လူပေါင်းသန်းခြောက်ဆယ်လောက်ရှိတယ်။ဇာတ်နိမ့်ဆိုတာဘာကိုဆိုလိုသလဲလို့ဆိုရင်..

ဥပမာ..သင်ကအိန္ဒိယပြည်မှာနေတဲ့၊အိန္ဒိယလူမျိုးတစ်ယောက်၊လွန်ခဲ့တဲ့နှစ်ပေါင်း၂၀၀လောက်ကတည်းကသင့်ရဲ့

ဘိုးဘွားဘီဘင်တွေကိုဟိန္ဒူဘာသာရေးအယူဝါဒအရ"ဇာတ်နိမ့်"လို့သတ်မှတ်ခံခဲ့ရရင်၊သင်လည်းမျိုးရိုးစဉ်ဆက်အလိုက် "ဇာတ်နိမ့်"လို့သတ်မှတ်ခံရပါပြီ။သင့်ရဲ့ဝိညာဉ်ကိုပြစ်ဒဏ်ခတ်စီရင်ချက်ချပြီးပါပြီ။ဟို..ရှေး..အတိတ်ဘဝတွေကအကုသိုလ်မှုတွေ၊ပြစ်မှုတွေအတွက်သင့်ကိုပြစ်ဒဏ်ချတာပါ။

ဇာတ်နိမ့်တွေကိုအများပြည်သူသောက်သုံးတဲ့တွင်းရေတို့ရေကောင်းရေသန့်တို့ကိုသောက်သုံးခွင့်မပြုဘူး။လမ်းဘေးကချောင်းရေမြောင်းရေကိုပဲသောက်ရမယ်။ရွံ့စရာကောင်းတဲ့စက်ဆုပ်ဖွယ်လူသားလို့သတ်မှတ်ခံထားရပြီဖြစ်တဲ့အတွက်ကုန်စုံဆိုင်တွေ၊စားသောက်ဆိုင်တွေထဲကိုဝင်ခွင့်မပြုဘူး။ဆိုင်ပြင်ဘက်ခပ်လှမ်းလှမ်းမှာရပ်နေရမယ်။လွှတ်ပစ်ပေးလိုက်တဲ့အစားအသောက်ကိုပဲစားသောက်ရမယ်။

တရားရုံးတော်ထဲကိုဝင်ခွင့်မရှိဘူး။ကျောင်းနေခွင့်မရှိဘူး။အများပြည်သူသွားလာနေတဲ့လမ်းပေါ်ကိုလည်းပေ၅၀၀အတွင်းကနေလျှောက်သွားခွင့်မရှိဘူး။ဇာတ်နိမ့်တစ်ယောက်ရဲ့အရိပ်ကအစားအသောက်ပေါ်ကျသွားရင်တောင်မှအဲဒီအစား

အသောက်ဟာမစားကောင်းတဲ့အစားအစာလို့သတ်မှတ်ပြီးဖျက်ဆီးပစ်လိုက်ကြပါတယ်။

အဲဒီ(ဇာတ်နိမ့်)ဆိုသူတွေဟာ၊သန်းပေါင်း၆၀ကျော်ရှိပါတယ်။သူတို့ရဲ့အခြေအနေကဒီနေ့ခေတ်ကမ္ဘာပေါ်မှာသနားစရာအကောင်းဆုံး၊ကြေကွဲစရာအကောင်းဆုံးပါ။

ဂန္ဒီကအဲ့ဒီလူတွေရဲ့အခွင့်အရေးအတွက်တိုက်ပွဲဝင်ဖို့သူ့ဘဝကိုမြုပ်နှံခဲ့တယ်။သူကဇာတ်နိမ့်မိန်းကလေးတစ်ယောက်ကိုမွေးစားပြီးသမီးအရင်းအဖြစ်နဲ့ကြီးပြင်းအောင်မွေးမြူစောင့်ရှောက်ခဲ့တယ်။



သန်းပေါင်းများစွာသောလူတွေကဂန္ဒီကို"သူတော်စင်"တစ်ပါးလို့သတ်မှတ်ကြတယ်ကျန်အခြားသူတွေကလည်းသူ့

ကိုပဟိန္ဒူနတ်ဘုရားတစ်ပါးဝင်စားတာလို့ယုံကြည်ကြတယ်။မ
သတီစရာကောင်းလှတဲ့လောဘတွေ၊အတ္တမာနတွေပြည့်လျှံေ
နတဲ့လောကကြီးထဲမှာ၊ဒီပုဂ္ဂိုလ်ကြီးကတော့သူ့ရဲ့ကိုယ်ကျိုးအ
တွက်ဘာကိုမှမလုပ်ခဲ့မရှာဖွေခဲ့ပါဘူး။ဒါပေမယ့်..အခြားသူေ
တွအသက်ရှင်နေထိုင်နိုင်ဖို့အတွက်ဆိုရင်တော့၊သူ့အသက်
ကိုစတေးဖို့၊အသေခံဖို့၊လိုလိုလားလားအသင့်ရှိနေခဲ့တဲ့သူပါပဲ
..။

****

# သောမတ်စ်အယ်ဗာအက်ဒီဆင်


*(အတော်ဆုံးလူများ နှင့် မေ့တတ်သောသတိများ)*



အက်ဒီဆင်ရဲ့မှတ်ညဏ်ကတော်တော်လေးကိုညံ့တယ်။အထူးသဖြင့်ကလေးဘဝတုန်းကပေါ့..ကျောင်းနေတုန်းကဆိုရင်သူ့ကိုသင်ပေးသမျှအရာရာကိုမေ့သွားတာပဲ..တစ်ခုမှမှတ်မိတော့ဘူး။အတန်းထဲမှာအမြဲတမ်းနောက်ဆုံးက..။


သူ့ဆရာတွေကစိတ်ပျက်လက်ပျက်နဲ့လက်လျှော့တယ်။သူတို့ကအက်ဒီဆင်ဟာဖြင့်ဦးနှောက်ပျက်နေတဲ့..ကျပ်မပြည့်တဲ့သူလို့အတည်ပြုပြောကြားကြတယ်..။

ဆရာဝန်တွေကလည်းအက်ဒီဆင်ရဲ့ဦးနှောက်ဟာထူးခြားတဲ့ပုံပန်းသဏ္ဍာန်ရှိနေတယ်။ဒါကြောင့်ဦးနှောက်နဲ့ပတ်သက်တဲ့ဒုက္ခတစ်စုံတစ်ရာတွေ့ကြုံရလိမ့်မယ်..လို့ခန့်မှန်းတွက်ဆပြောဆိုခဲ့ကြတယ်။





© 2013 Encyclopædia Britannica, Inc.

အက်ဒီဆင်ရဲ့ဘ၀တစ်လျှောက်လုံးမှာကျောင်းနေချိန်ဆိုလို့(၃)လလောက်ပဲရှိခဲ့ပါတယ်။အဲဒီနောက်မှာတော့သူ့မိခင်ကသူ့ကိုအိမ်မှာပဲစာသင်ပေးခဲ့ပါတယ်။တကယ်ကိုကြီးကျယ်မြင့်မြတ်တဲ့အလုပ်ကြီးကိုအက်ဒီဆင်ရဲ့မိခင်ကလုပ်ဆောင်ခဲ့တာပါပဲ။ဘာကြောင့်လဲဆိုတော့သူမပညာသင်ပေးခဲ့လို့သာကျွန်တော်တို့မှီတင်းနေထိုင်ရာကမ္ဘာကြီးတစ်ခုလုံးကိုအက်ဒီဆင်ကပြောင်းလဲအောင်လုပ်ဆောင်ပေးနိုင်ခဲ့တာပါ။



ဒါပေမယ့်သူ့ဘဝရဲ့နောက်ပိုင်းကာလတွေမှာအက်ဒီဆင်ရဲ့မှတ်ဉာဏ်ဟာအံ့မခန်းတိုးတက်ခဲ့ပါတယ်။သိပ္ပံပညာရပ်ဆိုင်ရာအချက်အလက်တွေအတွက်ပါပဲ။သူ့ရဲ့ကိုယ်ပိုင်စာကြည့်တိုက်ထဲမှာရှိတဲ့စာအုပ်တွေထဲကများပြားလှတဲ့သိပ္ပံဆိုင်ရာအခြေခံအကြောင်းအချက်တွေကိုကျွမ်းကျင်ပိုင်နိုင်ခဲ့တယ်လေ။သူကိုင်တွယ်ဖြေရှင်းနေတဲ့သိပ္ပံဆိုင်ရာအကြောင်းအချက်ဘာသာရပ်တစ်ခုပေါ်မှာထူးထူးခြားခြားအာရုံစိုက်နိုင်တဲ့အရည်အချင်းတွေတိုးတက်လာခဲ့ပါတယ်။အဲဒီဘာသာရပ်ကလွဲရင်အရာရာကိုမေ့လျော့မေ့ပျောက်ထားပြီးတော့ပေါ့။




တစ်နေ့သိပ္ပံပညာဆိုင်ရာပြဿနာအချို့ကိုအဖြေထုတ်ဖို့ကြိုးစားရင်းသူလေးလေးနက်နက်စူးစိုက်စဉ်းစားနေတယ်။ အဲဒီအချိန်မှာပဲအခွန်အခတွေဆောင်ဖို့ရုံးကိုသွားရတယ်။သူ့အလှည့်ရောက်ဖို့အချိန်တော်တော်ကြာအောင်တန်းစီပြီးစောင့်ဆိုင်းနေရတယ်။သူ့အလှည့်ရောက်ရောတကယ့်ကိုသူ့နာမည်ကိုသူမေ့နေပါလေရော။

သူ့ရဲ့အခက်အခဲကိုတွေ့မြင်ရတဲ့အိမ်နီးနားချင်းတစ်ယောက်ကသူ့နာမည်ဟာသောမတ်စ်အက်ဒီဆင်ဖြစ်ကြောင်းသတိပေးခဲ့ရတယ်။နောက်ပိုင်းမှာအက်ဒီဆင်ကလဲပြောဖူးတယ်။သူ့ရဲ့နာမည်ကိုသူကိုယ်တိုင်စက္ကန့်ပိုင်းလောက်မေ့မေ့နေတတ်တယ်။နာမည်ကိုမှတ်မိမှဆက်ပြီးအသက်ရှင်မယ်ဆိုရင်တောင်မှသူတကယ်သတိမရနိုင်ပါဘူးတဲ့။တစ်ကြိမ်တော့အက်ဒီဆင်ဟာသူ့ရဲ့မှတ်ဉာဏ်တိုးတက်စေမယ့်စနစ်တစ်ခုကိုလေးလေးနက်နက်တွေးဆခဲ့ဖူးတယ်။



အက်ဒီဆင်ဟာမကြာခဏဆိုသလိုညလုံးပေါက်အလုပ်လုပ်လေ့ရှိတယ်။သူ့ရဲ့ဓာတ်ခွဲခန်းထဲမှာလေ။တစ်မနက်ပေါ့။နံနက်စာစားဖို့စောင့်ဆိုင်းနေရင်းအိပ်ပျော်သွားတယ်။သူ့ရဲ့လက်ထောက်ကတော့ဝက်ပေါင်ခြောက်တို့ကြက်ဥတို့နဲ့စားသောက်ပြီးသွားပြီ။သူကပျော်ပျော်ရွှင်ရွှင်ရွှတ်ရွှတ်နောက်နောက်နေတတ်တဲ့သူ။သူကအက်ဒီဆင်ကိုကျီစယ်ချင်တယ်။နောက်ချင်တယ်။



ဒီတော့သူစားပြီးလို့ပြောင်နေပြီဖြစ်တဲ့ပန်းကန်ခွက်ယောက်တွေကိုအက်ဒီဆင်ရဲ့ရှေ့ကစားပွဲပေါ်မှာချထားလိုက်တယ်။မိနစ်အတော်ကြာတော့အက်ဒီဆင်နိုးလာတယ်။မျက်လုံးတွေကိုပွတ်သပ်ပြီးကြည့်လိုက်တယ်။ပေါင်မုန့်အပေါ်သားတွေရယ်၊ပန်းကန်လွတ်တွေရယ်၊သောက်ပြီးသားကော်ဖီပန်းကန်တွေရယ်ကိုတွေ့လိုက်ရတယ်။ခဏလေးစဉ်းစားတယ်။မအိပ်ခင်မှာမနက်စာစားပြီးတာဖြစ်ရမယ်ပေါ့။စားပွဲကထဆေး

လိပ်ကိုမီးညှိဆေးလိပ်ကလေးကိုဖွာရင်းနဲ့လုပ်ငန်းခွင်ဝင်ပြီး အလုပ်ကိုပြန်စတယ်လေ။သူ့ရဲ့လက်ထောက်ကအူတက်မတ တ်ဟားတိုက်ရယ်ရင်းပြောပြမှပဲဖြစ်ရပ်မှန်ကိုသိရတယ်။

---

အာဆာဂရေးဟာနာမည်ကျော်အမေရိကန်ရုက္ခဗေဒပ ညာရှင်..၊အပင်ပေါင်း၂၅ဂဂကျော်ရဲ့အမည်ကိုသူ့ရဲ့မှတ်ဉာ ဏ်နဲ့အလွတ်ပြောပြနိုင်စွမ်းရှိတယ်။အတ္ထုပ္ပတ္တိရေးသားသူ တွေရဲ့အလိုအရဆိုရင်လဲဂျူးလီယက်ဆီဆာဟာထောင်ပေါင်း များစွာသောသူ့စစ်သားတွေရဲ့နာမည်ကိုမှတ်မိတယ်လို့ဆိုကြ တယ်။

ချာလီချက်ပလင်ဟာသူ့ရဲ့အတွင်းရေးမှူးလဲဖြစ်၊ကြော် ငြာကိုယ်စားလှယ်လဲဖြစ်တဲ့သူနဲ့(၇)နှစ်လောက်အတူတွဲပြီးအ လုပ်လုပ်ခဲ့ဖူးတယ်။(၂)ယောက်တွဲပြီးအမြဲလိုလိုခရီးတွေသွား လာခဲ့တယ်။ဒါပေမယ့်သူ့ရဲ့အတွင်းရေးမှူးကာလိုင်းရော်ဘင် ဆင်ကပြောဖူးတယ်။(၇)နှစ်သာကုန်သွားတယ်။ချာလီချက်ပ လင်ဟာသူ့ရဲ့မျိုးရိုးနာမည်(Last Name)ကိုမသိဘူးတဲ့။

ကမ္ဘာ့ဒုတိယအကြီးဆုံးတက္ကသိုလ်ဖြစ်တဲ့"မိုဟာမေဒင် ကောလိပ်"ဟာအိဂျစ်ပြည်၊ကိုင်ရိုမြို့မှာရှိပါတယ်။အဲ့ဒီတက္က သိုလ်ရဲ့ဝင်ခွင့်စာမေးပွဲက"ကုရ်အာန်"(အစ္စလာမ်ဘာသာဝင် တို့ရဲ့ကျမ်းစာ)ကိုအလွတ်ရွတ်ဆိုအာဂုံဆောင်ရခြင်းပါပဲ။ကျေ ာ်းလာတိုင်းအာဂုံဆောင်နိုင်ဖို့လိုအပ်ပါတယ်။

အဲဒီ"ကုရ်အာန်"ဟာ၊ခရစ်ယာန်ဘာသာဝင်တို့ရဲ့ဓမ္မသ တ်ကျမ်းလောက်ထူတယ်။အလွတ်ရွတ်ဆိုအာဂုံဆောင်နိုင်ဖို့( ၃)ရက်လောက်အချိန်ယူရတယ်။ဒါပေမယ့်..ကျောင်းသားနှစ် ထောင်ကျော်ထဲကလူတိုင်းလိုလိုဒီထူးခြားတဲ့လုပ်ဆောင်မှုကြီ းကိုစွမ်းဆောင်နိုင်ကြပါတယ်။

လော့ဒ်ဘိုင်ရန်ကပြောဖူးတယ်။သူစပ်ဆိုသီကုံးခဲ့တဲ့က ဗျာလင်္ကာတိုင်းကိုအလွတ်ရွတ်ပြနိုင်တယ်တဲ့။ဆာဝေါလ်တာ စကော့ကတော့မှတ်ဉာဏ်စွမ်းအားညံ့တယ်။တစ်ခါတုန်းက သူရေးခဲ့တဲ့ကဗျာတစ်ပုဒ်ကိုဘိုင်ရွန်ရေးခဲ့တဲ့ကဗျာလို့ထင်ပြီး အကြီးအကျယ်ချီးကျူးသြဘာထောပနာပြုဖူးတယ်လေ။

ဆာဖရန်စစ်ဘောကွန်ကတော့သူ့ရဲ့အကျော်ကြားဆုံးစာအုပ်တွေထဲကတစ်အုပ်ကိုလိုက်ရေးဖို့အလွတ်ရွတ်ဆိုနှုတ်တိုက်ချပေးနိုင်တယ်။

ဒါပေမယ့်ရစ်ဗင်ဝင့်ကဲလ်ပြဇာတ်ကို(၁၂)နှစ်လုံးလုံးညတိုင်းလိုလိုကပြခဲ့တဲ့ဂျိုးဆက်ဂျဖာဆန်ဟာနောက်ဆုံးအချိန်ရောက်တဲ့အထိသူကပြရမယ့်အခန်းကဏ္ဍအချို့ကိုမေ့တုန်း။

အေဗရာဟင်လင်ကွန်းကတော့တစ်ခုခုကိုစွဲစွဲမြဲမြဲမှတ်မိချင်ရင်ကျယ်ကျယ်လောင်လောင်အော်ဖတ်တော့တာပါပဲ။ဒါမှလဲသူ့ရဲ့အမြင်အာရုံထဲမှာရောအကြားအာရုံထဲမှာပါစွဲမြဲမှတ်ထင်သွားတာပါတဲ့။

မက်ကောလေဟာကြီးကျယ်မြင့်မြတ်တဲ့သမိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်တယ်။ထူးခြားအံ့သြဖွယ်ကောင်းတဲ့မှတ်ဉာဏ်ရှိတဲ့သူလို့လဲဆိုရမှာဖြစ်တယ်။စာတစ်မျက်နှာကိုဖတ်လိုက်ရင်ကင်မရာနဲ့ဓါတ်ပုံရိုက်ထားသလိုသူ့စိတ်ထဲမှာတိတိကျကျမှတ်မိတယ်။စာတစ်အုပ်ရဲ့အခန်းတစ်ခန်းကိုတစ်ခါထဲဖတ်ရုံနဲ့အလွတ်ရွတ်ဆိုပြနိုင်တယ်။ရာဇဝင်သမိုင်းတွေရေး

သားရာမှာကျမ်းကိုးစာအုပ်တွေကိုလှန်စရာမလိုဘဲတောက်ေလျှောက်ရေးသာနိုင်တယ်။သူ့ရဲ့အတ္ထုပ္ပတ္တိကိုရေးသားသူတွေကပြောဖူးတယ်။"ပါရဒိုက်လော့စ်"စာအုပ်ကိုတစ်ညထဲနဲ့အပြီးဖတ်တယ်၊လောင်းကြေးစားကြေးနဲ့ဖတ်တာပါ။

ကလ်ဗင်ကူးလစ်ကတော့"ပါရာဒိုက်လော့စ်"စာအုပ်ရဲ့စာမျက်နှာအချို့ကိုအိပ်ရာမဝင်ခင်တိုင်းမှာညတိုင်းဖတ်ပါတယ်။သင်အိပ်မပျော်ဘူးဆိုလျှင်အဲ့ဒီစာအုပ်ကိုဖတ်ကြည့်ပါ။အိပ်ဆေးထက်ကောင်းတယ်လို့ဆိုထားပါတယ်။

လူတော်တော်များများဟာထူးခြားတဲ့မှတ်ဉာဏ်ရှိကြတဲ့သူတွေဖြစ်ပါတယ်။သီအိုဒိုရူစဗဲ့ဟာလဲအဲ့ဒီအထဲကတစ်ေယာက်ပါ။လူတွေနဲ့တွေ့ဆုံဖို့ကိုသူကအလွန်အမင်းစိတ်ဝင်စားတယ်။တွေ့ဆုံတဲ့အခါသူတို့ရဲ့ကိုယ်ရေးကိုယ်တာအချက်အလက်တွေကိုမစုံစမ်း(မစပ်စု)ဘူး။သူတို့ရဲ့မျက်နှာရိပ်မျက်နှာကဲနဲ့ထူးခြားတဲ့အမူအယာတွေကိုလေ့လာတယ်။ပြီးတော့တော့သူတို့ရဲ့နာမည်တွေကို(ဦးနှောက်ထဲမှာ)ဖျောက်ဖျက်လို့မရနိုင်တဲ့အထိစွဲမြဲအောင်မှတ်သားထားတယ်။သူ့ရဲ့နိုင်ငံရေးသက်

တမ်းတစ်လျှောက်မှာဒီအချက်ကသူ့ကိုအလွန်အမင်းအထော က်အကူပေးခဲ့တယ်။

မကြာသေးခင်ကမှမီချီကန်ပြည်နယ်၊ကိုးဝါးတားမှာကွ ယ်လွန်ခဲ့တဲ့သူတစ်ယောက်ရှိတယ်။စိတ်ဝင်စားဖွယ်လူထူးလူ ဆန်းတစ်ယောက်ပေါ့။"ရေးလ်ရှဒ်ဂျက်"တဲ့။သူ့မှာအံ့သြဖွယ်ေ ကာင်းလောက်တဲ့မှတ်ဉာဏ်ရှိတယ်။အနှစ်(၂၀)လုံးလုံးကော လိပ်ကျောင်းတွေရှိတဲ့မြို့တစ်မြို့ပြီးတစ်မြို့ကိုလှည့်လည်သွာ းလာတယ်။ကျောင်းသားတွေကိုတစ်အံ့တသြဖြစ်စေခဲ့တယ်။

ကောလိပ်ကျောင်းသားတွေစားသောက်နေနေတဲ့စားေ သာက်ဆိုင်ကိုသွားမယ်။"ကျုပ်က..ရေးလ်ရှဒ်ဂျက်ပါ။သမိုင်း ထဲကအထင်ကရအဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး..ဘာမဆို မေးပါ။ကျွန်တော်ဖြေပါ့မယ်"လို့ဆိုလိုက်ရင်ပဲထုံးစံအတိုင်းပေါ့ ကောလိပ်ကျောင်းသားတွေကသူ့ကိုအရှက်ခွဲဖို့ကြိုးစားကြတာ ပေါ့။ပေါက်တတ်ကရမေးခွန်းတွေမေးရင်းနဲ့လေ။

"ဆိုကရေးတီးရဲ့မိန်းမဟာလက်ထပ်တုန်းကအသက် ဘယ်လောက်ရှိပြီလဲ"စတဲ့မေးခွန်းမျိုး။ဂျက်ကလဲမဆိုင်းမတွပဲ

ဖြေတယ်.."ဆိုကရေးတီးဟာအသက်၄၇အထိအိမ်ထောင်မပြုဘူး။လက်ထပ်တဲ့အခါမှာတော့..အသိဉာဏ်ပြည့်ဝသူဖြစ်ပေမယ့်..မငယ်လွန်း၊မကြီးလွန်း(၁၉)နှစ်သာရှိသေးတဲ့မိန်းကလေးကိုလက်ထပ်ခဲ့တယ်"

ဒါမှမဟုတ်"လုံစွပ်တွေကိုဘယ်တုန်းကစပြီးသုံးသလဲ"လို့မေးတယ်။သူကလဲချက်ခင်းဖြေတယ်"၁၆၈၉ခုနှစ်၊ဇူလိုင်လ(၂၇)ရက်၊စကော့တလန်ပြည်၊ကီလီကရင်ကီးတိုက်ပွဲမှာ"ပေါ့လို့..

ဟင်နရီဖို့ဒ်ကသူ့ရဲ့အရည်အချင်းကိုအရမ်းသဘောကျလို့ကားတစ်စီးလက်ဆောင်ပေးတယ်။သမိုင်းသင်ခန်းစာတွေဖြေဆိုဖို့သွားတဲ့အခါစီးဖို့၊ဒါပေမယ့်သူကလက်မခံဘူး။လှည်းစီးပြီးတော့ပဲခရီးလှည့်ခဲ့တယ်။လှည်းရဲ့ဘေးဘက်မှာတော့"ရေးရှဒ်ဂျက်၊သမိုင်းရာဇဝင်၊ဉာဏ်ကြီးရှင်"လို့ရေးသားထားလေရဲ့။

ရေးလ်ရှဒ်ဂျက်ဟာအသက်(၇၉)နှစ်မှာသေဆုံးခဲ့တယ်။စွန့်ပစ်ထားတဲ့အဆောက်အအုံဟောင်းကြီးတစ်ခုထဲမှာပေါ့။

သူသေတော့သေတမ်းစာရေးပြီးလွှဲအပ်ခဲ့တယ်။သူ့ရဲ့ခန္ဓာကို ယ်ရုပ်အလောင်းကိုမီချီကန်တက္ကသိုလ်ကိုပေးအပ်ဖို့။ဆေးေ ကျာင်းကသူ့ရဲ့ဦးနှောက်ကိုစစ်ဆေးလေ့လာဖို့၊သူ့မှတ်ဉာဏ်ရဲ ့လျှို့ဝှက်ချက်ကိုဖော်ထုတ်စေဖို့ပေါ့။


ပါမောက္ခဒဗလျူဘီပေးလ်ဘာရီဟာမီချီကန်တက္ကသို လ်စိတ်ပညာဌာနမှူးပေါ့။သူကပြောတယ်။ရေးလ်ရှဒ်ဂျက်ဟာ ြ ပဌာန်းထားတဲ့အချက်အလက်တွေကိုနှစ်ပေါင်းများစွာလေ့လ ာခဲ့တယ်။ဘဝတစ်ခုလုံးကိုပေးအပ်မြှုပ်နှံခဲ့တယ်။အံ့မခန်းများ ြ ဟာလှတဲ့အသိဉာဏ်အချက်အလက်တွေစုပုံပြည့်လျှံလာတဲ့အ ထိပေါ့။

သူကဆက်ရှင်းပြတယ်။ထူးခြားအံ့သြဖွယ်ကောင်းတဲ့မှ တ်ဉာဏ်တွေနဲ့ပတ်သက်ပြီးလေ့လာခဲ့ရာမှာ၊အချို့ကသာမန် မဟုတ်ဘဲထူးကဲခြားနားတဲ့အရည်အချင်းနဲ့ပြည့်စုံတဲ့ဉာဏ်ကြီ းရှင်(ပါရမီရှင်)တွေဖြစ်ကြပြီး၊တော်တော်များများကတော့ခပ် ညံ့ညံ့ခပ်ချာချာတွေပါတဲ့။

ဆိုလိုတာကတော့သင့်မှာထူးကဲတဲ့မှတ်ဉာဏ်တွေရှိနေပြီဆိုရင်သင်ဟာဉာဏ်ကြီးရှင်(ဂျီးနီးယပ်)ဖြစ်ချင်ဖြစ်လာမယ်။ဒါမှမဟုတ်ရင်တော့စိတ္တဇဆေးရုံရောက်ချင်ရောက်လိမ့်မယ်လို့ဆိုလိုတာပါ။

****

# အဲလ်ဗတ် အိုင်းစတိုင်း



လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်ကပေါ့..ဂျာမနီတောင်ပိုင်းကမြို့က လေးတစ်မြို့ရဲ့လမ်းမတွေပေါ်မှာ..။လမ်းလျှောက်နေတုန်း..အတူပါလာတဲ့ သူငယ်ချင်းကရုတ်တရက်ရပ်လိုက်တယ်။ကုန်စုံဆိုင်တစ်ဆိုင်ရဲ့အပေါ်ထပ်

ကပြတင်းပေါက်တစ်ခုကိုလက်ညှိုးညွှန်ရင်းနဲ့ပြောတယ်။"..အဲဒီအပေါ်ထပ်ကအခန်းလေးကိုတွေ့လား..။အဲဒီနေရာမှာအိုင်းစတိုင်းကိုမွေးတာပေါ့.."

အဲဒီနေ့နှောင်းပိုင်းမှာကျွန်တော်နဲ့အိုင်းစတိုင်းရဲ့ဦးလေးနဲ့တွေ့ကြတယ်။စကားစမြည်ပြောဖြစ်ကြတယ်..။ကျွန်တော်အမြင်မှာတော့သူဟာထူးခြားတဲ့ပုဂ္ဂိုလ်တစ်ယောက်လို့မထင်ရပါဘူး။သို့ပေမယ့်ဒါလည်းအဆန်းတော့မဟုတ်ပါဘူး။..အဲလ်ဗတ်အိုင်းစတိုင်းကိုယ်တိုင်ကလေးဘဝတုန်းကလည်းပဲသူ့ကိုလူတွေကအရေးပါအရာရောက်သူလို့မယူဆခဲ့ကြပါဘူး။ခပ်ညံ့ညံ့ခပ်ထုံထုံထဲကပဲလို့ထင်မြင်ခဲ့ကြတယ်..။

အခုတော့..သူ့ကိုအထင်တကြီး၊တလေးတစားနဲ့အသိအမှတ်ပြုကြရပြီ..။သူနဲ့ခေတ်ပြိုင်မွေးဖွားခဲ့တဲ့ပုဂ္ဂိုလ်ကြီးတွေအနက်သူဟာတွေးခေါ်ဆင်ခြင်မှုနဲ့ပတ်သက်ပြီးထူးခြားတဲ့ပါရမီရှင်တစ်ယောက်။အမြော်အမြင်အကြီးမားဆုံး၊အလေးနက်ဆုံးတွေးခေါ်ခဲ့တဲ့တွေးခေါ်ပညာရှင်တွေအနက်တစ်ယောက်..။

လွန်ခဲ့တဲ့နှစ်ပေါင်းခြောက်ဆယ်လောက်တုန်းကတော့သူဟာဉာဏ်ထိုင်းတဲ့၊တွန့်ဆုတ်ရှက်ကြောက်တတ်တဲ့၊အသိပညာဖွံ့ဖြိုးမှုနောက်ကျတဲ့ကလေး..လေးဖြစ်ခဲ့ရတယ်။စကားပြောတတ်အောင်သင်ယူရာမှာတော်အလွန်အမင်းအခက်အခဲတွေ့ခဲ့ရတဲ့သူပါ။သူကသိပ်ထုံထိုင်းတော့သူ့ဆရာတွေကစိတ်ပျက်ဖွယ်စုံ"မောင်မောင်ထုံ"လို့ခေါ်ကြတယ်။သူ့မိဘတွေတောင်မှသူ့ကိုစံမမှီကျပ်မပြည့်တဲ့သူတစ်ယောက်ဖြစ်မှာကိုစိုးရိမ်ခဲ့ကြရတယ်။

အိုင်းစတိုင်းကိုယ်တိုင်လည်းအံ့ဩမိတယ်..။သူဟာဖြင့်ကမ္ဘာပေါ်မှာ အကျော်ကြားဆုံးပုဂ္ဂိုလ်တွေအနက်တစ်ယောက်ဖြစ်နေတာကို။လုံးဝကိုမယုံကြည်နိုင်လောက်အောင်ဖြစ်ရတဲ့အံ့ဖွယ်တစ်ရပ်ပါပဲ။ကမ္ဘာ့တိုက်ကြီးငါးတိုက်မှာရှိတဲ့သတင်းစာအားလုံးရဲ့မျက်နှာဖုံးသတင်းမှာသင်္ချာပါမောက္ခတစ်ယောက်ရဲ့အကြောင်းကိုဖော်ပြနေကြလို့ပါ။

သူကိုယ်တိုင်ကလည်းသူ့ရဲ့အမှီသဟဲနိယာမသီအိုရီလိုပဲ၊ထူးဆန်းလှပါတယ်။သူကလူတွေစွဲလမ်းတပ်မက်တဲ့"ကျော်ကြားမှုတွေ၊ပစ္စည်းဥစ္စာကြွယ်ဝမှုတွေ၊စည်းစိမ်ခံစားမှုတွေ.."ကိုအလေးမထားဘူး။မတပ်မက်ဘူး..။

ဥပမာ..တစ်ခါက..အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်တဲ့ပင်လယ်ကူးသင်္ဘောကြီးနဲ့ခရီးသွားခဲ့တုန်းက။သင်္ဘောကက်ပတိန်ကဇိမ်ခံပစ္စည်းအစုံအလင်နဲ့ ဈေးအကြီးဆုံး၊အကောင်းဆုံးအခန်းတစ်ခန်းသူ့ကိုပေးတယ်။ဒါပေမယ့်အိုင်းစတိုင်းကလက်မခံဘူး။ငြင်းပယ်လိုက်တယ်။သူကပြောတယ်၊သာမန်ခရီးသည်တွေစီးတဲ့ရိုးရိုးအခန်းကိုပိုနှစ်သက်ပါတယ်တဲ့။အဲဒီအခန်းနဲ့ပဲခရီးသွားချင်ပါတယ်..တဲ့။

အိုင်းစတိုင်းအသက်(၅၀)ပြည့်တဲ့မွေးနေ့မှာ..။ဂျာမနီပြည်တစ်ပြည်လုံးကသူ့ကိုအကြီးအကျယ်ဂုဏ်ပြုခဲ့ကြတယ်။ပို့စဒမ်မြို့မှာသူ့ရဲ့ကိုယ်တစ်ပိုင်းရုပ်တုကြီးကိုတည်ဆောက်စိုက်ထူခဲ့ကြတယ်။အိမ်တစ်ဆောင်နဲ့ရွက်သင်္ဘောလေးတစ်စီးကိုလည်းပေးအပ်ခဲ့ကြတယ်။တစ်တိုင်းပြည်လုံးရဲ့မေတ္တာတရားရယ်၊ဘယ်တော့မှမေ့ပျောက်တော့မှာမဟုတ်တဲ့နှစ်ခြိုက်ကြည်ညိုမှုတို့ရဲ့အထိမ်းအမှတ်သင်္ကေတအဖြစ်ရယ်..နဲ့ပေါ့။

ဒါပေမယ့်နှစ်အနည်းငယ်ကြာတော့..။သူ့ကိုနှင်းအပ်ခဲ့တဲ့အရာတွေကိုသူ့ဆီကပြန်ယူခဲ့ကြတယ်၊သူ့ခများကိုယ့်တိုင်းပြည်ကိုယ့်ဒေသကိုပြန်မလာရဲလောက်အောင်ကြောက်ရွံ့ခဲ့ရရှာတယ်။ရက်သတ္တပါတ်ပေါင်းများစွာကြာအောင်၊ဘဲလ်ဂျီယံနိုင်ငံမှာနေခဲ့ရတယ်။လုံခြုံရေးအတွက်အထူးစီမံထားတဲ့အခန်းထဲမှာ..။ညညဆိုရင်လည်းရဲအစောင့်အရှောက်နဲ့အိပ်စက်ခဲ့ရတယ်။



နယူးယောက်မြို့၊ပရင့်စတန်တက္ကသိုလ်မှာ၊သင်္ချာပါမောက္ခအဖြစ်အမှုထမ်းဖို့ရောက်လာတုန်းက..။သတင်းထောက်တွေ၊တွေ့ဆုံမေးမြန်းမှုတွေ၊အနုတ်အော်သောင်းနင်းဖြစ်မှုတွေကိုရှောင်ချင်တယ်..။ဒါကြောင့်သင်္ဘောမဆိုက်ခင်မှာပဲသူ့မိတ်ဆွေသူငယ်ချင်းတွေကတိတ်တိတ်လေးလျှို့ဝှက်ပြီးသင်္ဘောပေါ်ကခေါ်ချ။ပြီးတော့..ကားပေါ်တင်ပြီးကသုတ်ကယက်နဲ့ခေါ်ထုတ်သွားကြရတယ်..။

အိုင်းစတိုင်းကဆိုတယ်။သူ့ရဲ့"နှိုင်းဆသီအိုရီ၊အမှီသဟဲနိယာမ"ကိုရှင်းပြဖို့ကြိုးစားရင်းစာအုပ်ပေါင်းကိုးရာကျော်ကိုပညာရှင်တွေကရေးသားထုတ်ဝေခဲ့ပါတယ်၊ဒါပေမယ့်တကယ့်ကိုနားလည်သဘောပေါက်တဲ့သူကဆယ့်နှစ်ယောက်ပဲရှိတယ်တဲ့။သူ့ရဲ့"နှိုင်းဆသီအိုရီ"ကိုသူကိုယ်တိုင်ပဲရိုးရိုးရှင်းရှင်းလေးဥပမာပုံဆောင်ပြီးရှင်းပြခဲ့ပါသေးတယ်။"ခင်ဗျားသာမိန်းမချောလေးတစ်ယောက်နဲ့အတူတစ်နာရီလောက်ထိုင်နေရမယ်ဆိုရင်ခင်ဗျားအနေနဲ့အဲဒီတစ်နာရီကိုတစ်မိနစ်လို့ထင်နေမှာပဲ။အဲ..ဒါပေမယ့်ပူလောင်လှတဲ့မီးဖိုပေါ်မှာထိုင်နေရင်တော့ခင်ဗျားအနေနဲ့ထိုင်ရတဲ့တစ်မိနစ်ကိုတစ်နာရီလို့ထင်မှာပေါ့"..တဲ့။

အိုင်းစတိုင်းကအိမ်ထောင်နှစ်ဆက်ကျခဲ့တယ်ဗျ။ပထမအိမ်ထောင်နဲ့သားနှစ်ယောက်ရခဲ့တယ်။နှစ်ယောက်လုံးဉာဏ်ထက်မြက်ပါတယ်။

အိုင်းစတိုင်းကတော်ကဝန်ခံပြောကြားခဲ့ပါတယ်။သူမလည်းအိုင်းစတိုင်းရဲ့နှိုင်းဆသီအိုရီ၊ကိုနားမလည်ပါဘူး..။ဒါပေမယ့်သူမအနေနဲ့တစ်စုံတစ်ခုတော့နားလည်ခဲ့ပါတယ်..တဲ့။အဲဒါကလည်းဇနီးသည်တစ်ယောက်အတွက်

ပိုပြီးတောအရေးကြီးတဲ့အရာ..ပါ..တဲ့။သူမကသူမရဲ့ခင်ပွန်းသည်ကိုတော့နားလည်ခဲ့ပါတယ်..တဲ့။


သူမကမိတ်ဆွေသင်္ဂဟတွေကိုအခါအားလျော်စွာအိမ်ခေါ်ပြီးလက်ဖက်ရည်ပွဲလေးတည်ခင်းဧည့်ခံတယ်။ပြီးတော့ပါမောက္ခကြီးကို"အောက်ထပ်ကိုဆင်းပါဦး..လက်ဖက်ရည်သောက်ပါဦး.."လို့ဖိတ်တယ်။

ပါမောက္ခကြီးကအပြင်းအထန်ငြင်းမယ်၊ဒီကနေထွက်သွားတော့မယ်၊ဒီမှာအလုပ်လုပ်လို့ကိုမရဘူး။ဒီလိုကြားဖြတ်နှောက်ယှက်တာတွေကိုငါသည်းမခံနိုင်တော့ဘူး။ဇနီးသည်ဖရော်အိုင်းစတိုင်းကလုံးဝငြိမ်ငြိမ်လေးသည်းခံပြီးနေမယ်၊ခင်ပွန်းသည်ရဲ့ပြင်းထန်မှုတွေဒေါသတွေရပ်တန့်ငြိမ်သက်သွားတဲ့အထိပေါ့။အဲဒီနောက်မကြာမီမှာပဲပရိယာယ်နဲ့အလိမ္မာသုံးပြီးအိုင်းစတိုင်းကိုအောက်ထပ်ကိုခေါ်မယ်၊လက်ဖက်ရည်သောက်ကြမယ်။အိုင်းစတိုင်းအတွက်အထူးတလည်အများကြီး..ကို၊လိုအပ်တဲ့..အပန်းဖြေမှုလေးတွေစိတ်ပြေလက်ပျောက်ဖြစ်မှုလေးတွေကိုဖန်တီးပေးတယ်ပေါ့..။

ဇနီးသည်ဖရော်အိုင်းစတိုင်းကပြောတယ်။သူ့ယောက်ျားဟာသူ့ရဲ့အတွေးအခေါ်တွေနဲ့ပတ်သက်ရင်အစီအစဉ်စည်းစနစ်ကျနမှုတွေကိုနှစ်သက်တယ်။အဲ..သူ့ရဲ့လက်တွေ့ဘဝအတွက်ဆိုရင်တော့ဒါတွေကိုမကြိုက်ဘူး။"သူလုပ်ချင်တာလုပ်တယ်၊လုပ်ချင်တဲ့အချိန်မှာလုပ်တယ်"သူ့မှာပြုမူနေထိုင်ဆောင်ရွက်မှုနဲ့ပတ်သက်တဲ့စည်းမျဉ်းနှစ်ခုပဲရှိတယ်။ပထမစည်းမျဉ်းကဘာပဲလုပ်လုပ်..စည်းမျဉ်းဥပဒေတွေလုပ်မနေနဲ့..တဲ့။ဒုတိယစည်းမျဉ်းက"အခြားသူတွေရဲ့အယူအဆလွှမ်းမိုးမှုမှကင်းလွတ်ပါစေ"..တဲ့။

သူကရိုးရိုးလေးပဲနေတယ်။တွန့်ကြေပြီးမီးပူတိုက်ဖို့လိုနေတဲ့အင်္ကျီဝတ်ပြီးလျှောက်သွားတယ်။ဦးထုပ်တောင်ဆောင်းခဲတယ်။ရေးချိုးခန်းထဲမှာလေချွန်ချင်ချွန်၊သီချင်းဆိုချင်ဆိုတယ်၊ရေချိုးတဲ့စည်ထဲမှာထိုင်ရင်းမုတ်ဆိတ်ရိတ်တယ်။မုတ်ဆိတ်ရိတ်တဲ့ဆပ်ပြာကိုတော့မသုံးဘူး။ရေးချိုးရာမှာသုံးတဲ့ဆပ်ပြာနဲ့ပဲမုတ်ဆိတ်ရိတ်တယ်။

နက်နဲခက်ခဲသိမ်မွေ့လှတဲ့စကြဝဠာကြီးရဲ့ပဟေဠိကိုဖြေရှင်းဖို့ကြိုးစားခဲ့တဲ့ဒီပုဂ္ဂိုလ်ကြီးကပြောတယ်"ဆပ်ပြာနှစ်မျိုးသုံးရတာဟာဘဝကိုရှုပ်ထွေးစေလွန်းတယ်"..တဲ့။



သူ့အနေနဲ့၊ဘယ်သူ့ဆီကဘာကိုမှမလိုချင်တဲ့အတွက်စိတ်ချမ်းသာမှု ရခဲ့တာပါ..တဲ့။သူကငွေကြေးတွေ၊ဘွဲ့ထူးဂုဏ်ထူးတွေ၊ချီးကျူးထောမနာပြုမှု တွေကိုလိုချင်တပ်မက်စိတ်မရှိဘူး။သူ့အလုပ်ကိုသူလုပ်မယ်။တယောထိုးမ ယ်၊ရွက်သင်္ဘောလေးစီးမယ်။ဒါလေးတွေလုပ်ရင်းနဲ့ပဲသူ့ရဲ့စိတ်ချမ်းသာမှုကိုရ ယူတယ်။

အိုင်းစတိုင်းရဲ့ဘဝမှာအရာရာထက်သူ့တယောလေးကသူ့ကိုပျော်ရွှ င်သာယာမှုတွေပိုပေးတယ်။သူကပြောဖူးတယ်။သူဟာ..တေးဂီတကိုတွေးေ တာစဉ်းစားရင်းဂီတရေယာဉ်ကြောမှာနစ်မြောပြီးစိတ်ကူးတွေကွန့်မြူးခဲ့ရတ ယ်။

တစ်ခါက..ဘာလင်မြို့၊ဓာတ်ရထားတစ်စီးပေါ်မှာလက်မှတ်ရောင်း သူကိုအိုင်းစတိုင်းကပြောတယ်။သူပြန်အမ်းတဲ့ငွေအကြွေလိုနေတယ်လို့။လ က်မှတ်ရောင်းသူကပြန်ရေတွက်ကြည့်တော့မှန်နေတာတွေ့ရတယ်။ဒါကြောင့် ..အဲဒီငွေအကြွေတွေကိုအိုင်းစတိုင်းကိုပြန်ပေးရင်းပြောလိုက်တာက"ခက်တာ ပဲဗျာ..ခင်ဗျားကအပေါင်းအနုတ်မှမတတ်ပဲကိုး.."တဲ့။

****

# မာကိုနီ



နှစ်တွေသိပ်မကြာသေးမီကပေါ့..။ကံကောင်းလို့လူတစ်ယောက်နဲ့တစ်နာရီလောက်တွေ့ဆုံပြောဆိုဖြစ်ခဲ့တယ်..။အဲ

ဒီလူကသင့်ရဲ့ဘ၀ကိုအလွန့်အလွန်နက်ရှိုင်းတဲ့အကျိုးဆက်အာနိသင်တွေဖြစ်ပေါ်စေခဲ့တဲ့သူပေါ့။သင်မီတင်းနေထိုင်ရာကမ္ဘာကြီးကိုပြောင်းလဲစေခဲ့တဲ့သူ။တစ်စက္ကန့်ရဲ့ခုနစ်ပုံတစ်ပုံအတွင်းမှာ၊တစ်ကမ္ဘာလုံးကဘယ်နေရာကိုမဆို၊သင်သတင်းပို့ချင်တဲ့နေရာကိုပို့လို့ရအောင်လုပ်နိုင်ခဲ့တဲ့သူပါ..။

ပြီးတော့သင်အိမ်မှာထိုင်ပြီးခလုတ်ကလေးဖွင့်လိုက်ရုံမျှနဲ့"ဘက်ကင်ဟမ်"နန်းတော်ကဘုရင်မကြီးမိန့်ခွန်းပြောနေတာကိုနားထောင်နိုင်အောင်...။"ဘလူးဒန်းျူး"ကထုတ်လွှင့်နေတဲ့စွဲမက်ဖွယ်တေးသံသာတွေကိုလည်းနားဆင်နိုင်အောင်လုပ်ပေးခဲ့တဲ့သူလေ..။

ကျွန်တော်တို့ကမာကိုနီကိုအီတလီလူမျိုးလို့အမြဲပဲထင်နေမိတာ။သူ့အဖေကအီတလီလူမျိုး..။ဒါပေမယ့်သူ့အမေကအိုင်ယာလန်သူပါ။သူမရဲ့အိမ်ကလန်ဒန်မြို့မှာ။မာကိုနီရဲ့မိခင်ဘက်ကအိုင်းရစ်သွေးကြောင့်မာကိုနီရဲ့ဆံပင်ရောင်ကဖျော့ပြီးမျက်လုံးတွေကပြာတယ်။အီတလီလူမျိုးပုံစံထက်ဗြိတိသျှလူမျိုးပုံစံပိုပေါက်တယ်။လန်ဒန်မြို့သားတွေသုံးတဲ့လေသံနဲ့..၊သူ

ကအင်္ဂလိပ်စကားကိုကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်တယ်။ပြီတိ သျှုဖက်ရှင်ပုံစံ၊မျက်လုံးတစ်ဖက်တပ်မျက်မှန်လေးကိုလည်း ဘယ်ဘက်မျက်လုံးမှာတပ်ထားသေးတယ်။လွန်ခဲ့တဲ့နှစ်ပေါင် းသုံးဆယ်ကျော်လောက်ကမတော်တဆကားတိုက်မှုတစ်ခုနဲ့ ကြုံခဲ့ရတယ်။ကံမကောင်းအကြောင်းမလှလို့၊သူ့ရဲ့ယာဘက် မျက်လုံးဆုံးရှုံးခဲ့ရတယ်လေ။



စကားပြောညင်သာပြီးမာန်မာနမရှိ၊ဟန်ပန်တွေမရှိ၊ရိုး ရိုးလေးနေတတ်တဲ့သူ့ကိုစကားပြောနေခိုက်မှာ..၊"ငါဟာဖြင့် ကမ္ဘာပေါ်မှာအကျော်ကြားဆုံး။အထူးခြားဆုံးအထင်ရှားဆုံး

လူတစ်ယောက်ရဲ့ရှေ့မှောက်ရောက်နေတာပါလား..”ဆိုတာ မယုံနိုင်အောင်ဖြစ်မိတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်းတော်တော်ကြာတုန်းကပေါ့..။ကျွန်ေ တာ်ကလေးဘဝ၊“မစ်ဆိုရီ”မှာရှိတုန်းက..။“အီတလီကသိပ္ပံပ ညာရှင်ကြီးတစ်ယောက်ဟာကြိုးမဲ့ကြေးနန်းကိုတီထွင်ဖော်ထု တ်နိုင်ခဲ့တယ်။”ဆိုတဲ့အကြောင်းဖတ်ခဲ့ရဖူးတယ်။၁၉၂၀ကလဲ တစ်နေ့မှာ“လိုဝယ်သောမတ်စ်”နဲ့ကျွတ်တော်နဲ့လန်ဒန်မြို့က စားသောက်ဆိုင်တစ်ခုမှာသွားပြီးနေ့လယ်စာစားကြတယ်။ဘ ၁ကြောင့်လည်းဆိုတော့အဲဒီဆိုင်မှာအသစ်တီထွင်ပြီးကာစ၊ေ ခတ်စားနေတဲ့ရေဒီယိုဝိုင်ယာလက်စက်ရှိတယ်လေ။အဲ့ဒါကိုန ၁းထောင်ချင်လို့သွားကြတာ။

ခုတော့တီထွင်သူကြီးဟာကျွန်တော့်ရှေ့မှာထိုင်နေပါေ ရာ..။ဒီကြီးကျယ်မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကြီးဟာအင်မတန်ထူးခြား တဲ့အံ့ဖွယ်သရဲအရာတွေဖြစ်လာအောင်ဖန်တီးခဲ့သူကြီးဖြစ်ပါ တယ်။တကယ်ပါပဲဗျာ..။အိပ်မက်ကြီးတစ်ခုမက်နေသလိုပါပဲ. .။

"ရေဒီယိုကိုတီထွင်ဖို့ဘာယ်လိုဘာယ်လိုစပြီးစိတ်ဝင်စားတာပါလဲ.."လို့မေးတော့။သူကပြောတယ်။"လူငယ်သဘာဝပေ့ါ၊အလုပ်တစ်ခုခုလုပ်ချင်တယ်၊အဲဒီအလုပ်ကလည်း၊တစ်ကမ္ဘာလုံးကိုပြန့်နှံ့နိုင်တဲ့အလုပ်ဖြစ်ချင်တယ်"ဆိုတဲ့အကြောင်းအရင်းကစတာပါ..တဲ့။



သူကပြောသေးတယ်၊သူငယ်ငယ်တုန်းက၊သူ့အမေနဲ့အတူမကြာခဏခရီးသွားဖူးတယ်၊အီတလီမှာရှိတဲ့သူတို့အိမ်ကနေပြီးလန်ဒန်ကအမျိုးတွေဆီသွားကြတာတဲ့။ပြင်သစ်ပြည်

ကိုဖြတ်သွားတဲ့အခိုက်၊ရထားပြတင်းပေါက်နားမှာထိုင်ပြီးပြင်ပကိုငေးမောကြည့်ရှုခဲ့မိတယ်။ရေခဲတွေဖုံးလွှမ်းနေတဲ့တောင်တန်းကြီးတွေ..၊ရေစီးသန်ပြီးလှိုင်းထန်နေတဲ့မြစ်ကြီးတွေ..၊အချစ်အလွမ်းစွန့်စားခန်းတွေနဲ့မက်မောစရာတွေထုံလွှမ်းနေတဲ့ပြင်သစ်ပြည်ကရဲတိုက်ကြီးတွေ..၊အစရှိတဲ့အရာတွေကိုမြင်ခဲ့ရတယ်။ဒါကြောင့်လည်းကလေးဘဝထဲကမာကိုနီရဲ့ရင်ထဲမှာခရီးသွားလာချင်တဲ့တကယ့်ကိုပြင်းပြတဲ့အာရုံဆန္ဒတွေ..ပေါက်ဖွားခဲ့ပါတယ်။

သူကပြောတယ်၊လျှပ်စစ်လိုင်းတွေကိုလက်တွေ့စမ်းသပ်မှုလုပ်ရင်း၊သူ့ဘဝကိုကြိုးမဲ့ကြေးနန်းတီထွင်မှုမှာမြှုပ်နှံထားခြင်းအားဖြင့်သူ့မှာအခွင့်အရေးတွေရနိုင်တယ်။မိုးကောင်းကင်အောက်ကိုထွက်၊ဝေးကွာတဲ့ဒေသတွေကိုခရီးထွက်နိုင်တဲ့အခွင့်အရေးတွေပေါ့။

အကျဉ်းကျသလိုမျိုး၊အချုပ်အချယ်အကန့်အသတ်တွေနဲ့၊ရုံးခန်းလေးအတွင်းမှာ၊အလုပ်လုပ်ရမှာကိုဘယ်တော့မှမလုပ်နိုင်ဘူးဗျာ..လို့သူကပြောတယ်။မာကိုနီဟာသူ့ရဲ့လုပ်ငန်း

အားလုံးလိုလိုကိုသူ့ရဲ့ရွက်သင်္ဘောလေးပေါ်မှာလုပ်ပါတယ်၊ေ ရပေါ်ဓာတ်ခွဲခန်းလေးပေါ့။ခရီးသွားရတာကိုနှစ်သက်သူဆိုေ တာ့အတ္တလန္တိတ်သမုဒ္ဒရာကိုရှစ်ဆယ့်ခုနစ်ကြိမ်ဖြတ်ခဲ့ဖူးတ ယ်။

မာကိုနီအသက်ငယ်ငယ်လေးကတည်းက၊သူတို့အိမ် ကအိမ်ခန်းတွေကိုဖြတ်သန်းပြီး၊ကြိုးမဲ့ကြေးနန်းသတင်းပို့နိုင်ခဲ့ တယ်။အဲဒီနောက်..နှစ်မိုင်လောက်ကွာတဲ့အကွာဝေးကိုပို့နိုင် ခဲ့ပြန်တယ်။သူ့အနေနဲ့တော့တော်တော်ကိုစိတ်လှုပ်ရှားရပါတ ယ်။သူ့အဖေကတော့တမင်သက်သက်၊အချိန်တွေကိုအလဟ သဖြုန်းတီးနေတာပဲလို့သူ့ကိုပြောတယ်၊မှတ်ချက်ချတယ်။ဒါေ ပမယ့်နှစ်အနည်းငယ်အတွင်းမှာမာကိုနီဟာသူတီထွင်ထားတဲ့ အရာတွေအတွက်မူပိုင်ခွင့်အရေးကိုဗြိတိသျှအစိုးရထံရောင်း ချခဲ့တယ်။ပေါင်ငါးသောင်းရတယ်လေ။အဲဒီတော့မှပဲသူ့အဖေ ကသူ့ကိုတော်တော်လေးအထင်ကြီးသွားတယ်ပေါ့။

မာကိုနီပထမဦးဆုံးအနေနဲ့ပေါင်ငွေငါးသောင်းရတော့အပြင်ထွက်ပြီးစက်ဘီးတစ်စီးဝယ်တယ်၊ပြီးတော့အိမ်ပြန်လာပြီးခါတိုင်းလိုပဲလုပ်နေကျအလုပ်ကိုပြန်လုပ်နေခဲ့တယ်။

သူ့အတွက်ကတော့ငွေနဲ့ဝယ်လို့ရတဲ့ဘယ်အရာကိုမဆိုထက်၊သူ့ဟာသူလက်တွေ့စမ်းသပ်မှုတွေလုပ်နေလို့ရတဲ့ခံစားမှုကသူ့စိတ်ကိုပိုဆွဲဆောင်စေတယ်။



၁၉၃၁ခုနှစ်ရောက်တော့၊မာကိုနီကသူ့ရဲ့စိတ်ကူးယဉ်အိပ်မက်ဟာဖြင့်တကယ်ကိုမှန်ကန်လာတော့မယ်လို့ယုံကြည်စိတ်ချခဲ့ပါတယ်။ဒါကြောင့်အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ကျော်၊ကိုယ့်ကိုကိုယ်ယုံကြည်ချက်အပြည့်အဝနဲ့မျှော်လင့်ရင်းနဲ့..၊

အင်္ဂလန်ကပေးပို့မယ့်ကြိုးမဲ့ကြေးနန်းသတင်းတွေကိုအမေရိကန်ပြည်ကနေလက်ခံရရှိတော့မယ်ဆိုတဲ့ယုံကြည်ချက်နဲ့..။

နယူးဖောင်လန်ကိုရောက်တော့၊မာကိုနီကစွန်တစ်ခုကိုလွှတ်တင်လိုက်တယ်၊ရေယာယ်ကောင်းကင်ကြိုးအဖြစ်အသုံးပြုဖို့လေ။စွန်ကိုဝါးရယ်၊ပိုးထည်ပိုးချည်ရယ်နဲ့လုပ်ထားတာ၊ဒါပေမယ့်လေပြင်းရဲ့ဒဏ်ကြောင့်စွန်ကအစိတ်စိတ်အမြွှာမြွှာဖြစ်ပြီးစုတ်ပြဲသွားတယ်။အဲဒီနောက်သူကမိုးပျံဘောလုံးတစ်ခုကိုလွှတ်တင်လိုက်ပြန်တယ်၊ဒါပေမယ့်..လေပြင်းကြောင့်ပဲပျက်စီးကြေမွပြီးသမုဒ္ဒရာထဲကျသွားတယ်။နောက်ဆုံးကျတော့မှလေဒဏ်ခံနိုင်တဲ့စွန်တစ်ခုကိုလွှတ်တင်နိုင်ခဲ့ပါတယ်။

အင်္ဂလန်ကလာမယ့်သတင်းပို့ချက်ကိုသူနားထောင်တယ်၊နာရီပေါင်းများစွာနားထောင်တယ်၊"ကွန်ဝေါ"မှာရှိတဲ့သူ့ရဲ့စခန်းကနေပို့မယ့်အချက်ပေးသံတွေကိုရင်တမမနဲ့စောင့်မျှော်နားထောင်နေတယ်။ဒါပေမယ့်အချက်ပေးသံတစ်ခုတောင်မရခဲ့ပါဘူး။သူကတော့ယုံသွားပြီလေ။သူ့ရဲ့လက်တွေစမ်းသပ်မှု

ဟာဖြင့်မအောင်မြင်တော့ဘူး၊သူ့ဘ၀ရဲ့စိတ်ကူးယဉ်အိပ်မက် တွေဟာဖြင့်ပျက်ပြားခဲ့ရပြီ..လို့လေ

အဲဒီနောက်မှာတော့ရုတ်တရက်၊"ချက်"ကနဲ့မည်သံလေးတစ်သံသဲ့သဲ့လေးထွက်ပေါ်လာပါတယ်။နောက်ထပ်အသံတစ်သံ..၊ပြီးတော့နောက်ထပ်အသံတစ်သံ..၊သူတို့သဘောတူညီနိုင်းထားတဲ့အချိန်းအချက်ပြုထားတဲ့..။အချက်ပေးသံ။အင်္ဂလိပ်စာလုံး(S)ကိုကိုယ်စားပြုတဲ့အစက်သုံးစက်ရဲ့အသံ။ကြေးနန်းရိုက်သူတွေအသုံးပြုတဲ့အက္ခရာပါ။စိတ်လှုပ်ရှားပြီးမွှန်ထူနေတဲ့မာကိုနီကသိတယ်။သူ့ရဲ့စွမ်းဆောင်အောင်မြင်မှုဟာဖြင့်သမိုင်းမှာတံခွန်ထူတော့မယ်..ဆိုတာကိုလေ..။

အပြင်ဘက်ကိုအမြန်ဆုံးပြေးထွက်..။အိမ်ခေါင်မိုးပေါ်တွေတက်ပြီး၊ဒီသတင်းကိုအော်ဟစ်ကြေငြာချင်လိုက်တာ..လေ။ဒါပေမယ့်"သူ"လုပ်သင့်ရဲ့လားလို့စဉ်းစားတယ်၊လူတွေကသူ့ကိုမယုံကြည်ကြမှာကိုကြောက်တယ်။ဒါကြောင့်လည်းသူ့ရဲ့လျှို့ဝှက်ချက်ကိုငှနောရီလုံးလုံးဘယ်သူ့ကိုမှဖွင့်မပြောခဲ့ပါဘူး။

နောက်တော့မှသတ္တဝါမွေးပြီး၊လန်ဒန်သို့ကြေးနန်းရိုက်သတင်းပို့လိုက်တယ်။ဒီသတင်းလဲထွက်လာရော..အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်ပါလေရော။တိုက်ကြီးငါးတိုက်လုံးမှာရှိတဲ့သတင်းစာတွေကလည်းအထူးသတင်းအဖြစ်ဖော်ပြကြတယ်။သိပ္ပံလောကတစ်ခုလုံးကိုလှုပ်ရှားသွားစေခဲ့တယ်။လူသားတွေကာလနဲ့ဒေသကိုတစ်ကြိမ်ထပ်ပြီးအောင်မြင်နိုင်ခဲ့ပြီ၊ခေတ်သစ်တစ်ခုကိုရောက်ရှိခဲ့ပြီ။ကြိုးမဲ့ကြေးနန်းကိုမွေးဖွားစတင်စေခဲ့ပြီ။ကမ္ဘာလောကကြီးကိုပြောင်းလဲဖို့ဦးတည်ခဲ့ပြီ..

ဒီအရာတွေကိုအောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ချိန်မှာ၁မာကိုနီရဲ့အသက်ဟာ၂၇နှစ်ပဲရှိပါသေးတယ်။

အောင်မြင်မှုသတင်းတွေထွက်လာပြီးချက်ချင်းဆိုသလိုသူ့ဆီကိုစာတွေရောက်လာပါတယ်၊ခပ်ကြောင်ကြောင်လူတွေဆီကပါ။မာကိုနီတီထွင်တဲ့ကြိုးမဲ့ကြေးနန်းကြောင့်လျှပ်စစ်လှိုင်းတွေကသူတို့ကိုယ်ခန္ဓာကိုယ်ထဲကိုဖြတ်သန်းပြီးစီးဝင်တယ်၊သူတို့ရဲ့နှပ်ကြောအဖွဲ့အစည်းတွေကိုဖျက်စီးတယ်..၊ဒါကြောင့်အိပ်လို့မရလောက်အောင်ဖြစ်ရတယ်..လို့ယူဆကြ

တယ်၊ဒီအယူသီးတဲ့တစ်ယူသန်ကြောင်တောင်တောင်လူတွေကပြစ်တင်မောင်းမဲကြတယ်။

အဲဒီခပ်ကြောင်ကြောင်လူတွေအနက်တော်တော်များများကမာကိုနီကိုသတ်မယ်လို့ခြိမ်းခြောက်ကြတယ်။သူတို့အထဲကဂျာမန်တစ်ယောက်ဆိုရင်မာကိုနီကိုပစ်သတ်ဖို့..လန်ဒန်ကိုလာနေပြီလို့ဆိုတယ်။အဲဒီလူရဲ့စာကိုမာကိုနီကစကော့တလန်ယာဒ်စုံထောက်အဖွဲ့ကိုလွှဲပေးလိုက်တယ်။ဒီတော့အစိုးရက၊ဒီဂျာမန်ကိုပြည်ဝင်ခွင့်မပေးခဲ့ပါဘူး။

စစ်ကာလအတွင်းမှာတော့မာကိုနီရဲ့တီထွင်ချက်တွေတိုးပွားထွန်းကားဖို့အဟန့်အတားဖြစ်ခဲ့ရတယ်ပေါ့။

****

# သမိုင်းမော်ကွန်းကိုပြောင်းလဲစေခဲ့သူ




၂၀ရာစုရဲ့အစမှာ၊သမရိုးကျဖြစ်ရပ်လေးတစ်ခုအမေရိကန်နိုင်ငံ၊အိုဟိုင်းယိုးပြည်နယ်၊မှာဖြစ်ပျက်ခဲ့ပါတယ်။

အဲ့ဒီအချိန်တုန်းကတော့၊အရေးမပါတဲ့အသေးအဖွဲကိစ္စလေးလို့ထင်စရာပါ။ဒါပေမယ့်အခုအခါမှာတော့၊ဒီဖြစ်ရပ်ကလေးဟာလူတွေရဲ့ဘဝကိုပြောင်းလဲစေခဲ့တယ်။

အဲ့ဒီအလွန်အရေးကြီးတဲ့နေ့ထူးနေ့မြတ်တစ်ရက်မှာ။"အော်ဗီးရိုက်"ဟာအိုဟိုင်းရိုးပြည်နယ်ဒေတန်မြို့ကစာကြည့်တိုက်တစ်ခုကိုသွားရောက်ခဲ့တယ်။စာအုပ်တစ်အုပ်ကိုယူပြီးဖ

တ်ရှခဲ့တယ်..၊ဒီစာအုပ်ထဲမှာဂျာမန်လူမျိုး"လီလီယင်သယ်"ဆို တဲ့လူတစ်ယောက်အကြောင်းပါတယ်။သူကစက်မဲ့လေယာဉ် စွန်ကြီးတစ်ခုကိုစီးပြီးပျံသန်းနိုင်ခဲ့တယ်။သေချာတာက"လီလီ ယင်သယ်"ကအင်ဂျင်စက်ကိုမသုံးဘူး။ဒါပေမယ့်သူဟာတက ယ့်ကိုပျံသန်းနိုင်ခဲ့တယ်..။



အဲဒီညမှာသန်းခေါင်ကျော်တဲ့အထိ"အော်ဗီးရိုက်"ဟာ ထိုင်ပြီးစဉ်းစားနေမိတယ်။"လီလီယင်သယ်"ရဲ့ထူးခြားအရေး ပါတဲ့အောင်မြင်မှုအကြောင်းကသူ့စိတ်အစဉ်ကိုညှို့ယူဖမ်းစား ထားပြီလေ။

သူ့ညီအကိုတော်"ဝီလ်ဗာရိုက်"ကိုလည်းလေယာဉ်ပျံ သန်းမှုမှာစိတ်ပါဝင်စားလာစေဖို့အတွက်"အော်ဗီးရိုက်"ကလုံ

ဆောင်နိုင်ခဲ့ပါတယ်။ပြီးတော့မှ"ရိုက်ညီနောင်"တို့ဟာသူတို့ရဲ့လေယာဉ်တီထွင်မှုကိုစတင်ခဲ့ကြတယ်။

အဲ့ဒီလမ်းကြောင်းရဲ့အဆုံးမှာတော့လေယာဉ်ပျံကိုအောင်မြင်စွာတီထွင်နိုင်ခဲ့ပြီးသူတို့ရဲ့နာမည်သတင်းကျော်ဇော်မှုတွေဟာလည်းထာဝရအမွှန့်ရှည်တည်တံ့ခဲ့တယ်လေ။

သူတို့နှစ်ယောက်လုံးအတန်းပညာတော့သိပ်မတတ်ရှာကြပါဘူး၊အထက်တန်းပညာရေးတောင်မပြီးဆုံးကြပါဘူး။ဒါပေမယ့်၊တက္ကသိုလ်၊ကောလိပ်တွေကပေးတဲ့ဒီပလိုမာဘွဲ့ထူးတွေထက်ပိုပြီးအရေးပါတဲ့အရာတွေတော့သူတို့မှာရှိလေရဲ့။သူတို့မှာကြံတတ်ဖန်တတ်တဲ့စွမ်းရည်နဲ့ကြီးမားတဲ့ဘဝရည်မှန်းချက်တွေလည်းရှိတယ်။



Orville Wright




Wilbur Wright

ငယ်စဉ်ကလေးဘဝ၊နှစ်ပေါင်းများစွာကြာခဲ့တဲ့ကာလ တုန်းကဘဝမျိုးစုံ၊အလုပ်မျိုးစုံကျင်လည်လုပ်ကိုင်ခဲ့ရတယ်၊နွား သေမြင်းသေတွေရဲ့အရိုးတေါကိုလှည့်လည်ကောက်ယူစုဆောင်းပြီး၊ဓာတ်မြေသြဇာစက်ရုံကိုတင်သွင်းရောင်းချခဲ့ဖူးတယ်။သံတိုသံစတွေလိုက်ကောက်ပြီးတော့၊အဟောင်းအမြင်းရောင်းဝယ်သူတွေဆီကိုရောင်းချခဲ့ဖူးတယ်။အဲဒီနောက်တော့ သူတို့ကပုံနှိပ်စက်ကလေးတစ်ခုထောင်တယ်။နေ့စဉ်သတင်းစာလေးတစ်စောင်ထုတ်ဝေဖို့ကြိုးစားကြပေမယ့်မအောင်မြင်ခဲ့ပါဘူး။နောက်ပိုင်းမှာသူတို့ကဆိုင်လေးတစ်ဆိုင်ထောင်ကြတယ်။ဘိုင်စကယ်တွေရောင်းတယ်၊ပြင်တယ်လေ..။

အသက်မွေးဝမ်းကျောင်းမှုအတွက်ဘာပဲလုပ်ရလုပ်ရလေယာဉ်ပျံဖို့ကိစ္စကိုတော့အမြဲတမ်းစိတ်ကူးယာဉ်အိပ်မက်ခဲ့ကြတယ်။တနင်္ဂနွေနေ့ညနေပိုင်းနေသာချိန်တွေဆိုရင်၊တောင်ကုန်းလေးတစ်ခုရဲ့အနားကိုသွားလေ့ရှိကြတယ်။အဲဒီနေရာမှာပက်လက်လှန်အိပ်စက်ပြီးလေထဲမှာပျံဝဲနေတဲ့စွန်တွေ၊သိမ်းငှက်တွေကိုကြည့်ရှုလေ့လာတယ်၊နာရီပေါင်းများစွာအချိန်ပေးပြီးလေ့လာခဲ့ကြတယ်။

သူတို့ရဲ့စက်ဘီးဆိုင်မှာ"လေပြွန်"ကြီးတစ်ခုကိုတည်ဆောက်တယ်၊လေတိုက်အားနဲ့အတောင်ပံတွေရဲ့ခံနိုင်မှုအနေအထားကိုလက်တွေ့စမ်းသပ်မှုတွေစတင်ပြုလုပ်ကြတယ်၊ပြီးတော့သူတို့ဟာ"စွန်"တွေကိုတစ်ခုပြီးတစ်ခုလုပ်ရင်းစမ်းရင်းနဲ့အချိန်တွေကိုကုန်လွန်စေခဲ့တယ်။



နောက်ဆုံးကျတော့သူတို့ဟာ"စွန်"ကြီးတစ်ခုကိုပြုလုပ်ပြီး၊မြောက်ကာရိုလိုင်းနားပြည်နယ်၊ကစ်တီဟော့အရပ်မှာရှိတဲ့၊"ကေးဒီးဗေး"တောင်ကုန်းကိုယူသွားခဲ့ကြတယ်။ကစ်တီဟော့ကိုသွားရတဲ့အကြောင်းရင်းကအဲဒီနေရာမှာပင်လယ်ပြင်ကနေပြီးလေတွေအမြဲတိုက်ခတ်နေတယ်၊အဲဒီနေရာကမြေပြ

င်အနေအထားကလည်းပျော့ပြောင်းပြီးလှိုင်းထနေတဲ့သဲပြင်နုနုလေးတွေရှိတယ်။

နှစ်ပေါင်းများစွာကြာအောင်သူတို့ဟာအဲဒီစက်မဲ့လေယာဉ်တွေနဲ့လက်တွေ့စမ်းသပ်မှုတွေလုပ်ခဲ့ကြတယ်။အဲဒီနောက်သူတို့ကိုယ်တိုင်လုပ်ထားတဲ့အင်ဂျင်စက်တစ်ခုကိုစက်မဲ့လေယာဉ်ပေါ်မှာတပ်ဆင်ပြီးလေယာဉ်ပျံတစ်စီးအဖြစ်ပြောင်းလဲခဲ့ကြတယ်။ပျံသန်းဖို့အစီအစဉ်ကိုတော့၊၁၉၀၃ခုနှစ်၊ဒီဇင်ဘာ၁၇၊လို့သတ်မှတ်ခဲ့ကြတယ်။လူသားတို့ရဲ့လူ့သမိုင်းရာဇဝင်မှာတော့လေယာဉ်ပျံကို၊ပထမဦးဆုံးအောင်မြင်စွာပျံသန်းနိုင်ခဲ့တဲ့နေ့ရယ်လို့ထာဝရအမှတ်တရမှတ်တမ်းတင်ခဲ့ရတဲ့သမယလေးတစ်ခုပေါ့။

ဘယ်သူကစပြီးဒီလေယာဉ်ပျံကိုမောင်းနှင်ရမယ်ဆိုတာ၊ညီအကိုနှစ်ယောက်ခေါင်းပန်းလှန်ခဲ့ကြတယ်၊"အော်ဗီး"အတွက်"ခေါင်း"ကျပြီး၊သူအနိုင်ရခဲ့ပါတယ်။အဲ့ဒီနေ့ကတော့ရာသီဥတုပြင်းထန်ပြီး၊နေတောင်ထွက်မလာဘဲစိမ့်နေအောင်အေးတဲ့နေ့တစ်နေ့ပေါ့။ပင်လယ်ထဲမှာမျောနေတဲ့ရေခဲတုံးတွေကိုဖြတ်သန်းပြီးတိုက်ခတ်လာတဲ့လေကအရိုးထဲစိမ့်ဝင်သွား

တဲ့အထိစူးရှပြင်းထန်လှပါတယ်။ပြင်းထန်လှတဲ့လေပြင်းတွေဟာမိုင်ဝက်လောက်အကွာအဝေးကတည်းကမြည်ဟိန်းတိုက်ခတ်နေပါတယ်။

အဲဒီလေယာဉ်ကိုထိန်းသိမ်းဆောင်ရွက်ရမယ့်လူ(၅)ယောက်ကသွေးပူလေ့ကျင့်ခန်းတွေလုပ်၊အငြိမ်မနေဘဲခုန်ဆွခုန်ဆွလုပ်နဲ့သူတို့ကိုယ်သူတို့အနွေးဓာတ်ရအောင်ကြိုးစားနေကြတယ်၊ဒါပေမယ့်ဘယ်လောက်ပဲအေးအေး၊ဘယ်လောက်ပဲချမ်းချမ်းလေယာဉ်ပျံကိုတက်ပြီးမောင်းမယ့်၊အော်ဗီးကတော့အပေါ်အင်္ကျီတောင်မဝတ်ရရှာပါဘူး၊ဘာကြောင့်လဲဆိုတော့လေယာဉ်ပျံသန်းတဲ့အခါအလေးချိန်ပိုသွားမှာစိုးလို့ပါ။



(၁၀)နာရီ(၃၅)မိနစ်၊တိတိမှာ၊အော်ဗီးရိုက်ဟာ၊စက်နှိုးထားတဲ့လေယာဉ်ပျံပေါ်တက်တယ်၊လေယာဉ်ပေါ်မှာပြားပြားဝပ်လိုက်တယ်၊ခလုတ်ကိုဆွဲတယ်၊လေယာဉ်ကြီးပျံတက်သွားတယ်..၊လေယာဉ်စက်သံကကျယ်လောင်စွာမြည်ဟီးပြီးလေထဲကိုပျံတက်သွားခဲ့တယ်။"အိတ်ဇော"ကနေပြီးမီးခိုးတွေကတလူလူထွက်လို့..

သမိုင်းတွင်မယ့်၊ဒီလေယာဉ်ပျံသန်းမှုဟာ(၁၂)စက္ကန့်ပဲကြာပါတယ်။ပြီးတော့ကိုက်တစ်ရာကွာဝေးတဲ့မြေပြင်ပေါ်ကိုဆင်းသက်သွားခဲ့တယ်။

ဒီဖြစ်ရပ်ဟာဖြင့်အလွန်တရာထူးခြားလှတဲ့ဖြစ်ရပ်တစ်ခုပါပဲ၊ယဉ်ကျေးတဲ့လူသားတွေရဲ့သမိုင်းအလှည့်အပြောင်းတစ်ခုပါ။နောက်ဆုံးကျတော့နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်တဲ့စိတ်ကူးယဉ်အိပ်မက်ကလေးတစ်ခုဟာအမှန်တရားတစ်ခုအဖြစ်ရောက်ရှိခဲ့ပါတယ်။ပထမဦးဆုံးအကြိမ်အဖြစ်၊ကမ္ဘာမြေကြီးရဲ့ဆွဲငင်အားကိုတွန်းလှန်ပြီး၊ဂြိုလ်၊နက္ခတ်တာရာတွေရှိတဲ့ဆီကိုသွားနိုင်ခဲ့တဲ့ခရီးလေးတစ်ခုပါ။

အော်ဗီးကပြောပါတယ်။အဲဒီဖြစ်ရပ်အတွက်၊သူ့မှာအထူးတလည်လုပ်ရှားခံစားမှုမရှိခဲ့ပါဘူးတဲ့၊ဘဝင်တုန်ရင်ခုန်ပီတိဖြာရတာတွေဘာတွေမရှိပါဘူး၊သူ့စိတ်ထဲမှာခံစားရသမျှကတော့ကလေးဘဝတုန်းကလေယာဉ်ပျံတစ်စီးနဲ့ပျံသန်းနိုင်တယ်လို့အိပ်မက်မက်ခဲ့တယ်၊အိပ်မက်မက်ပြီးအိပ်ယာကနိုးလာတုန်းကခံစားရသလောက်ပဲလေယာဉ်ပျံကအထွက်မှာခံစားရပါတယ်တဲ့။

၁၉၀၈ခုနှစ်၊ဗားဂျီးနီးယားပြည်နယ်၊ဖို့ဒ်မေယာအရပ်မှာသူလေယာဉ်ပျံမောင်းနေတုန်းသူ့ရဲ့လေယာဉ်ပျံကပျက်ကျခဲ့တယ်၊အခြားတစ်ယောက်ကတော့သေသွားတယ်။"အော်ဗီးရိုက်"ကတော့ကျောရိုးမှာဒဏ်ရာရရတယ်၊သေဘေးကတော့လွတ်မြောက်ခဲ့ပါတယ်။သူရရှိခဲ့တဲ့ဒဏ်ရာကအလွန်ကိုပြင်းထန်တယ်။သေတဲ့နေ့အထိမချိမဆန့်ခံစားပြီးဒုက္ခရောက်ခဲ့ရတယ်။သွားလာလှုပ်ရှားရာမှာတောင်ပြင်းထန်တဲ့ဝေဒနာကိုခံစားရတယ်။လမ်းလျှောက်တဲ့အခါမှာတော့အဆင်ပြေပါရဲ့၊ဒါပေမယ့်အသေးဆုံးခရားအိုးလေးတစ်ခုကိုတောင်ကိုင်နိုင်စွမ်းမရှိတော့ပါဘူး။

သူဟာအရှက်အကြောက်ကြီးတဲ့သူတစ်ယောက်ဖြစ်ပါတယ်၊သူ့အတွက်လူသိရှင်ကြားနာမည်ကြီးအောင်လုပ်ရမယ့်ကိစ္စတွေကို၊သူမလိုလားဘူး၊လက်မခံဘူး၊သူ့ရဲ့အတ္ထုပ္ပတ္တိကိုလည်းသူမရေးခဲ့ဘူး၊ဓာတ်ပုံအရိုက်မခံဘူး၊သတင်းထောက်တွေနဲ့စကားမပြောချင်ဘူး၊သူ့အကို"ဝီဗာရိုက်"ကပြောဖူးတယ်၊"ငှက်သဘာင်၊ငှက်လောကမှာစကားပြောတဲ့ငှက်ဟာကြက်တူရွေးတွေပဲရှိတယ်၊အဲဒီစကားပြောတဲ့ငှက်တွေဟာမြင့်မြင့်တော့မပျံနိုင်ဘူးဗျာ"တဲ့။



"ရိုက်ညီနောင်"နှစ်ယောက်လုံးဟာ၊ဝင့်ဝါပလွှားမှုမရှိဘူး၊နှိမ့်ချတတ်သူတွေဖြစ်တယ်။တစ်နေ့"ဝီလ်ဗာ"ဟာလက်

ကိုင်ပဝါကိုထုတ်ရင်းနဲ့ဖဲကြိုးအနီစလေးတစ်ခုကြမ်းပြင်ပေါ် ကျသွားတယ်၊အဲ့ဒါဘာလဲလို့၊သူ့ညီမကမေးတော့၊"မင်းကိုပြောဖို့မေ့သွားတယ်၊ဒီနေ့နေ့လယ်တုန်းကပြင်သစ်အစိုးရကပေးတဲ့၊ဂုဏ်ထူးဆောင်ဘွဲ့အထိမ်းအမှတ်ကလေးပါကွာ"လို့ဖြေတယ်။

အော်ဗီးနဲ့ဝီလ်ဗာ၊"ရိုက်ညီနောင်"နှစ်ယောက်လုံးဟာရှေးရိုးဘာသာရေးထုံးတမ်းအစဉ်အလာတွေကိုလိုက်နာကျင့်သုံးကြသူတွေဖြစ်တယ်။တနင်္ဂနွေနေ့နဲ့အခါကြီးရက်ကြီးတွေမှာ၊လေယာဉ်ပျံသန်းဖို့လာပြောရင်ငြင်းပယ်လေ့ရှိတယ်။တစ်ခါက၊တနင်္ဂနွေနေ့မှာလေယာဉ်ပျံသန်းဖို့၊စပိန်ဘုရင်ကအမိန့်ချတယ်၊ဒါပေမယ့်သူတို့ရဲ့ဘာသာရေးခံယူချက်ကြောင့်ဘုရင့်အမိန့်တော်ကိုတောင်ငြင်းပယ်ခဲ့ကြတယ်။

"ရိုက်ညီနောင်"နှစ်ယောက်လုံး၊တစ်ယောက်မှအိမ်ထောင်မပြုခဲ့ပါဘူး။တစ်ခါတော့သူတို့ဖခင်ကြီးကပြောဖူးတယ်။"သူ့သားတွေဟာဇနီးမယား(ယူဖို့)နဲ့လေယာဉ်ပျံ(တီထွင်ဖို့)နှစ်ခုစလုံးအတွက်တော့မတတ်နိုင်ပါဘူး..ဒါကြောင့်လေယာဉ်တီထွင်မှုကိုပဲရွေးချယ်ခဲ့တာပါ"..တဲ့။

****

# အမေရိကတိုက်ကို
# တတိယမြောက်တွေ့ရှိသူ



အောက်တိုဘာလ(၁၂)ရက်နေ့ကိုရောက်တိုင်းအမေရိကန်လူမျိုးတွေဟာသူတို့ရဲ့သမိုင်းမှာအရေးကြီးဆုံးဖြစ်တဲ့ထူးခြားမှတ်သားဖွယ်အခမ်းအနားတစ်ခုကိုကျင်းပကြပါတယ်။အမေရိကတိုက်ကြီးကိုခရစ်စတိုဖာကိုလန်ဘတ်စ်ကရှာဖွေတွေ့ရှိတဲ့နေ့အမှတ်တရပါ။

ဒါပေမယ့်..ရယ်စရာကောင်းတဲ့အကြောင်းအချက်တစ်ခုက..။ကိုလန်ဘတ်စ်ကအမေရိကတိုက်ကြီးကိုရှာဖွေတွေ့ရှိခဲ့တာဟာအောက်တိုဘာလ(၁၂)ရက်နေ့မဟုတ်ဘူး။သူရှာဖွေတွေ့ရှိခဲ့တာကအောက်တိုဘာလ(၂၃)ရက်နေ့ဖြစ်တယ်။

ဒီနေ့ဒီခေတ်ကျွန်တော်တို့(ယခု)အသုံးပြုနေတဲ့ပြက္ခဒိန်ကပုပ်ရဟန်းမင်းကြီးဂရီဂိုရီစပြီးအသစ်ထွင်ပြုလုပ်ခဲ့တဲ့ပြက္ခဒိန်ဖြစ်တယ်။ကိုလန်ဘတ်စ်အနေနဲ့ကြားတောင်မကြားဘူးခဲ့တဲ့ပြက္ခဒိန်ပေါ့။အဲဒီပြက္ခဒိန်ကလည်းကိုလန်ဘတ်စ်သေပြီးတဲ့နောက်နှစ်ပေါင်းတစ်ရာလောက်ရောက်တဲ့ထိမပေါ်ပေါက်သေးဘူးလေ..။အမေရိကတိုက်ကပြည်နယ်တွေ၊ဒေသတွေကဒီပြက္ခဒိန်ကိုလက်ခံအတည်ပြုသုံးစွဲခဲ့တာဟာ(၁၇၅၂)ခုနှစ်ကမှပါ။

အဲဒီလိုလက်ခံအသုံးပြုတဲ့အခါမှာသူတို့အနေနဲ့မူလပြက္ခဒိန်ထက်၁၁ရက်တိတိရှေ့ကိုတိုးပြီးရွှေ့ခဲ့ကြရပါတယ်။ဘာကြောင့်လဲဆိုတော့အဲဒီခေတ်ကပြက္ခဟာတစ်နှစ်ပြည့်ပြီးသည့်တိုင်အောင်(၁၁)ရက်တိတိနောက်ကျနေလို့ပါပဲ..။ဒါကြောင့်ယနေ့အသုံးပြုနေတဲ့ပြက္ခဒိန်အလိုရဆိုရင်ကိုလန်ဘတ်စ်ဟာအမေရိကတိုက်ကိုစတင်တွေ့ရှိတဲ့နေ့ဟာအောက်တိုဘာလ(၁၂)ရက်နေ့မဟုတ်ဘူး။အောက်တိုဘာလ(၂၃)ရက်နေ့ဖြစ်ပါတယ်။

ကိုလန်ဘတ်စ်ဟာလူငယ်တစ်ယောက်အနေနဲ့ကိုလန်ဘတ်စ်ငယ်ငယ်တုန်းကပင်လယ်ပြင်ကိုပင်လယ်ဓါးပြသင်္ဘောတစ်စီးနဲ့ထွက်ခဲ့တယ်။ဒါကလည်းသိပ်ပြီးတော့ထူးဆန်းတဲ့ကိစ္စတော့မဟုတ်တော့ပါဘူး။ဘာကြောင့်ဆိုအဲဒီခေတ်အဲဒီအခါတုန်းကလူကုံထံအထက်တန်းလွှာကမိသားစုတွေတောင်မှသူတို့ရဲ့သားတွေကိုပင်လယ်ဓါးပြသင်္ဘောနဲ့လိုက်ပါစေခဲ့တယ်။

အဲဒီလိုလုပ်တာကလည်းအဲဒီခေတ်ကလူငယ်တွေကိုမိမိကိုယ်မိမိယုံကြည်မှုနဲ့ပင်လယ်ပြင်အတွေ့အကြုံကိုရရှိစေတယ်။လောကအတွေ့အကြုံကိုရစေတယ်။တစ်ဖက်ကလည်းဝင်ငွေအနည်းငယ်ရစေတယ်။ဒါကြောင့်နည်းန

ည်းလေးမှဂုဏ်သရေပျက်တယ်၊သိက္ခာကျအရှက်ရစေတယ်ဆိုတာမရှိခဲ့ဘူး.. ။အဖမ်းမခံရရင်ပေါ့။အဖမ်းခံရရင်တော့ဆိုးသွားပြီး..

ကျောင်းနေစဉ်ကလေးဘဝတုန်းက၊ကိုလန်ဘတ်စ်ဟာ"ပိုက်သဂိုးရက်စ်"ရေးတဲ့စာတစ်အုပ်ကိုသင်ခဲ့ရဖူးတယ်။ကမ္ဘာကြီးဟာလုံးဝိုင်းသတဲ့။ ဒါကြောင့်ကိုလန်ဘတ်စ်အနေနဲ့စိတ်ကူးတစ်ခုရခဲ့တယ်။သူ့အနေနဲ့ဒီလိုတွက်ဆမိခဲ့တယ်..။တကယ်လို့သာကမ္ဘာကြီးကလုံးခဲ့ရင်အိန္ဒိယပြည်ကိုသွားတဲ့ဖြတ်လမ်းကိုသူတွေ့နိုင်လိမ့်မယ်။ဒါဆိုရင်သူလည်းကံကောင်းကြုံမယ်။စီးပွားဖြစ်မယ်ပေါ့...

ဒါပေမယ့်ပညာရှိပါမောက္ခကြီးတွေတက္ကသိုလ်ကတွေးခေါ်ပညာရှင်တွေကသူ့ရဲ့မိုက်မဲညာဏ်နည်းတဲ့စိတ်ကူးအယူအဆကိုပြက်ရယ်လှောင်ပြောင်မှုပြုခဲ့ကြတယ်။"ဒီအရူးကအိန္ဒိယပြည်ကိုရောက်ဖို့လုပ်ဆောင်ကြံရွယ်နေသတဲ့လား..။အဲဒီအိန္ဒိယပြည်ဆိုတာကအရှေ့ဘက်အရပ်မှာ။အနောက်စူးစူးအရပ်ကိုရွက်လွှင့်ထွက်ခွာလို့အရှေ့ဘက်ကိုရောက်မလား။ဒီလူဟာအရူးပဲဖြစ်ရမယ်"။သူတို့ကပြောတယ်၊ကမ္ဘာဟာမလုံးဝိုင်းဘူး၊ပြားတယ်တဲ့။သူတို့ကသူ့ကိုသတိပေးခဲ့တယ်..၊ကိုယ့်ကိုကိုသတ်သေသလိုဖြစ်လိမ့်မယ်။သူ့ရဲ့သင်္ဘောတွေဟာလည်းကမ္ဘာရဲ့အစွန်းတစ်ဖက်ကိုရောက်သွားပြီးအဆုံးအစမရှိဘဲအာကာသဟင်းလင်းပြင်ကြီးထဲကိုကျွမ်းထိုးမှောက်ခုံကျရောက်သွားလိမ့်မယ်။

သူ့ရဲ့စွန့်စားမှုလုပ်ငန်းအတွက်ငွေကြေးထောက်ပံ့မယ့်သူတစ်ယောက်ယောက်ရဖို့(၁၇)နှစ်လုံးလုံးသူကြိုးစားရှာဖွေခဲ့တယ်။(၁၇)လုံးလုံးမအောင်မြင်ခဲ့ပါဘူး။နောက်ဆုံးတော့သူဟာစိတ်ပျက်လက်ပျက်နဲ့လက်လျှော့အရှုံးပေ

းခဲ့တယ်။သူ့ဘဝရဲ့နောက်ဆုံးနေ့ရက်တွေကိုစပိန်ပြည်ကဘုန်းကြီးကျောင်း
တစ်ကျောင်းမှာပဲငြိမ်းချမ်းရာရှာပြီးနေတော့မယ်လို့စိတ်လျှော့ခဲ့တယ်။သူ့အ
သက်(၅၈)မပြည့်သေးပါဘူး။ဒါပေမယ့်ခါးသီးများပြားလှတဲ့ဒုက္ခတွေရင်ထုမန
ာယူကြုံးမရဖြစ်ရတဲ့ကိစ္စတွေနဲ့ကြုံခဲ့ရလို့သူ့ဆံပင်တွေဟာလည်းဖွေးဖွေးဖြူခဲ့
ပါပြီ။

နောက်ဆုံးကျတော့ရောမပြည်ကပုပ်ရဟန်းမင်းကြီးကစပိန်ပြည်က
ဘုရင်မကြီးအစ်စဘဲလားကိုပန်ကြားတိုက်တွန်းတယ်။ကိုလန်ဘတ်စ်ကိုကူညီ
ဖို့ပါ။ဒါကြောင့်ဘုရင်မကြီးကသူ့ဆီကိုငွေ(၁၃)ပေါင်ပို့ခဲ့တယ်။ကိုလန်ဘတ်စ်
အနေနဲ့လည်းစုတ်ပြတ်သတ်အောင်ဆင်းရဲမွဲတေသူဆိုတော့..အဝတ်အစား
အသစ်တစ်စုံနဲ့မြည်းတစ်ကောင်ကိုဝယ်ခဲ့တယ်။ဘုရင်မနဲ့တွေ့ဆုံဖို့ထွက်ခွာခဲ့
တယ်။သူကဆင်းရဲမွဲတေလွန်းတော့လမ်းခုလတ်မှာတောင်းရမ်းစားသောက်
ခဲ့ရတယ်။

ဘုရင်မကသူလိုအပ်တဲ့သင်္ဘောတွေကိုပေးအပ်တယ်။ဒါပေမယ့်သူ့
အနေနဲ့သင်္ဘောသားရဖို့ကမဖြစ်နိုင်သလောက်ပါပဲ။သွားရမှာကိုလူတိုင်းက
ကြောက်နေကြတယ်။ဒါကြောင့်သူကကမ်းနားဆိပ်ကိုဆင်းသွားပြီးအချို့သင
်္ဘောသားတွေကိုအတင်းအကြပ်လုပ်ဆောင်စေခဲ့တယ်။အချို့သင်္ဘောသားေ
တွကိုတော့တောင်းပန်လို့တစ်မျိုး၊လာဘ်ထိုးလို့တစ်ဖုံ၊ခြိမ်းခြောက်လို့တစ်န
ည်း၊နည်းအမျိုးမျိုးနဲ့ရအောင်လုပ်ဆောင်ခဲ့ရတယ်။အကျဉ်းထောင်ထဲကရာဇ
ဝတ်ကောင်တွေကိုတောင်မှသူတို့လိုက်မယ်ဆိုရင်လွှတ်ပေးမယ်။လွတ်လပ်ခွ
င့်ပေးမယ်ဆိုပြီးခေါ်ဆောင်ခဲ့တယ်။

နောက်ဆုံးကျတော့အရာအားလုံးဟာအဆင်သင့်ဖြစ်ခဲ့တယ်။၁၄၉၂ ခု၊ဩဂုတ်လ(၃)ရက်၊သောကြာနေ့မနက်၊နေမထွက်ခင်နာရီဝက်အလိုမှာထွက်ခွာခဲ့တယ်။သင်္ဘောက(၃)စီး၊လူက(၈၀)နဲ့ပါ။ကမ္ဘာ့သမိုင်းမှာအရေးအကြီးဆုံးနဲ့မော်ကွန်းတင်ရတဲ့ခရီးစဉ်ပါ။



ကမ္ဘာသစ်မှာကိုလန်ဘတ်စ်တည်ထောင်ခဲ့တဲ့နယ်ပယ်သစ်တွေဟာမျှော်လင့်ထားသလိုဖြစ်မလာခဲ့ပါဘူး။စိတ်ပျက်စရာတွေ၊ဘေးအန္တရာယ်တွေနဲ့သာကြုံတွေ့ခဲ့ရပါတယ်။ပထမဦးဆုံးနယ်ပယ်အသစ်မှာအခြေချခဲ့သူအားလုံးဟာအင်ဒီးယန်းလူမျိုးတွေရဲ့သတ်ဖြတ်တာကိုခံခဲ့ရတယ်။

ဒုတိယနယ်ပယ်အသစ်ကဘုရင်ခံကကိုလန်ဘတ်စ်ကိုအလွန်အမင်း မနာလိုဝန်တိုဖြစ်ခဲ့တယ်။ဒါကြောင့်လည်းသူကကိုလန်ဘတ်စ်ကိုရာဇဝတ်ပြစ်မှုအမျိုးမျိုးနဲ့စွဲချက်တင်အရေးယူခဲ့တယ်။သူ့ကိုဖမ်းဆီး၊နှောင်ကြိုးတည်းပြီးစပိန်ပြည်ကိုပြန်ပို့ခဲ့တယ်။စပိန်ပြည်ကိုပြန်ရောက်တဲ့အခါမှာတော့ရောက်ရောက်ချင်းပဲလွတ်ငြိမ်းခွင့်ရခဲ့တယ်။ဒါပေမယ့်..အောင်မြင်မှုမရ၊အနိမ့်ခံရ၊စိတ်ပျက်စရာအဝဝတွေကသူ့ကိုရင်ကွဲစေတယ်။ယူကြုံးမရဖြစ်ခဲ့ရတယ်။

ကိုလန်ဘတ်စ်ဟာအသက်(၆၀)အရွယ်မှာသေဆုံးခဲ့တယ်။ငိုကြွေးမယ့်သူမရှိဂုဏ်ပြုချီးကျူးမှုတွေမရှိ။ဓမ္မတေးသံလေးမှရွတ်ဆိုမယ့်သူမရှိ၊လေဝင်လေထွက်တောင်မကောင်းတဲ့စုတ်ချာလှတဲ့အခန်းလေးထဲမှာသေဆုံးခဲ့ပါတယ်။

အဲဒီအခန်းလေးရဲ့နံရံပေါ်မှာတော့သူအကျဉ်းသားဘဝကနှောင်တည်းခံခဲ့ရတဲ့သံကြိုးတွေကိုချိတ်ဆွဲထားခဲ့ပါတယ်။ဒီလောက၊ကမ္ဘာကြီးရဲ့ကျေးဇူးကန်းမှုတွေ..၊မသိတတ်မှုတွေ..၊အချည်းနှီးအလဟဿတုံ့ပြန်မှုတွေ..ရဲ့သတိရစရာအချက်အနေနဲ့ချိတ်ဆွဲခဲ့တာပါပဲ။

ကိုလန်ဘတ်စ်ဟာသမိုင်းမှာအံ့သြချီးကျူးဖွယ်ရာအကောင်းဆုံးနဲ့အရဲရင့်အပြောင်းပြောက်ဆုံးအမှုကိစ္စတစ်ခုကိုပြီးမြောက်အောင်မြင်ခဲ့ပါတယ်။အဲဒီလုပ်ဆောင်ချက်အတွက်သူဘာတွေရခဲ့ပါသလဲ..?။

သူဟာကြီးပွားချမ်းသာဖို့အတွက်မျှော်မှန်းခဲ့တယ်။ဒါပေမယ့်လူမွဲတစ်ယောက်အဖြစ်နဲ့သေဆုံးခဲ့ရတယ်။သူ့ကိုရေတပ်ဗိုလ်ချုပ်ကြီးအဖြစ်ရော၊အိ

နှိုယပြည်ရဲ့ဘုရင်ခံချုပ်ကြီးအဖြစ်ပါရှီးမြှင့်မယ်လို့ကတိပြုခဲ့ကြတယ်။ဒါပေမယ့်သူဟာဘာဘွဲ့ထူးဂုဏ်ထူးကိုမှမခဲ့ပါဘူး။သူရှာဖွေတွေ့ရှိခဲ့တဲ့တိုက်ကြီးကိုတောင်မှသူ့အမည်ကလေးနဲ့အမှတ်တရမှည့်ခေါ်ခြင်းမခံခဲ့ရပါဘူး။

အဲဒီတိုက်ကြီးတစ်ခုကိုရှာဖွေတွေ့ရှိခဲ့တဲ့အမေရိကိုဗတ်ပူဆီရဲ့အမည်ကိုယူပြီးတော့အမေရိကတိုက်လို့ခေါ်တွင်စေခဲ့တာဖြစ်တယ်။အတွက်သူရရှိခဲ့တဲ့ဆုလာဘ်ကတော့ရင်ကွဲပက်လက်ရင်ထုမနာဖြစ်ရမှုတွေ၊သိက္ခာကျ၊အရှက်ကွဲယူကြုံးမရဖြစ်ရမှုတွေပါပဲ။



သူဟာကမ္ဘာသစ်ကြီးတစ်ခုကိုရှာဖွေတွေ့ရှိခဲ့ပါလားဆိုတဲ့နှစ်သိမ့်ကြည်နူးမှုလေးကိုတောင်မှသိရှိခွင့်မကြုံခဲ့ပါဘူး။သူ့အနေနဲ့သူဟာအိန္ဒိယပြည်ကို

သွားတဲ့လမ်းသစ်တစ်ခုကိုပဲတွေ့ရှိခဲ့တဲ့အသားရောင်နီတဲ့လူမျိုးတွေကိုရက်အင်ဒီယန်းလူမျိုးတွေလို့သူကအမည်ပေးခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့်..ကိုလန်ဘတ်စ်ဟာကျော်ကြားထင်ရှားမှုတစ်ခုကိုတော့ရခဲ့ပါတယ်။အမေရိကတိုက်ကြီးကိုစတင်တွေ့ရှိသူဆိုပြီးသူ့ကိုဂုဏ်ပြုကြတယ်။တကယ်တမ်းက၊ကိုလန်ဘတ်စ်မမွေးခင်နှစ်ပေါင်းတစ်ထောင်လောက်ကတရုတ်ဗုဒ္ဓဘာသာဘုန်းကြီး၊ဟိုရှင်၊ဆိုသူကအမေရိကတိုက်ကြီးကိုစတင်တွေ့ရှိခဲ့တယ်။နောက်ကိုလန်ဘတ်စ်မမွေးခင်နှစ်ပေါင်းငါးရာလောက်ကရှေးခေတ်၊စကင်ဒီနေဗီယန်း(နော်ဝေ)နိုင်ငံက၊လိဖ်အိရစ်ဆင်၊ဆိုသူကနောက်တစ်ကြိမ်ထပ်မံတွေ့ရှိခဲ့ပြန်တယ်။ချားလ်စ်မြစ်ကမ်းပေါ်က၊အဲရစ်ဆင်၊ရဲ့အိမ်ဟောင်းအပျက်အစီးတွေ..လို့သမိုင်းသုတေသီတွေယူဆယုံကြည်တဲ့အရာတွေကိုယနေ့အထိသင်တွေ့မြင်နိုင်ပါတယ်။အဲရစ်ဆင်က၊မက်ဆာချူးဆက်ပြည်နယ်၊ချားလ်စ်မြစ်ကမ်းပေါ်မှာတည်ဆောက်ခဲ့တာပါ။ဟားဗတ်တက္ကသိုလ်ကနေလမ်းလျှောက်သွားရင်တွေ့နိုင်တဲ့အကွာအဝေးမှာပါ။



သမိုင်းမှာ..၊ကိုလန်ဘတ်စ်ကိုရဲရင့်တဲ့အာဇာနည်သတ္တိ..၊မတွန့်ဆုတ်တဲ့ကြံ့ခိုင်တဲ့စိတ်ပိုင်းဖြတ်မှု..၊တို့အတွက်၊ထာဝရဂုဏ်ပြုခံရပါလိမ့်မယ်။လူတို

င်းလှူတိုင်းကလက်လျှော့နောက်ဆုတ်ချင်တဲ့အချိန်မှာသူဟာရှေ့သို့ပဲခရီးဆက်ခဲ့တယ်။သူ့ရဲ့သဘောင်္သားတွေကအကြောက်လွန်ပြီးသူ့သာနောက်ပြန်မလှည့်ရင်သဘောင်္ပုန်ကန်မှုပြုမယ်၊သူ့ကိုသတ်မယ်လို့ခြိမ်းခြောက်ခဲ့တယ်။

ကိုလန်ဘတ်စ်၊အနေနဲ့သူတို့အတွက်အဖြေတစ်ခုပဲရှိတယ်။

"ရွက်လွှင့်..ရွက်လွှင့်၊ရှေ့ဆက်..ခရီးဆက်"

****

# ရုရှားတော်လှန်ရေးကြီးဖြစ်လာဖို့ ကူညီခဲ့တဲ့ အမေရိကန်စာရေးဆရာ



အပ်ပတန်ဆင်ကလဲယားဟာစာအုပ်ပေါင်း(၄၈)အုပ်၊စာစောင်ငယ်ပေါင်းက(၅၀၀)ကျော်ရေးခဲ့တယ်။ဂျာမနီနိုင်ငံမှာစောင်ရေ(၂)သန်းကျော်ရောင်းခဲ့ရတယ်။ရုရှားနိုင်ငံမှာတော့(၃)သန်းကျော်ပေါ့..။

သူ့ရဲ့ဝတ္ထုတွေဟာရုရှားတော်လှန်ရေးကြီးဖြစ်လာဖို့အခြေခံအကြောင်းရင်းအဖြစ်အကူအညီပေးခဲ့တယ်။သူကအမေရိကန်လူမျိုးဖြစ်ပေမယ့်၊သူ့စာအုပ်တွေဟာအမေရိကန်ပြည်မှာထက်၊ဥရောပမှာပိုမိုပျံ့နှံ့ကျော်ကြားတယ်။

တစ်နေ့ကျွန်တော်စာအုပ်ဆိုင်လေးတစ်ဆိုင်ကိုရောက်သွားတယ်။ပင်လယ်ကမ်းခြေအပန်းဖြေစခန်းလေးတစ်ခုမှာပေါ့။အပ်ပတန်ဆင်ကလဲယားရဲ့စာအုပ်တွေအမြောက်အမြားကိုတွေ့ရတယ်။အခြားအင်္ဂလိပ်နဲ့အမေရိကန်စာရေးဆရာတွေရေးတဲ့စာအုပ်တွေစုစုပေါင်းထက်ပိုတာပေါ့။

သူ့စာအုပ်တွေကိုဘာသာပေါင်း(၄၄)ဘာသာနဲ့ပြန်ဆိုထုတ်ဝေခဲ့ရတယ်။မစ္စတာဆင်ကလဲယားကပြောဖူးတယ်။တချို့ဘာသာစကားတွေဆိုရင်သူသိတောင်မသိဘူး။ကမ္ဘာရဲ့ဘယ်ဒေသမှာဒီဘာသာစကားကိုပြောသလဲဆိုတာလဲသူမသိဘူး၊(မြန်မာစာဖြစ်ဖို့များတယ်)။ကမ္ဘာပေါ်ရှိစာရေးဆရာတွေအနက်လူဖတ်အများဆုံးစာရေးဆရာတစ်ယောက်ဖြစ်ပါတယ်။

သူ့အသက်ကခုနစ်ဆယ့်ခြောက်နှစ်ရှိပြီ။စာရေးခြင်းနဲ့ပဲ သူ့ဘဝကိုရပ်တည်နေထိုင်ခဲ့တာနှစ်ပေါင်း၅၀ကျော်ပါပြီ၊သူ့အသက်၁၆နှစ်ကတည်းကဆိုပါတော့။သူဟာအက္ခရာစာသားစာလုံးပေါင်းတွေသန်းနဲ့ချီရေးခဲ့တယ်။ခရစ်ယာန်ဓမ္မဟောင်းနဲ့ဓမ္မသစ်၊သမ္မာကျမ်းစာမှာပါတဲ့စာလုံးအရေအတွက်ထက်ပိုတာပေါ့။

သူကဝုဒရိုးဝီဆင်နဲ့အတော်လေးဆင်တယ်၊အမွန်မြတ်ဆုံး၊အပြည့်စုံဆုံး၊အကောင်းဆုံးဖြစ်စေလိုတဲ့ဝါဒအတွက်၊စိတ်ဓါတ်တက်ကြွထက်သန်သူဖြစ်တယ်။သူကဆင်းရဲတွင်းနက်တာတွေနိဂုံးချုပ်သွားစေချင်တယ်။ဘာကြောင့်ဆိုသူ့ရဲ့အတွေ့အကြုံအရသူကသိထားခဲ့တယ်လေ။"ဆင်းရဲမွဲတေမှုဟာဘယ်လောက်ခါးသီးတယ်ဆိုတာ"ကိုပေါ့။

သူဟာဆင်းရဲမွဲတေမှုဒဏ်ကိုငတ်ငတ်ပြတ်ပြတ်နဲ့၆နှစ်လောက်ခံစားခဲ့ရတယ်။သူ့ဖခင်ကဝီစကီအရက်ရောင်းတဲ့သူ၊ပြီးတော့အရက်သမားကြီးတစ်ယောက်၊ဘော်တီမိုးမှာကလေးဘဝနဲ့သူရှိတုန်းကပြီးတော့နောက်ပိုင်းနယူးယောက်ကိုပြောင်

းလာတဲ့အထိပေါ့။ည.ဆိုရင်အရက်ဆိုင်တစ်ဆိုင်ပြီးတစ်ဆိုင်ကိုသူသွားရောက်ခဲ့ရတယ်။သူ့အဖေကိုရှာဖို့။တွေ့ရင်သူ့အဖေကိုအိမ်ရောက်အောင်တွဲခေါ်ပြီးအိပ်ရာထဲအရောက်ပို့ပေးရတယ်လေ။




သူ့မိခင်ကမူးနေတဲ့ခင်ပွန်းသည်ရဲ့အိတ်ကပ်ထဲကပိုက်ဆံလေးတွေရှာပြီးဝှက်ထားရတယ်။ဒါမှနောက်တစ်နေ့အတွက်စားဖို့သောက်ဖို့လေးအနည်းအပါးဝယ်နိုင်မယ်လေ။သူတို့ကသိပ်ဆင်းရဲလွန်းတော့ကြွက်တွေပိုးမွှားတွေသောင်းကျန်းနေတဲ့စျေးပေါပေါအခန်းလေးတွေမှာပဲငှားရမ်းနေခဲ့ရတယ်။ဒါတောင်ငှားရမ်းခကိုမှန်မှန်မပေးနိုင်တော့ညစ်ပတ်ပေရေနေတဲ့အိမ်ခန်းလေးတစ်ခုကနေတစ်ခုကိုမှန်မှန်မပေးနိုင်တော့ညစ်ပ

တ်ပေရရေနေတဲ့အိမ်ခန်းလေးတစ်ခုကနေတစ်ခုကိုအမြဲတစေ
ပြောင်းပြောင်းပြီးနေကြရတယ်လေ။

အပ်ပတန်ဆင်ကလဲယားဟာသေရည်သေရက်ထုတ်
လုပ်ရောင်းချမှုမရှိစေဖို့ဥပဒေထုတ်ဆင့်တားမြစ်ခြင်းကိုအရှိန်
အဟုန်ပြင်းပြင်းနဲ့ထောက်ခံခဲ့တဲ့သူပေါ့။အရက်ကသူ့မိသားစု
ကိုဖျက်စီးခဲ့တယ်။သူ့ရဲ့ကလေးဘဝကိုညှိုးနွမ်းပျက်ယွင်းစေခဲ့
တယ်။ဝီစကီအရက်ကသူ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေ(၂)ဦးရဲ့အ
သက်ကိုတိုစေခဲ့တယ်တဲ့။ဂျက်လန်ဒန်နဲ့ယူဂျင်းဗီဒက်ဗတို့ပေါ့
။ဆင်ကလဲယားကတော့လက်ဖက်ရည်၊ကော်ဖီတောင်မသော
က်ဘူး။ဆေးလိပ်လဲမသောက်ဘူး။

သူ့အသက်ဆယ်နှစ်ရောက်တဲ့အထိကျောင်းတက်နိုင်
ဖို့အခွင့်အရေးတစ်ခုတစ်လေမှမရခဲ့ပါဘူး။ဒါကြောင့်သူ့ဘာသ
ာသူပဲစာဖတ်တတ်အောင်သင်ကြားလေ့လာခဲ့ရတယ်။စာသင်
ခန်းထဲမရောက်ခင်မှာဘဲဒစ်ကင်းရဲ့စာအုပ်တွေ၊သက်ကရေရဲ့
စာအုပ်တွေအားလုံးကိုမက်မက်မောမောဖတ်လို့ပြီးသွားပြီ၊ပြီး
တော့အခြားခြားစာအုပ်တွေကအမြောက်အမြား၊ပြီးတော့ဒီပနီ

တွေ၊ပညာစွယ်စုံကျမ်းတွေ..။ကျောင်းတက်ပြီး(၂)နှစ်အကြာမှာတော့သူဟာအထက်တန်းပညာရေးအတွက်အဆင်သင့်ဖြစ်နေပြီလေ။



ကောလိပ်ကိုတက်ရောက်ခွင့်ရတော့သူ့မှာတစ်ပြားမှမရှိဘူး။ပြီးတော့ထောက်ပံ့ရမယ့်မိခင်တစ်ယောက်ကလဲရှိနေသေးတယ်။ဒါကြောင့်နယူးယောက်စီးတီးကောလိပ်နဲ့၊ကိုလံဘီယာတက္ကသိုလ်မှာတက်နေတဲ့ကာလတစ်လျှောက်လုံးကြွေးမတင်အောင်မနည်းရုန်းကန်ခဲ့ရတယ်။ဟာသစာစောင်လေးတွေကိုရောင်းရင်း..။မဂ္ဂဇင်းတွေအတွက်၀တ္ထုတွေရေးရင်းနဲ့ပေါ့။နေ့ဘက်ကိုလံဘီယာတက္ကသိုလ်မှာ(၈)နာရီတိတိတက်ရောက်သင်ကြားတဲ့အပြင်ညတိုင်းညတိုင်းစာလုံးရေပေါင်းရှစ်ထောင်လောက်ရေးခဲ့တယ်။တစ်လဆိုရင်ပုံမှန်ပျမ်းမျှ၀တ္ထုစာအုပ်(

၂)အုပ်စာပေါ့။တကယ်ကိုအလွန့်အလွန်ကြီးကျယ်လှတဲ့လုပ်ဆောင်မှုဆောင်ရွက်အားထုတ်မှုပါပဲ၊လူတစ်သန်းမှာတစ်ယောက်မလုပ်နိုင်တဲ့ကိစ္စပေါ့။

သူကောလိပ်ကျောင်းကထွက်တော့တစ်ပတ်မှာ(၁၄)ဒေါ်ပါင်ဝင်ငွေရှိနေပြီလေ။ယောက်ျားလေးလူပျိုစင်မဂ္ဂဇင်းတွေအတွက်၊တက်ကြွဖွယ်ဝတ္ထုလေးတွေရေးနေပြီ။အသက်(၂၈)နှစ်တောင်မပြည့်သေးတဲ့စာရေးဆရာတစ်ယောက်အတွက်မနည်းလှတဲ့ဝင်ငွေပေါ့။ဒါပေမယ့်အပ်တန်ဆင်ကလဲယားကငွေကြေးအတွက်စာရေးရတာကိုစိတ်မဝင်စားဘူး၊ဆင်းရဲတွင်းနက်မှုတွေပျောက်ပျက်ဖို့၊မတရားမှုတွေကိုသုတ်သင်ဖို့ဆိုတဲ့ဆန္ဒကသူ့ကိုလွှမ်းမိုးတွန်းပို့နေတယ်။

ဒါကြောင့်လဲချူချာလှတဲ့ဇနီးသည်နဲ့ကလေးတစ်ယောက်ကိုထောက်ပံ့ဖို့ရှိနေပေမယ့်၊သူ့ဝင်ငွေတွေကိုသူစွန့်ပယ်ခဲ့တယ်။နယူးဂျာဆီမှာတဲထိုးပြီးစာတွေရေးတော့တာပဲ။ဝါဒဖြန့်ချိမှုဆိုင်ရာဝတ္ထုတွေပေါ့။ကမ္ဘာကြီးကိုပြုပြင်ပြောင်းလဲဖို့ဝတ္ထုတွေပါ။၅၅နှစ်ကြာခဲ့တယ်။ဝတ္ထုစာအုပ်ကြီး၅၅အုပ်ထွက်ရှိခဲ့တယ်။

အဲဒီအတွက်ပေါင်စတာလင်(၂၀၀)ရတယ်လေ။တစ်နည်းအာ းဖြင့်တစ်နှစ်မှာပေါင်စတာလင်(၄၀)တစ်နေ့မှာ(၂)သျှီလင်နဲ့(၆ )ပဲနီလျော့လျော့ပေ့ါ။

သူဟာအမြဲလိုလိုဆင်းရဲငတ်ပြတ်မှုဒဏ်ကိုခံစားခဲ့ရတ ယ်။တစ်နေ့မှာသူ့ဇနီးကဖိမ်ခံပစ္စည်းလေးတစ်ခုလိုချင်တာကိုး. .။ဒါကြောင့်စတိုးဆိုင်ထဲသွားပြီးဝယ်ခဲ့တယ်။ရောင်စုံကွက်ကျ ား နဲ့စားပွဲခင်းလေးတစ်ခုပါ။တန်ဖိုးကလဲတစ်သျှီလင်နဲ့ခြောက် ပဲနီထဲပါ။ဒါပေမယ့်သူကချက်ချင်းပဲအဲဒီစားပွဲခင်းကိုဆိုင်ပြန်ပို့ ခိုင်း၊ငွေပြန်တောင်းခိုင်းတယ်လေ။ဘာကြောင့်ဆိုအဲဒီငွေပမာ ဏကသူတို့တစ်မိသားစုလုံးတစ်နေ့တာစားဖို့သောက်ဖို့အတွ က်ကုန်ကျစရိတ်နဲ့ညီမျှနေတယ်လေ။

သူ့ရဲ့ဆဌမမြောက်ဝတ္ထုက"သဂျန်ဂဲလ်"ဆိုတဲ့ဝတ္ထု..။ လူကြိုက်သိပ်များတယ်၊ပေါင်စတာလင်ခြောက်ထောင်ရတယ် လေ။ဒီငွေကိုသူမသုံးဘူးလိုလေသေးမရှိပြည့်ဝကုံလုံတဲ့လော ကနိဗ္ဗာန်ကိုလိုနီလေးတစ်ခုတည်ဆောက်နိုင်စေဖို့အဲ့ဒီငွေအာ းလုံးကိုငွေပင်ငွေရင်းစိုက်ထုတ်ပေးတယ်။နယူးဂျာစီပြည်နယ်၊

ဟာဒ်ဆန်မြစ်ကမ်းပါးမှာလေ၊သမဝါယမစုပေါင်းဂေဟာပုံစံလေးမျိုးပေါ့။စာရေးဆရာတွေ၊အနုပညာသည်တွေ၊ဂီတပညာရှင်တွေ၊စတဲ့စိတ်သဘောအကြိုက်ဝါသနာတူတဲ့သူတွေအကုန်အကျသက်သက်သာသာနဲ့နေထိုင်ဖို့ပေါ့။နှစ်မြို့ဖွယ်ပတ်ဝန်းကျင်မှာလေ။

ဆင်ကလဲယားလူးဝစ်ကအဲဒီမှာခေတ္တ၊အခိုက်အတန့်နေသွားခဲ့တယ်။သိသာထင်ရှားတာကသူဟာပေါ့ဆတယ်။မီးမရှိသေဘူး၊ဒါကြောင့်တစ်ညမှာအဲဒီအိမ်ကြီးမီးစွဲပြီးပြာပုံဘဝနဲ့မြေခဲ့ရပါတယ်။လောကနိဗ္ဗာန်လေးရဲ့နိဂုံးကမ္ပတ်အဆုံးသတ်ပေါ့။

အပ်ပတန်ဆင်ကလဲယားဟာအင်မတန်စိတ်အားထက်သန်တဲ့ပြုပြင်ရေးသမားတစ်ယောက်ဖြစ်တယ်။အမျိုးသမီးတွေမဲဆန္ဒပေးပိုင်ခွင့်အတွက်စီတန်းလမ်းလျှောက်ဆန္ဒပြပွဲကိုဦးဆောင်ခဲ့တယ်။သူနဲ့အင်နက်မူဟိုလန်တို့ပေါ့။ကလေးမွေးဖွားမှုထိန်းချုပ်ခြင်းလွတ်လပ်ခွင့်အတွက်လဲအမြဲတစေတိုက်ပွဲဝ

င်ခဲ့သူဖြစ်တယ်။ပြီးတော့အမေရိကန်ပြည်ထောင်စုရဲ့ဆိုရှယ်လစ်ခေါင်းဆောင်တစ်ယောက်လဲဖြစ်တယ်လေ။



ဘယ်အရာကိုမဆိုသူလိုချင်လာရင်ကျားကုတ်ကျားခဲ ကြိုးစားတော့တာပါပဲ။ပမာဆိုကြဆို့ရဲ့၊တစ်ခါကတယောထိုးဖို့သူဆုံးဖြတ်ခဲ့တယ်။ဒါကြောင့်တစ်နေ့ကို(၈)နာရီနှုန်းနဲ့နေ့တိုင်းလိုလိုလေ့ကျင့်တော့တာပါပဲ။သုံးနှစ်လောက်ကြာတယ်အိမ်နီးချင်းတွေကညီးတွားအပြစ်တင်တဲ့အခါမှာတော့တယောလေးကိုဆွဲပြီးတောထဲကိုသွားတော့တာပါပဲ။တောထဲရောက်မှငှက်ကလေးတွေရှဉ့်ကလေးတွေကိုဖျော်ဖြေတယ်လေ။

သူဟာ၄ကြိမ်အဖမ်းခံခဲ့ရတယ်။တစ်ကြိမ်က၊ဒီလာဝဲယ ၁း(ယခုနယူးဂျာဆီ)၊ဝီမင်တန်မှာ(၁၈)နာရီကြာအချုပ်ခံခဲ့ရတ ယ်။တနင်္ဂနွေနေ့မှာတင်းနစ်ရိုက်မိတဲ့ပြစ်မှု၊နောက်နယူယော က်မြို့တွန်မ်အကျဉ်းထောင်မှာ(၃)ရက်၊ဂျွန်ဒီရော့ဖဲလားရဲ့ရုံးခ န်းရှေ့မှာဘာစကားမှမပြောဘဲခေါက်တုန့်ခေါက်ပြန်လမ်းလျှေ ၁က်မှု။နောက်ထပ်တစ်ကြိမ်ကဘော်စတွန်ရဲကိုသမ္မာကျမ်းစာ တစ်အုပ်ရောင်းချမှု။နောက်ဆုံးတစ်ကြိမ်ကသူတစ်ပါးပိုင်နက် မြေမှာအမေရိကန်ပြည်ထောင်စုရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖတ်ရန်ကြိုးစားမှုနဲ့တဲ့..။

****

## ဝေါ်ဒစ္စနေ




လွန်ခဲ့တဲ့အနှစ်(၂၀)လောက်တုန်းကတော့..၊"မစ်ကီးမောက်စ်"တို့၊ "ဝက်ကလေးသုံးကောင်"တို့ကိုဖန်တီးခဲ့တဲ့"ဝေါ့ဒစ္စနေ"ဟာ၊လူသိမများသေးတဲ့အညတရတစ်ယောက်ပါ။ဒီနေ့ဒီအခါမှာတော့ကြီးကျယ်မြင့်မြတ်တဲ့ကမ္ဘာကျော်ပုဂ္ဂိုလ်စာရင်းမှာပါနေပြီ။

လွန်ခဲ့တဲ့(၂၀)နှစ်လောက်တုန်းကတော့၊ဝေါ်ဒစ္စနေဟာအခက်အခဲအကျပ်အတည်းတွေနဲ့တွေ့ကြုံခဲ့ရတယ်။စားစရာရဖို့တောင်အနိုင်နိုင်ပေါ့။ဒီနေ့အခါမှာတော့သီရိလင်္ကာနိုင်ငံလက်ဖက်ခြောက်ခင်းတွေကနေ၊ရေခဲတွေဖုံးလွှမ်းနေတဲ့ကမ္ဘာ့မြောက်ဘက်ခြမ်းတံငါရွာလေးတွေအထိ၊သူ့ကိုသိကြတယ်။ချစ်ခင်လေးစားကြတယ်၊အာတိတ်စက်ဝိုင်းနားမှာနေတဲ့အက်စကီးမိုးလူမျိုးတွေတောင်မှသူ့ကိုသိကြတယ်။အလက်စကာပြည်နယ်၊ဂျူနိုမှာတွေ့ခဲ့ကြည့်ခဲ့ရတဲ့၊မစ်ကီးမောက်စ်ရုပ်ရှင်ကားတွေကြောင့်"မစ်ကီးမောက်စ်ကလပ်"ကိုတည်ထောင်တယ်၊(ကလပ်အသင်းဝင်တွေဟာ)ရေခဲအိမ်(အစ်ဂလူး)ထဲမှာတွေ့ဆုံကြတယ်။



လွန်ခဲ့တဲ့(၂၉)နှစ်တုန်းကတော့၊ဝေ့ါဒစ္စနေဟာတစ်ပြားမှမရှိတဲ့ငမွဲ..၊ဒီနေ့ဒီအခါမှာတော့အလွန့်အလွန်ကိုချမ်းသာတဲ့သူဌေး။သူသာဆန္ဒရှိရင်ဖိတ်ဖိတ်တောက်နေတဲ့"ရိုးလ်ရွိုက်စ်"ကားကြီးနဲ့ဇိမ်ခံနိုင်တဲ့သူ။ဒါပေမယ့်သူကသူဝယ်ထားတဲ့တစ်ပါတ်ရစ်ကားအဟောင်းကိုပဲသုံးပါတယ်။သူရတဲ့အမြတ်ငွေအားလုံးကိုထုတ်ပြီးလုပ်ငန်းထဲမှာပဲပြန်ပြီးရင်းနှီးမြုပ်နှံတယ်၊သူကပြောတယ်၊

"ပိုက်ဆံတွေသန်းနဲ့ချီပြီး၊အစုလိုက်အပုံလိုက်ရတာထက်ပိုမိုကောင်းမွန်တဲ့ပန်းချီရုပ်ပုံကားချပ်တွေကိုဖန်တီးနေရတာကသူ့စိတ်ကိုပိုပြီးဆွဲဆောင်တယ်၊စိတ်ဝင်စားမှုရှိစေတယ်"တဲ့။

ဝေါ့ဒစ္စနေ..ဟာ၊ကင်းဆပ်စ်မြို့မှာနေလေ့ရှိပါတယ်၊သူကအနုပညာရှင်၊ပန်းချီဆရာ၊ကာတွန်းဆရာတစ်ယောက်ဖြစ်ချင်စိတ်ဆန္ဒကပြင်းပြတယ်။ဒါကြောင့်တစ်နေ့မှာ"ကင်းဆပ်စ်စီးတီး..ကြယ်တံခွန်"သတင်းစာတိုက်ကိုသွားပြီးအလုပ်လျှောက်တယ်။အယ်ဒီတာကသူ့ပုံတွေကိုစစ်ဆေးကြည့်ရှုပြီးတော့"ဝေါ့ဒစ္စနေမှာ၊ပန်းချီလက်စွမ်းလက်စ၊ပင်ကိုယ်စွမ်းရည်မရှိဘူး"လို့ပြတ်ပြတ်သားသားပြောလွှတ်လိုက်တယ်။သူ့ခမျာစိတ်ဓာတ်တွေကျပြီးကြေကွဲစိတ်ပျက်စွာနဲ့ပေါ့..။



နောက်ဆုံးကျတော့လုပ်ခလစာနည်းနည်းလေးပဲရတဲ့အလုပ်တစ်ခုကိုရတယ်၊ဘုရားရှစ်ခိုးကျောင်းတွေအတွက်ပုံဆွဲရတဲ့အလုပ်ပါ..၊ရုံးခန်းလေးတစ်ခုငှားဖို့တောင်သူမတတ်နိုင်ပါဘူး၊ဒါကြောင့်သူ့အဖေရဲ့ကားဂိုဒေါင်ကိုပဲသူ့ရဲ့အလုပ်ခန်းအဖြစ်အသုံးပြုရပါတယ်။အဲဒီအချိန်တုန်းကတော့အကျပ်အတည်းတွေဟာဆင်းရဲဒုက္ခတွေလို့သူထင်ခဲ့တယ်။

အခုတော့သူသဘောပေါက်ခဲ့ပြီလေ၊အမဲဆီနံ့၊ဓာတ်ဆီနံ့တွေရဲ့အလယ်မှာအလုပ်လုပ်ခဲ့ရလို့ပေါင်(၁)သန်းတန်တဲ့အကြံဉာဏ်ကောင်းတစ်ခုကိုရခဲ့တာဆိုတာ..။



ဖြစ်ပုံက..။တစ်နေ့..ကြွက်တစ်ကောင်ကကားဂိုဒေါင်ကြမ်းပြင်မှာပြေးလွှားဆော့ကစားနေတယ်၊"ဒစ္စနေ"ကအလုပ်လုပ်နေရင်းကရပ်ပြီးကြွက်ကလေးကိုကြည့်လိုက်မိတယ်၊ပြီးတော့အိမ်ထဲကိုဝင်ပြီးပေါင်မုန့်အစအနလေးတွေကိုယူတယ်၊ကြွက်ကလေးကိုကျွေးတယ်။


နေ့တွေရက်တွေကြာလာတော့၊ကြွက်ကလေးကပိုပြီးယဉ်လာတယ်၊ရင်းနှီးလာတယ်၊ဒစ္စနေ..ပုံဆွဲတဲ့ခုံပေါ် ထိတက်လာတယ်။

နောက်ဆုံးကျတော့၊ဒစ္စနေ..ဟာ၊ဟောလီးဝုဒ်..ကိုသွားတယ်၊ကာတွန်းဇာတ်လမ်းတွဲတွေကိုထုတ်လုပ်ဖန်တီးတယ်။"ယုန်ကလေးအော့စ်ဝေါလ်" ဆိုတဲ့ကာတွန်းတွေပါ။ဒါပေမယ့်အဲ့ဒီလုပ်ငန်းကပြုတ်ပြုတ်သားသားကိုအရှုံးပေါ် တယ်။ပိုက်ဆံတစ်ပြားမှမရှိတဲ့အလုပ်လက်မဲ့ဘဝကိုတစ်ခါထပ်ပြီးရောက်ခဲ့ရတယ်။

တစ်နေ့တည်းခိုအိမ်မှာထိုင်ရင်း၊အကြံထုတ်နေတယ်။ရုတ်တရက်ချက်ချင်းပဲ၊အကြံကောင်းတစ်ခုခေါင်းထဲကိုဖျတ်ကနဲ့ဝင်လာတယ်။"ကြွက်ကလေး"..၊ကင်းဆပ်စ်မြို့ကားဂိုဒေါင်မှာသူ့ရဲ့ပုံဆွဲတဲ့ခုံပေါ် ထိတက်လာတဲ့၊ကြွက်ကလေး..။



ရုတ်ချည်းဆိုသလိုပဲ"ကြွက်"တစ်ကောင်ရဲ့ပုံကိုအကြမ်းဆွဲချလိုက်တယ်။အဲဒါဟာဖြင့်"မစ်ကီးမောက်စ်"ဘယ်ပုံဘယ်နည်းစတင်မွေးဖွားလာတယ်ဆိုတဲ့အကြောင်းပါပဲ။



ကင်းဆပ်စ်မြို့ကကြွက်ကလေး"မစ်ကီးမောက်စ်"ဟာရုပ်ရှင်ဇာတ်ကောင်အားလုံးအနက်ကမ္ဘာသိကျော်ကြားတဲ့ဇာတ်ကောင်တစ်ကောင်ဖြစ်ပါတယ်။ရုပ်ရှင်သရုပ်ဆောင်ဘယ်သူမဆိုထက်"မစ်ကီးမောက်စ်"ကချီးကျူးအားပေးစာတွေပိုမိုရရှိခဲ့တယ်။ကွဲပြားခြားနားတဲ့တိုင်းပြည်အသီးသီးရဲ့ရုပ်ရှင်အသီးသီးရဲ့ရုပ်ရှင်ပိတ်ကားတွေပေါ်မှာပျော်ရွှင်စရာဆော့ကစားရင်းဖြေဖျော်တင်ဆက်နိုင်ခဲ့တယ်။ဘယ်သရုပ်ဆောင်မင်းသား၊မင်းသမီးထက်မဆိုသူရဲ့ဖျော်ဖြေမှု၊သရုပ်ဆောင်မှုကပိုတယ်။

****

## *ဒုက္ခစုံ နှံ့တွင်းမှ တေးဂီတပါရမီရှင်များ*

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ရုရှားတယောဆရာကြီးလီယိုပိုဟာဂီတပညာပါရမီရှင်တွေကိုတွေ့ရှိခဲ့သူ၊လေ့ကျင့်ပေးခဲ့သူတစ်ယောက်ပါ။ဘယ်ဂီတပညာဆရာတွေထက်မဆိုသူကပိုပြီးလေ့ကျင့်သင်ကြားပေးနိုင်ခဲ့..သူပါ။တစ်ခါကသူပြောဖူးတယ်။

"ကြီးကျယ်မြင့်မြတ်တဲ့ဂီတပညာရှင်ကြီးတစ်ဦးဖြစ်ချင်ရင်၊မွေးကတည်းကဆင်းရဲမွဲတေသူဖြစ်ရမယ်၊မွေးရာပါငမွဲဖြစ်ရမယ်၊အဲ့ဒါကတစ်ခုခုတော့တစ်ခုခုပဲ၊ဘာတစ်ခုလဲဆိုတာတော့၊ကျွန်တော်လဲ၊သေသေချာချာတိတိကျကျမသိဘူး"တဲ့။

"ဆင်းရဲမွဲတေမှုဆိုတဲ့အရာကအသက်ဝိညာဉ်ထဲမှာတစ်ခုခုကိုတော့ ြမှုပ်နှံပေးလိုက်တယ်ဗျ။လျှို့ဝှက်နက်နဲမှုတွေ၊အလှတရားတွေ၊ခံစားမှုနဲ့ခွန်အားကိုရင့်သန်စေတဲ့အရာတွေ၊ကိုယ်ချင်းစာနာမှုအကြင်နာတရားတွေ၊နူးညံ့သိမ်မွေ့မှုတွေ.."

"မိုးဇက်"ဟာသိပ်ကိုဆင်းရဲပါတယ်။သူနေတဲ့အခန်းလေးထဲမှာအနွေးဓါတ်ရဖို့ထင်းတောင်မဝယ်နိုင်ရှာပါဘူး။သူ့ရဲ့နာမည်ဂုဏ်သတင်း၊ဘယ်တော့

မှမသေနိုင်မတိမ်ကောနိုင်လောက်အောင်ကောင်းမြတ်လှတဲ့၊တေးဂီတတွေေ ရးစပ်သီကုံးနေတဲ့အချိန်တုန်းကပေါ့..။အေးစက်နေတဲ့သူ့လက်တွေနွေးထွေး သွားအောင်ခြေအိတ်တွေနဲ့စွပ်ထားရရှာတယ်။

သူ့အသက်(၃၅)နှစ်မှာအဆုတ်ရောဂါနဲ့ကွယ်လွန်ရှာပါတယ်။အမြဲမပြ ပတ်ခံစားခဲ့ရတဲ့အအေးဒဏ်..၊စားရမဲ့သောက်ရမဲ့ငတ်မွတ်မှုဒဏ်..၊အာဟာရ ချို့တဲ့မှုဒဏ်..၊စတာတွေကြောင့်သေဆုံးခဲ့ရတာပါ။

သူ့ရဲ့ကြေကွဲဖို့ကောင်းတဲ့၊ဈာပနအခမ်းအနားမှာကုန်ကျစရိတ်(၁)ေ ပါင်တောင်မရှိပါဘူး။ဈေးပေါပေါထင်းရှူးခေါင်းရဲ့နောက်ကလိုက်ပို့သူကလ ည်း(၆)ယောက်တည်းပါ၊အဲဒီလူ(၆)ယောက်ကလည်းမိုးတွေရွာလာတာနဲ့လှ ည့်ပြန်သွားကြပါတယ်။

"ဘာရိုးစတင်ဖို့"ဟာ၊ဗစ်တာဟားဗတ်ရဲ့အရင်းနီးဆုံးမိတ်ဆွေပါ။သူ ကပြောဖူးတယ်။ဗစ်တာဟားဗတ်အမေရိကန်ကိုရောက်လာတော့အတော့်ကို ဆင်းရဲတာ..၊သူ့ရဲ့ရှပ်အင်္ကျီကိုလျှော်ဖွပ်ပြီးမီးပူတိုက်နေတုန်းမှာ၊သူကအိပ်ရာ ထဲမှာစောင်ခြုံနေရတယ်။

ပထမကမ္ဘာစစ်ရှေ့ဦးပိုင်းကာလတွေမှာအားလုံးသိဆိုလေ့ရှိကြတဲ့" တစ်ပါရေရီသို့ခရီးရှည်"ဆိုတဲ့သီချင်းကိုမှတ်မိကြမှာပါ။အဲဒီသီချင်းဟာထွက်ေ ပါ်ခဲ့ဖူးသမျှစစ်သီချင်းတွေထဲမှာအကျော်ကြားဆုံးပါ။အဲဒီသီချင်းကိုရေးသား ခဲ့တဲ့သီချင်းရေးဆရာက"ဂျက်ဂျပ်"ဖြစ်ပါတယ်။သူဟာထမင်းနပ်မှန်အောင်စာ းဖို့နေ့ဘက်မှာငါးရောင်းပြီးညဘက်မှာသရုပ်ဆောင်သူအဖြစ်နဲ့ရုန်းကန်ခဲ့ရတ ယ်။

အကျော်ကြားတကာ့အကျော်ကြားဆုံးဆိုတဲ့သီချင်းတွေထဲကတစ်ပုဒ်က"ရွှေသိင်္ဂီကြားမှ၊ငွေဇာခြည်တန်းများ"ဖြစ်ပါတယ်။သီကုံးသူက၊ဟာတ်-ပီ-ဒင့်၊ဖြစ်ပါတယ်။သူ့ရဲ့ဇနီးသည်ကိုချစ်လွန်းလို့ရေးဖွဲ့တဲ့ချစ်မေတ္တာသင်္ကေတမော်ကွန်းစာပါ။ထုတ်ဝေသူကိုသူရောင်းတော့(၃)ပေါင်ပဲရပါတယ်။

နောက်ပိုင်းသူနဲ့သူ့ဇနီးပဋိပက္ခဖြစ်ပြီး၊ကွဲကွာသွားကြတယ်လေ။အဲဒီနောက်နှစ်ပေါင်း(၃ဂ)လောက်ကြာတော့သူကွယ်လွန်ရှာပါတယ်။သူငှားနေရတဲ့စုတ်ချာလှတဲ့အခန်းလေးထဲမှာပေ့ါဆင်းဆင်းရဲရဲအထီးကျန်ဘဝနဲ့လေ။သူသေဆုံးနေတဲ့အိပ်ရာဘေးကစားပွဲပေါ်မှာတော့။"အထီးကျန်ဇရာပိုင်းအဖြစ်နဲ့ဘဝကိုရုန်းကန်ရတာပင်ပန်းခက်ခဲလှပါလား"ဆိုတဲ့မှတ်ချက်စာတမ်းလေးတစ်စောင်။

ကမ္ဘာပေါ်မှာအကျော်ကြာဆုံးဂီတလက်ရွေးစင်တွေထဲကတစ်ခုကိုရေးသားခဲ့သူကသားသတ်သမားအသားသည်တစ်ယောက်ရဲ့"သား"တစ်ယောက်ပါ။ထူးဆန်းတာကအဲဒီကမ္ဘာကျော်တေးဂီတကိုစီကုံးတော့အိုင်အိုဝါပြည်နယ်က၊ကြက်တွေ၊ဝက်တွေထားတဲ့၊ခြံထဲကတဲပုတ်ကလေးထဲမှာပါ။အဲဒီတေးရဲ့အမည်လေးကတော့"ရွှင်မြူးသာယာ၊တေးသံသာ"တဲ့။

အဲဒီ"ရွှင်မြူးသာယာ၊တေးသံသာ"ကို၊ကမ္ဘာတစ်ဝန်းလုံးမှာနေ့နေ့ညညနာရီမပြတ်သီဆိုတီးမှုတ်နေကြပါတယ်။မသီဆိုမတီးမှုတ်တဲ့အချိန်ရယ်လို့မရှိသလောက်ပါ။

ဒီတေးကိုရေးဖွဲ့သူကတော့ဘိုဟေးမီးယား(ချက်ကိုစလိုဗားကီးယား)ဇာတိသား၊အင်တန်ဒဗိုရက်ဖြစ်ပါတယ်။သူ(၁၅)နှစ်သားအရွယ်မှာ၊အမေရိ

ကန်ကိုရောက်လာတယ်။ဒါပေမယ့်နယူးယောက်မြို့ကြီးရဲ့သောသောညံနေတဲ့အသံဗလံတွေရဲ့ဒဏ်ကိုမခံနိုင်ဘူး။ဒါကြောင့်အိုင်အိုဝါးပြည်နယ်ကစပီးဗီလီဆိုတဲ့ရွာလေးတစ်ရွာမှာသွားပြီးအခိုက်အတန့်အတော်ကြာနေတယ်လေ။အဲဒီရွာကဒီနေ့ထိရထားလမ်းမပေါက်၊လမ်းဘေးပလက်ဖောင်းမရှိတဲ့ရွာကလေးပါ။

ဒါပေမယ့်အဲဒီစပီးဗီလီရွာကလေးမှာနေနေတုန်း ၊ဒဗိုရက်ဟာ "ကမ္ဘာသစ်တေးသံသာ"ဆိုတဲ့တေးသွားကြီးရဲ့တစ်စိတ်တစ်ပိုင်းကိုရေးသားခဲ့တာပါ။ကမ္ဘာ့အထူးကဲ၊အကောင်းမွန်ဆုံး၊အသာယာဆုံးတေးသွားကြီးတစ်ခုပါ။လူသားတွေစပ်ဆိုသီကုံးခဲ့ဖူးသမျှထဲမှာအကောင်းဆုံးပါ။

အိုင်အိုဝါးပြည်နယ်ပြောင်းခင်းပြောင်းခြံတွေထဲမှာရေးခဲ့တဲ့တေးသွားမို့"စပီးဗီလီတေးသံသာ"လို့တောင်အမည်ပေးဖို့၊ဒဗိုရက်ကစဉ်းစားကြံဆခဲ့သေးတယ်။

ဒဗိုရက်ကိုလွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာတစ်ဆယ့်လေးနှစ်လောက်ကမွေးဖွားခဲ့တာပေ့ါ၊ဘိုဟီးမီးယားမြို့တော်နဲ့ဝေးကွာလှတဲ့ရွာငယ်လေးတစ်ရွာမှာပါ။သူကပညာမတတ်သလောက်ပါပဲ။သူ့အဖေရဲ့အသားရောင်းတဲ့ဆိုင်မှာပဲအချိန်အကြာကြီးအလုပ်လုပ်ခဲ့ရပါတယ်။

ဝက်အူချောင်းတွေအဆာသွတ်နေရင်းနဲ့ပဲသာယာလှတဲ့တေးသွားတွေဂီတသံစဉ်တွေကသူ့ရင်ထဲမှာလှုပ်ရှားပြေးလွှားနေကြတယ်။အသားတစ်တွေကိုခုတ်ထစ်နေရင်းနဲ့ပဲတေးသွားတွေတေးသီချင်းတွေဟာသူ့ရဲ့နှလုံးသည်းပွတ်ထဲကယိုစီးကျလာကြတယ်လေ။ဒါကြောင့်အသားရောင်းတဲ့ဆိုင်ကိုစွန့်ခွ

၇ပြီးပရက်မြို့နေပြည်တော်ကိုထွက်ခွာလာခဲ့တယ်။ဂီတပညာကိုလေ့လာမယ်ဆိုတဲ့စိတ်နဲ့ပေါ့။"ပိုက်ဆံငွေကြေးကကော?"။တစ်ပြားမှမရှိပါဘူး။

တစ်ခါတစ်ရံလမ်းပေါ်မှာတယောထိုးနေတုန်းစွန့်ကြဲသွားလို့ရတဲ့ပဲနိအနည်းငယ်ကလွဲရင်ပေါ့။သူ့ခမြာဆင်းရဲကျပ်တည်းလွန်းလို့အမိုးနဲ့ကပ်ရပ်ကထပ်ခိုးလေးမှာနေရရှာတယ်။အဲဒီမြို့ကအဆင်းရဲဆုံးရပ်ကွက်လေးတစ်ခုမှာပေါ့။ဒီလောက်စျေးပေါတဲ့ထပ်ခိုးအခန်းခကိုတောင်တစ်ယောက်ထဲပေးဖို့မတတ်နိုင်ရှာပါဘူး။အခြားကျောင်းသားငါးယောက်နဲ့စုပေါင်းမျှဝေပြီးပေးကြရတယ်။

ဆောင်းတွင်းရောက်လာပြီဆိုရင်ခိုက်ခိုက်တုန်တော့တာပဲ။တစ်ခါတစ်ရံသူ့ရဲ့ခန္ဓာကိုယ်ကလဲဆာလောင်မှုကြောင့်အားပြတ်နေတတ်တယ်။ဘာကြောင့်ဆိုစန္ဒယားအဟောင်းအပျက်ကြီးတစ်လုံးငှားနိုင်ဖို့အတွက်သူအငတ်ခံရတယ်လေ။အဲဒီစန္ဒယားကြီးကလည်းတီးခတ်ပါများလွန်းလို့အချို့ခလုတ်တွေဆိုရင်နှိပ်လို့တောင်မရတော့ပါဘူး။

အေးစက်နေတဲ့ထပ်ခိုးပေါ်မှာအဲဒီစန္ဒယားအစုတ်ကြီးကိုတီးရင်းနဲ့အလွန်တရာသာယာလှတဲ့တေးသွားတေးသံတွေကိုစပ်ဆိုခဲ့ပါတယ်။အဲဒီတေးသွားတေးသံတွေကိုစာရွက်နဲ့ချပြီးတောင်မရေးနိုင်ခဲ့ပါဘူး။ဘာကြောင့်လဲဆိုတော့ချရေးဖို့စာရွက်ကလေးနဲ့နဲ့ဝယ်စရာတောင်ပိုက်ဆံမရှိလို့လေ။တစ်ခါတလေမှာတော့လမ်းပေါ်မှာလွှင့်ပစ်ထားတဲ့စက္ကူစုတ်တွေကိုကောက်ပြီးသူ့ရဲ့"တေး"သံတွေကိုရေးမှတ်ရပါတယ်။

ဒါပေမယ့်ဒဗိုရက်အတွက်ကျွန်တော်တို့တစ်တွေဒီလောက်ကြီးစိတ်မကောင်းမဖြစ်ကြပါစို့နဲ့လား။ဘာကြောင့်ဆိုတော့သူ့ရဲ့အဲဒီလိုဆင်းရဲတွင်းနက်မှုကသူ့ရဲ့ပါရမီအရည်အချင်းတွေကိုထွက်ပေါ်လာအောင်ဖန်တီးကူညီခဲ့တယ်ဆိုတာထင်ရှားနေပါတယ်။

နောက်တစ်ကြိမ်များဒဗိုရက်ရဲ့"ရှင်မြူးသာယာတေးသံသာ"ကိုနားထောင်မယ်ဆိုရင်လေအဲဒီတေးသံထဲမှာနက်နဲတဲ့အလှတရားတွေနူးညံ့သိမ်မွေ့မှုခံစားမှုရသတွေတွေ့မတွေ့၊သင်ရှာဖွေခံစားကြည့်ပါ။

ဒုက္ခတွေဝေနေတဲ့ဆာလောင်မွတ်သိပ်မှုနဲ့အအေးဒဏ်ကြားမှာရုန်းကန်ကြိုးစားခဲ့ရတဲ့မျှော်လင့်ချက်မရှိ၊အရှုံးတရားနဲ့ဆင်းရဲမှုတွေနှံ့နှစ်နေတဲ့ဒုက္ခခံလူသားတစ်ယောက်ကအဲဒီပျော်စရာ၊သုခတေးခံစားမှုတွေကိုပေးခဲ့တာပါ။

****

## *မလွတ်မလပ်ဘဝအခြေမှ*
## *အထွတ်အမြတ်ဂန္ထဝင်စာပေများ*

ဝတ္ထုတိုရေးတဲ့စာရေးဆရာတွေထဲမှာဘယ်သူဟာဖြင့်အကျော်ကြားဆုံးပုဂ္ဂိုလ်လို့သင်ထင်မြင်ယူဆပါသလဲ။သူ့ရဲ့ဝတ္ထုတိုတွေကိုသင်ဖတ်ခဲ့ဖူးပါတယ်။သူ့ရဲ့စာအုပ်တွေကိုရောင်းချပြီးခဲ့တာလဲစောင်ရေခြောက်သန်းကျော်ပါပြီ။အဲဒီစာအုပ်တွေကိုကမ္ဘာ့ဘာသာရပ်တိုင်းလိုလိုနဲ့လည်းဘာသာပြန်ဆိုခဲ့ပြီဖြစ်ပါတယ်။ဂျပန်အက်စပါရန်တို(ဥရောပအခြေခံဘုံဘာသာ)၊ချက်ကိုစလိုဗက်၊ဒိန်းမက်၊နော်ဝေ၊ပြင်သစ်၊ဂျာမန်၊ဆွီဒင်၊ရုရှားဘာသာစကားတွေအပါအဝင်ပါ။သူ့ရဲ့ကလောင်အမည်က"အို..ဟင်နရီ"၊လွန်ခဲ့တဲ့နှစ်ပေါင်း(၇၀)လောက်ကမွေးဖွားခဲ့တဲ့ပုဂ္ဂိုလ်ကြီးပေါ့။

သူတစ်ပါးနဲ့စာရင်အခွင့်မသာအခြေမလှတဲ့ဘဝ..။ဒါပေမယ့်ပြင်းထန်လှတဲ့ကြောက်မက်ဖွယ်ဒုက္ခတွေ၊ကိုရှန်းကန်တိုက်ခိုက်ပြီးမှအောင်မြင်မှုရခဲ့တဲ့ဘဝ..။သူ့ဘဝခရီးလမ်းဟာထူးခြားမှတ်သားလောက်တဲ့သာဓကေပုံဆောင်ချက်တစ်ခု..။

ပထမဦးအခြေမလှတဲ့အချက်ကအတန်းပညာမတတ်တာ၊အထက်တန်းကျောင်းကိုတောင်မတက်ဖူးဘူး။ကောလိပ်ကျောင်းကိုရောက်တောင်မရောက်ဖူးဘူး။ဒါပေမယ့်ဒီနေ့ဒီအခါမှာတော့သူ့ရဲ့ဝတ္ထုတိုတွေကိုတိုင်းပြည်ရဲ့တက္ကသိုလ်ကျောင်းတော်တစ်ဝက်ကျော်ကျော်မှာလေ့လာသင်ကြားနေကြပြီလေ။အရေးအသားကောင်းလှတဲ့စံပြနမူနာတွေအဖြစ်နဲ့ပါ။

ဒုတိယအခြေမလှတဲ့အချက်ကရောဂါရဲ့ဖိစီးမှု..။အဆုတ်ရောဂါကြောင့်သေတော့မှာ..လို့ဆရာဝန်တွေကစိုးရိမ်ကြောင့်ကျကြတယ်။ဒါကြောင့်လဲသူနေတဲ့မြောက်ကာရိုလိုင်းနားကနေတက်ဆပ်စ်ပြည်နယ်ကိုပို့ပေးကြတယ်။အဲဒီမှာသူအလုပ်တစ်ခုရတယ်။မွေးမြူရေးခြံတစ်ခုမှာသိုးတွေကျောင်းရတဲ့အလုပ်ပါ။

ဒီခေတ်ဒီအခါမှာတော့မိုင်ပေါင်းရာနဲ့ချီပြီးဝေးတဲ့နေရာမှာနေတဲ့နယ်လှည့်ခရီးသည်တိုးရစ်တွေဟာ(အို..ဟင်နရီအလုပ်လုပ်ခဲ့တဲ့)ဒီခြံကလေးကိုလာရောက်ကြည့်ရှုကြတယ်။(ခြံထဲရောက်တဲ့အထိကားကိုမောင်းပြီးမဝင်ကြဘူး)။ခြံအနားကိုချဉ်းကပ်ရောက်ရှိလာကြပြီဆိုတာနဲ့ကားတွေကိုရပ်တန့်လိုက်ကြတယ်။သိုးတွေကို၊အို..ဟင်နရီ၊ထိန်းကျောင်းခဲ့တဲ့နေရာကိုခြေလျင်လျှေ

ာက်ကြည့်ကြတယ်။ကြည်ကြည်ညိုညိုလေးလေးစားစားနဲ့ကိုလျှောက်လှမ်းပြီ
းကြည့်ကြတာ..။

တတိယအခြေမလှတဲ့အချက်ကအကုသိုလ်ကြမ္မာဆိုးတွေဝင်ပြီးေ
ထာင်ကျသွားတာပါ။ဖြစ်ပုံက..

သူနေထိုင်ကောင်းကျန်းမာလာပြီးတဲ့နောက်သူအလုပ်တစ်ခုရပြန်တ
ယ်။တက်ဆပ်စ်ပြည်နယ်၊အော်စတင်မြို့တော်မှာ။ဘဏ်တိုက်တစ်ခုမှာငွေကို
င်စာရေးအဖြစ်နဲ့..

အဲဒီအရပ်ဒေသကကောင်းဘွိုင်တွေ၊သိုးကျောင်းသားတွေမှာအကျ
င့်တစ်ခုရှိတယ်။ဘဏ်စာရေးတွေအလုပ်ရှုပ်နေကြပြီဆိုရင်သူတို့ရောက်လာ
ကြပြီသူတို့လိုချင်တဲ့ငွေပမာဏကိုသူတို့ဘာသာသူတို့ထုတ်ယူကြတယ်။အဲ့ဒီ
ငွေကိုလက်ခံရရှိကြောင်းပြေစာမှာလက်မှတ်ထိုးပြီးသူတို့အလုပ်လုပ်ဖို့ထွက်ခွ
ာသွားတတ်ကြတယ်။

တစ်နေ့ပြည်နယ်ဘဏ်စစ်ဆေးရေးမှူးကရုတ်တရက်ရောက်လာတ
ယ်။ဘဏ်ငွေစာရင်းတွေကိုစစ်တယ်။ငွေကွာနေတာကိုတွေ့တယ်။ငွေကိုင်စာ
ရေးဖြစ်တဲ့၊အိုု..ဟင်နရီ၊အဖမ်းခံရတယ်။ရုံးတင်တရားစွဲခံရတယ်။မရိုးဖြောင့်
တဲ့သဘောနဲ့သူ့ကိုယ်ကျိုးအတွက်တစ်ဒေါ် လာတောင်မယူမသုံးခဲ့ပေမယ့်သူ့
ကိုထောင်ငါးနှစ်ချလိုက်တယ်။

စီရင်ချက်ချခံရတဲ့အချိန်ဟာဘေးဒုက္ခရောက်တဲ့အခါသာမယပေါ့။ဒါပေမယ့်တစ်နည်းအားဖြင့်တော့ကံအကောင်းဆုံးအချိန်အခါဖြစ်တယ်လို့လဲဆိုရမယ်။အို..ဟင်နရီကထူးကဲပြောင်မြောက်လှတဲ့အဲဒီဝတ္ထုတွေပေါ့။

မကြာသေးခင်ကဆင်းဆင်းထောင်မှူးလောဝီစ်နဲ့စကားပြောဖြစ်ကြတယ်။သူကပြောပြတယ်။ထောင်ကျလာတဲ့လူတိုင်းလိုလိုကိုယ့်ဘဝဇာတ်ကြောင်းလေးကိုရေးချင်ကြတယ်။တကယ်တမ်းမှာတော့အနည်းအကျဉ်းလေးက်ပဲအောင်မြင်ကြပါတယ်။ဒါပေမယ့်ကျော်ကြားထင်ရှားတဲ့ပုဂ္ဂိုလ်တော်တော်များများဟာထောင်ထဲမှာပဲရေးသားကြတာပါ။

ဥပမာ..''ဆာဝေါလ်တာရလေး''၊အလှအပနဲ့အဝတ်အစားအဆင်တန်ဆာအကောင်းကြိုက်တဲ့နေရာမှာကျော်ကြားလှတဲ့သူ..။ဖိနပ်မှာစိန်စီပြီးနားမှာပုလဲဆင်တဲ့သူ၊အားနွဲ့သူမိန်းမသားတွေကိုဦးစားပေးတတ်တဲ့သူ၊ဝိတိုရိယဘုရင်မကြီးကြွလှမ်းလာလို့ရွံ့အိုင်ရေအိုင်လေးများတွေ့ပြီဆိုရင်သူ့ရဲ့ဝတ်ရုံကိုဖြန့်ခင်းပေးတဲ့သူ။သူတောင်မှထောင်ထဲမှာစာတွေရေးခဲ့တယ်လေ။နိုင်ငံရေးရာမနာလိုမှုအာဃာတတွေကြောင့်ထောင်ဆယ့်လေးနှစ်ကျခံခဲ့ရတယ်လေ။

သူ့ကိုထားတဲ့ထောင်ခန်းလေးကကျဉ်းမြောင်းပြီးစိုထိုင်းနေတယ်။နံရံကနေပြီးရွှံ့ရေတွေတစိမ့်စိမ့်ယိုစီးပြီးထွက်နေတဲ့အခန်း၊အေးတဲ့ဒဏ်ကိုမခံမရပ်နိုင်လောက်အောင်ခံစားခဲ့ရပါတယ်။သူ့ရဲ့ဘယ်ဘက်လက်ကတောင့်တင်းပြီးအဆစ်အမြစ်တွေရောင်ရမ်းကိုက်ခဲနေတယ်။သူ့လက်ကကွေးလိမ်ပြီးနာကျင်ကိုက်ခဲနေတယ်။ဒါပေမယ့်နှလုံးကွဲမတတ်ပူပန်ဆင်းရဲလှတဲ့ဒုက္ခတွေကြား‌ကသူဟာ''ကမ္ဘာ့သမိုင်း''တစ်စောင်ကိုပြုစုရေးသားခဲ့တယ်။ဒီနေ့ဒီခေတ်ထိ

ကျောင်းတွေကောလိပ်တွေမှာသင်နေတဲ့သမိုင်းစာအုပ်ကြီးပေါ့။ရေးပြီးလို့နှစ်ပေါင်းသုံးရာလောက်ကြာတော့မှာလေ..။

"ဂျွန်ဘန်ယန်"ဟာလဲထောင်(၁၂)နှစ်ကျခဲ့ဖူးတယ်လေ။သူ့ရဲ့ဘာသာရေးရာသွန်သင်ပို့ချမှုတွေကြောင့်ပေါ့။ထောင်ကျနေတုန်းမှာသူ့ဇနီးနဲ့ကလေး(၄)ယောက်ရဲ့စားသောက်နေထိုင်ရေးအတွက်ဇာထိုးပန်းထိုးလုပ်ခဲ့ရတယ်။သူ့ရဲ့လက်ကလေးတွေကိုဇာပန်းထိုးရင်းအလုပ်ရှုပ်နေချိန်မှာသူ့ရဲ့စိတ်အစဉ်ကကြီးကျယ်မြင့်မြတ်တဲ့အတွေးအခေါ်တွေနဲ့ကွန့်မြူလှုပ်ရှားနေတယ်။

အဲဒီနေရာ..။အေးစက်မှောင်မည်းစိုထိုင်းနေတဲ့အကျဉ်းစခန်း၊အချုပ်ခန်းထဲမှာပါ။သူစာအုပ်တစ်အုပ်ရေးခဲ့တယ်။အမေရိကန်မှာရှိတဲ့ကျောင်းသားတိုင်းလိုလိုဖတ်ခဲ့ဖူးတဲ့စာအုပ်ပေါ့။"ပေလ်ဂရင်း၊ပရိုပရက်စ်"ဆိုတဲ့စာအုပ်လေ။ဒီစာအုပ်ကိုဘာသာစကားအမျိုးမျိုးနဲ့ဘာသာပြန်ပြီးပါပြီ။အခြားဘာသာပြန်ဆိုခြင်းခံရတဲ့ဘယ်စာအုပ်မဆိုထက်ဒီစာအုပ်ကပိုပါတယ်။သမ္မာကျမ်းစာကတော့ချွင်းချက်ပေါ့လေ။

"ဒွန်ကွိဇုတ်"ဆိုတဲ့စာအုပ်ဟာအလွန့်အလွန်ကြီးကျယ်ကျော်ကြားကောင်းမြတ်လှတဲ့စာအုပ်တွေထဲကတစ်အုပ်ပါ။"ဆာဗင်တီး"ကဒီစာအုပ်ကိုထောင်ထဲမှာရေးခဲ့တာပါ။"ဖော်တိုင်းယား"လဲထောင်ထဲမှာစာရေးခဲ့တယ်။"အော်စကာဝိုင်း"လဲထောင်ထဲမှာစာရေးခဲ့တယ်။"အဒေါ်ဖ်ဟစ်တလာ"ရဲ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဟာစောင်ရေတစ်သန်းကျော်ရောင်းချခဲ့ရတယ်။အဲဒီစာအုပ်ရဲ့အချို့အစိတ်အပိုင်းတွေကိုဟစ်တလာကထောင်ထဲမှာရေးခဲ့တာပါ
။

သင်စာအုပ်တစ်အုပ်လောက်များရေးချင်ရင်အကြံကောင်းတစ်ခုပေးမယ်။ပြတင်းပေါက်တစ်ခုခုကိုရိုက်ခွဲလိုက်ပါ။အချုပ်နှောင်ခံထောင်ကျခံလိုက်ပါ။

****



# LITTLE-KNOWN FACTS ABOUT WELL-KNOWN PEOPLE

by

## Dale Carnegie